www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်များ၏ပဲ့တင်သံ

သို့

တစ်နေ့ သူငယ်ချင်းတစ်ယောက်က စာအုပ်လေးအုပ်ငါးအုပ်လောက် ဝယ်လာစဉ် အမှတ်မထင် စာအုပ်တစ်အုပ်ဟာ ကလောင်ခပ်ဆန်းဆန်းလေးနဲ့ တွေ့လိုက်ရတော့ စိတ်ဝင်စားစွာနဲ့ ပြီးဆုံးအောင်ဖတ်လိုက်မိပါတယ်။ ကလောင်နာမည်က "ပဥ္စမံဒီရိုင်း"တဲ့ စာအုပ်ပြီးဆုံးလို့ နောက်ပိုင်းအဖုံး စာမျက်နှာမှာ ပရိသတ်ရဲ့ ပဲ့တင်သံ(၁၀)အုပ်မြောက် အထူးထုတ် "ချောင်းသမျှကမောက်ကမ" စာအုပ်ထွက်မှာဆိုတော့ စာဖတ်ပရိသတ်ရဲ့ ပဲ့တင်သံလေးကို ကျွန်တော် ဆောင်းနှင်းခိုက်က ရင်ဖွင့်လိုက်ပါရစေ။

"ပဥ္စမံဒီရိုင်း"ရယ်လို့ စာပေလောကမှာ (၁၀)အုပ်မြောက်တောင်ရှိသွားပြီဆိုတော့ စာဖတ်ပရိသတ်က "ပဥ္စမံဒီရိုင်း"ကို အမြဲထာဝရအားပေးနေတယ်ဆိုတာ စာအုပ်အငှားဆိုင်ရောက်တိုင်း "ပဥ္စမံဒီရိုင်း"ရဲ့ ပရိသတ်က မနည်းပါလားဆိုတာ ပို၍သိလိုက်မိပါတယ်။ "ပဥ္စမံဒီရိုင်း"စာအုပ်ဟာ ဇာတ်လမ်းဇာတ်ကွက် ဇာတ်အိမ်တည်ဆောက်မှုတွေဟာ စာဖတ်ပရိသတ်ရင်ထဲကို စွဲငြိသွားအောင် ရေးသားနိုင်ခြင်းဟာ "ပဥ္စမံဒီရိုင်း"ရဲ့ "တောက်မွဲမီးခဲတရဲရဲ"ဆိုတာမျိုးလို့ ပြောရပါလိမ့်မယ်။ ဒါဟာ "ပဥ္စမံဒီရိုင်း"၏ ကြိုးစားမှုနှင့် အားထုတ်မှုတွေဖြစ်မယ်ဆိုတာ အကြွင်းမဲ့ယုံကြည်မိပါတယ်။

ဒီနေ့စာပေရေစီးကြောင်းမှာ "ပဥ္စမံဒီရိုင်း"ဟာ သူ့ပရိသတ်နှင့်သူ အခိုင်အမာရရှိနေပြီဆိုတာ ငြင်းဖွယ်ရာမရှိလောက်ပါဘူး။ ဒါကြောင့် (၁၀)အုပ်မြောက်အထူးထုတ်မှာ ပရိသတ်ရဲ့ ပဲ့တင်သံအဖြစ်နဲ့ ကျွန်တော် ဆောင်းနှင်းခိုက်က ရေးလိုက်ရခြင်းဖြစ်ပါတယ်။ "ပဥ္စမံဒီရိုင်း"စာအုပ်ကို ဒီနေ့အချိန်ထိ အားပေးဖတ်ရှုနေလျက်ပါ။ အခုလို ပရိသတ်ရဲ့ ပဲ့တင်သံလေးကို ဖွင့်ဆိုတ်

www.burmeseclassic.com

တော့ "ပဥ္စမံဒီရိုင်း"နှင့် စာဖတ်ပရိသတ် ပို၍ရင်းနှီးမှုရှိသွားပြီး ပရိသတ်ရဲ့ ရင်ထဲမှာ "ပဥ္စမံဒီရိုင်း"ဆိုတဲ့ ကလောင်တစ်ချောင်း စွဲမြဲစွာရပ်တည်၍ ရှိသွားပြီလေ။

ဒါကြောင့် နောင်ကိုလည်း အဲဒီလိုရင်ဖွင့်သံတွေနဲ့အတူ ဆက်လက်ပြီး စာပေလောကမှာ အောင်မြင်နိုင်ပါစေဆိုတာ ကျွန်တော်ဆောင်းနှင်းခိုက်က တောင်းဆုခြွေသပေးလျက်ပါ "ပဥ္စမံဒီရိုင်း"၏စာအုပ်တွေကို အမြဲအားပေးဖတ်ရှုနေတဲ့ ကျွန်တော်ဆောင်းနှင်းခိုက်။

ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ ...

ဆောင်းနှင်းခိုက် (ရွှေပင်လယ်စတိုး)
လမ်း(၃၀၊ ၈၉×၉၀)ကြား
ဥယျာဉ်တန်းရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

"စာရေးဆရာ ပဉ္စမံဒီရိုင်း"

ဆရာ့ကလောင်နာမည်က အဆန်းပဲ၊ ခေါ်ရတာ ထောက်တယ်။ ဘာပဲဖြစ်ဖြစ်ပါ ကလောင်နာမည်ဆန်းတာကတစ်ဆင့် ဆရာ့စာအုပ်တွေကို ဖတ်ရခြင်းဆိုတဲ့ အကျိုးဆက်ဖြစ်လာရလို့ ဆရာ့ရဲ့စိတ်ကူးစိတ်သန်းကိုတောင် ချီးကျူးမိပါသေးတယ်။ ကျွန်တော် ဆရာ့ရဲ့ "ကိုယ်စောင့်နတ်ကြီးငိုခါနီး"ဆိုတဲ့စာအုပ်ကို စဖတ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ကို ကြိုက်လွန်းလို့ ကိုယ်ပိုင်တောင် ဝယ်ထားတယ်။ နောက်ပိုင်း ထွက်သမျှစာအုပ်တွေကို မလွတ်တမ်း ငှားဖတ်ဖြစ်ပါတယ်။

BURMESE CLASSIC

ကျွန်တော့်ရဲ့စရိုက်ကတစ်မျိုး စာဖတ်သူကို ကလိထိုးပြီးရယ်နိုင်းသလို စာအုပ်မျိုးကို သဘောမကျဘူး။ စာအုပ်ဖတ်နေရင်း စာဖတ်သူ စဉ်းစားပြီး ပြုံးနိုင်အောင် ဖန်တီးထားတဲ့စာအုပ်ကို ပိုသဘောကျတယ်။ နောက်ပြီး အချစ်နဲ့ဟာသနှောထားတဲ့စာအုပ်ကိုလည်း နှစ်သက်တယ်။ ဆရာ့စာအုပ်တွေဟာ ကျွန်တော်နှစ်သက်တဲ့ "စံ"နဲ့ကိုက်ညီတယ်။ ဆရာဆက်ကြိုးစားပါ။ စာအုပ်အရေအတွက်များများရေးနိုင်အောင် မကြိုးစားပါနဲ့။ Quality ကောင်းတဲ့စာအုပ်တစ်အုပ်ဖြစ်အောင်ပဲ ကြိုးစားစေချင်တယ်။ စာရေးဆရာအများစုက အဲဒီလိုဖြစ်နေလို့ ဆရာ့ကို အဲဒီလိုမျိုးမဖြစ်စေချင်တဲ့သဘောပါ။

**"ဆရာ စာပေလောကမှာ သရဖူဆောင်းနိုင်ပါစေ"**

**ဆရာ့ရဲ့ ထာဝရ ပရိသတ်**

**အရှင်သုစိတ္တ**

**ဓမ္မပါလကျောင်း(၃)၊ မရိုးရိုးမ်တိုက်သစ်၊**

**မန္တလေးမြို့။**

www.burmeseclassic.com

www.burmeseclassic.com

ဆရာပဉ္စမံဒီရိုင်းရှင့် ...

ကျွန်မက ဆရာ့ရဲ့စာဖတ်ပရိသတ်ပါ။ ဆရာ့ရဲ့ဝတ္ထုကို "(၁၀)ရက် အတွင်း ယောကျ်ားသိမ်းသွင်းနည်း" စာအုပ်ကမှစပြီး ဖတ်မိတာပါ။ အပြင်မှာ တကယ်တမ်းမဖြစ်နိုင်ပေမယ့် စာအုပ်ထဲမှာတော့ သူ့ဟာနဲ့သူ ဟုတ်နေတာ မို့လို့ ဘာမှမပြောချင်ပါဘူး။ ဆရာ့ရဲ့ ကိုယ်တွေ့ကို အခြေခံတာလားတော့ မသိဘူး။ အခုမှ ဆရာ့ရဲ့စာအုပ်အဟောင်းတွေရှာဖတ်နေရတယ်။ ဆရာ့ဆီက ဘာစာအုပ်တွေထွက်လာဦးမလဲ သိချင်ပါတယ်။

မစန်း

(ဒဂုံတက္ကသိုလ်)

**ကျွန်တော့်ရဲ့ထွက်ရှိလာမယ့်စာအုပ်စာရင်းကို ယခုလစာအုပ်မှာ ထည့်သွင်းဖော်ပြ ထားပါတယ်။**

www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးပဥ္စမ်ဒီရိုင်း

ဦးပဥ္စင်းက ဒကာကြီးရဲ့စာတွေကို ဂျာနယ်တွေမှာကတည်းက ဖတ်လာသူပါ။ ဒကာကြီးရဲ့ သရော်ဟာနှ်တွေက ချက်ချင်းတော့ မရယ်ရဘူး။ တွေးရင်းမှရယ်ရလို့ ဦးပဥ္စင်း နှစ်သက်မိတယ်ဆိုရင် မမှားပါဘူး။ ဒကာကြီးရဲ့ "ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်" ဝတ္ထုထဲက စိန်သာဗလလိုအကြောင်းမျိုးတွေရေးတာ ဖတ်ချင်ပါသေးတယ်။ လောကီနယ်ပယ်ထဲကလူတွေရဲ့ လွဲချော်မှုတွေကို စိန်သာဗလက ကိုယ်စားပြုလို့ပါ။

ဒကာကြီး စာတွေရေးသားနိုင်ပါစေ ...

ဦးတေဇနိန္ဒ
(မန္တလေး)

**"ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်"ရဲ့အဆက်လို့ပြောလို့ရတဲ့ "ဒါမျိုးကြီး စိန်သာဗလ"ကို မကြာခင်ထုတ်ဝေပါတော့မယ်။**

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာပဥ္စမံဒီရိုင်းခင်ဗျား ...

ဆရာ့ရဲ့ "တစ္ဆေဆရာ" အလွဲကိုဖတ်ပြီး ကျွန်တော်တွေးရင်းက ရယ်မိပါတယ်။ ဆရာက သရဲ၊ တစ္ဆေဆိုတာ ကြောက်စရာမဟုတ်ဘူး ရယ်စရာဆိုတဲ့ ဒဿနကိုပေးတယ်လို့ပဲ ယူဆရပါတယ်။ ပထမတော့ တကယ်လိုလိုနဲ့ နောက်ပိုင်း ရယ်စရာတွေနဲ့ ဆရာဖြည့်ချတာက နည်းနည်းတော့ ဝတ္ထုရဲ့ Tempo ကို လျှော့သွားမလားမသိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မသိရသေးတဲ့ ဂါထာတွေ မန္တန်တွေကို နည်းနည်းလေးထည့်ရေးတာကိုတော့ ဗဟုသုတရပါတယ်။

ဆရာ နောက်ထပ်ကော သရဲဟာသဝတ္ထုတွေရေးဖို့ရှိပါသေးလား။

သောင်းနိုင်
တတိယနှစ် ဒဿနိကဗေဒအထူးပြု
(အဝေးသင်တက္ကသိုလ်)

"သရဲဖမ်းသူများ" ဆိုပြီး ရေးဖို့ ရည်ရွယ်ထားတာတော့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာပဥ္စမံ

နာမည် အထူးအဆန်းစာရေးဆရာတွေများလို့ ဆရာ့စာအုပ် (၆)အုပ်အထိ မဖတ်ဖြစ်ခဲ့ပါ။ (၇)အုပ်မြောက် "၁၀ ရက်အတွင်း ... " မှစ၍ ဖတ်မိပါသည်။ ဝတ္ထုအမည်ကို စိတ်ဝင်စားသည်လည်းတစ်ကြောင်း၊ "နှင်းဆီဝိုင်" ကဲ့သို့ ဇာတ်လမ်းမျိုးကို သက်ရှိများနှင့် ရုပ်လုံးဖော်ထားမည်ဟုထင်သည်လည်းတစ်ကြောင်းတို့ကြောင့် ဖတ်ဖြစ်ခဲ့ပါသည်။ သာမန်ဝတ္ထုများကဲ့သို့ မထူးပေမယ့် ဆန်းပါတယ် ဆရာ။ နောက်ပြီး ယခုခေတ် အပြင်လောကမှာ မြင်တွေ့ရသော လူငယ်များ၏ ပေါ့ပါးသည့်ဟန်များနောက်မှ လေးနက်သည့် အမူအကျင့်များကို ဆရာ့ဝတ္ထုမုားမှာ တွေ့ရပါတယ်။ ဒုတိယ ဖတ်ဖြစ်သည့် "တဆွေဆရာ"တွင် လက်ရှိခေတ်စားနေသော ဂမ္ဘီရ၊ ပရ မကျစာကျ ဝတ္ထုများ သရော်သည့်ဟန်များ အထင်အရှားတွေ့ရပြီး၊ ယခုနောက်ဆုံး ဖတ်ရသည့် "မတော်တဆ"မှာတော့ ဆရာ့လက်ရာ ပိုပြီးထင်ရှားလာတယ်လို့ ထင်ပါတယ်။ ဆရာ့ဝတ္ထုများရဲ့ ထူးခြားမှုကတော့ စတုဒီသာ(သို့)အလှူပေးခြင်း၊ ရပ်ကွက်(သို့) ကျောင်းရဲ့ဓလေ့စရိုက်၊ ဇာတ်တည်တဲ့နေရာဌာနကို ပေါ်လွင်အောင်မြင်ရပါတယ်။ ဒါပေမဲ့ ဆရာ့လက်ထဲမှာ ဒီထက်မကရှိဦးမယ်ထင်ပါတယ်ဆရာ။ ဆရာ ဒီ့ထက်မက ရေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလောလောဆယ်တော့ ဆရာ့စာအုပ်များဟာ မြေပဲစိမ့်စိမ့်စားရသလိုပဲရှိပါသေးတယ်လို့ မညာမတာ တမ်း အကြံပေးဝေဖန်ပါရစေ။ အခုထက် အရသာရှိသော သန့်ရှင်းတဲ့ ရသစာတွေ ရေးနိုင်မယ်ဆိုတာ ဒီ"မတော်တဆ"ဝတ္ထုဖတ်အပြီးမှာ သိလိုက်ရပါတယ်။ မြင်နေကျ ဟာသဝတ္ထုတွေလိုမဟုတ်ဘဲ ရိုးသားတဲ့ ပြုံးစရာတွေပါဝင်တဲ့ ဆရာ့ဝတ္ထုတွေအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဆက်လက်အားပေးသွားမှာပါ။ ယခုထက်ပိုပြီး အောင်မြင်ပါစေဟု ဆန္ဒပြုလျက် ...

မဇာနည်
ဟေမာန်ဦးစာပေ၊ မ/ဥက္ကလာ၁

**ကျွန်တော့်ကို ယခုလိုဝေဖန်အကြံဉာဏ်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်**

www.burmeseclassic.com

www.burmeseclassic.com



၏

## နောက်ထွက်မည့်စာအုပ်များ

- ကြုပ်ပြီးရင်းကြုပ်
- ဘောလုံးဟင်းခါး
- ဒါမျိုးကြီးစိန်သာဝလ
- နတ်ဆိုးကျီစားတဲ့အချစ်
- တက္ကသိုလ်လူပျော်
- တက္ကသိုလ်လူပျော်လွမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com

# ပုညခင်


၏

## နောက်ထွက်မည့်စာအုပ်များ

- ကြယ်ပြီးရင်းကြယ်
- ဘောလုံးဟင်းခါး
- ဒါမျိုးကြီးစိန်သာဝလ
- နတ်ဆိုးကျီစားတဲ့အချစ်
- တက္ကသိုလ်လူပျော်
- တက္ကသိုလ်လူပျော်လွမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ငါတို့စာပေ

အမှတ် (75-D)၊ ဗိုလ်စိန်လှလမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းထောင့်၊
ဗဟန်း၊ ရန်ကုန်။
Ph: 721345, 559773

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၀၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၀၈၁၀၀၇

ပုံနှိပ်ခြင်း ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၇။

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော်

(စွယ်တော်ပုံနှိပ်တိုက်)

အမှတ်(၈၇)၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။


အုပ်ရေ

၅၀၀

တန်ဖိုး ၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူမှာ ဓါသနာတစ်ခုခုတော့ ရှိကြပါတယ် ...

အခုလည်း တစ်စုံတစ်ခုကို ဓါသနာပါတဲ့ လူငယ်လေးတစ်ဦး ..

သူ့ ဓါသနာပါရာကို ရှာကြံရင်းမှ မထင်မှတ်ဘဲ အချစ်ကို တွေ့ရှိပြီး ..

ကမောက်ကမတွေ ဖြစ်ခဲ့ရတာက .....

www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး ..

အကျီအိတ်ကပ်ထဲ

လက်နှိုက်ပြီး

ကမ္ဘာလောကကြီးကို

ကြည့်မနေနဲ့လေ ...

လောကကြီးအကြောင်း

ရေးမယ်ဆိုရင်

အကျီအိတ်ကပ်ထဲက

လက်ကို အပြင်ထုတ်ပြီး

လောကကြီးကို ထိကြည့်စမ်းပါ ... "

မာ့ခ်တွိန်း

..... ၁၃ .....

www.burmeseclassic.com

www.burmeseclassic.com

(၁)

နိုင်ငံခြား ကတ်တလောက်ထဲက ဧည့်ခန်းအလှဆင်ယင်နည်း ဒီဇိုင်းထဲမှ ကိုယ်နှင့် သင့်တော်မည့် အပြင်အဆင်ကို ရွေးချယ်ပြီး ရုံးခန်းကို ပြင်ဆင်ထားပြီးပြီ ဖြစ်သဖြင့် လင်းခန့် အတော်ကို ကျေနပ်နေသည်။

သည်လို ပြင်ဆင်တာကို သူငယ်ချင်းနှစ်ယောက်က အလကား ပိုက်ဆံမကုန်တိုင်း ဘာမှမသိဘဲ ဝေဖန်ကြဦးမှာအမှန်။ ကိုတိုးနှင့် သိန်းထွတ်ဝင်းဆိုသည့် သူငယ်ချင်းနှစ်ယောက်က ပိုက်ဆံမြတ်ဖို့လောက်ပဲ ခေါင်းထဲမှာရှိသည်။ ကိုယ်လုပ်သော လုပ်ငန်းက ဘာဆိုတာ နားမလည်။

ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် အလှကုန်ပစ္စည်းတွေကို သည်ကနေ ကိုယ်စားလှယ်ယူပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ဖြန့်ချိရမည့်ကိစ္စမှာ အနယ်နယ်အရပ်ရပ်က ကိုယ်စားလှယ်တွေနှင့် ဆက်ဆံရမှာမို့ ကိုယ့်ကုမ္ပဏီရုံးခန်းကို ပေါ့ပေါ့တန်တန်လုပ်လို့မဖြစ်။ အလှကုန်ပစ္စည်း ဖြန့်ချိမည့် ရုံးခန်းက လာသမျှလူကို စွဲဆောင်မှုအပြည့်ရှိရမည်။ ရုံးခန်းကို မြင်လိုက်တာနှင့် လှနေပါလားဟု အံ့အားသင့်ရင်းမှ ချီးကျူးစကားသံတွေနှင့်အတူ ကိုယ့်အလှ

www.burmeseclassic.com



ကုန်ပစ္စည်းကို စိတ်ဝင်စားအောင် လုပ်ရမည့်ကိစ္စကို သည်နှစ်ယောက်က ခေါင်းထဲမထည့်။

ကိုတိုးနှင့် သိန်းထွတ်ဝင်းက မြန်မာပြည်အနှံ့ ဈေးကွက်ဖြန့်ချိတာပဲ ကျွမ်းကျင်သည်ဆိုပြီး သူတို့ကိုယ်သူတို့ ဂုဏ်ယူနေကြသည်။

လာပစေဦး ... သည်နှစ်ကောင်။ ရုံးခန်းကို မြင်ပြီး ဟာ ... ဟင် ဖြစ်မှ စကားလုံးတွေ ကောင်းကောင်းကြီးပစ်ပြီး မှာတမ်းခြွေလိုက်ဦးမည် ဟု လင်းခန့် ကြုံးဝါးနေမိသည်။

---

တံခါးတွန်းဖွင့်ပြီး ခြေသံတွေ ကြားရသည်။ သေချာပါသည်။ ကိုတိုးနှင့် သိန်းထွတ်ဝင်းမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

"လင်းခန့်ရေ ... လင်းခန့် ..."

သည်နှစ်ကောင် အော်ခေါ်ရင်းမှ အသံတိတ်သွားသည်။ အခန်းအပြင်အဆင်ကို အခုမှ မြင်လိုက်ရ၍ အံ့အားသင့်ရင်းမှ အသံပျောက်သွားတာပဲ ဖြစ်လိမ့်မည်။

"ဘယ်လိုလဲ ... မင်းတို့ကို ပြီးမှလာကြည့်ဖို့ ငါပြောတာ အခု လာကြည့်ပြီး ကျေနပ်သွားပြီမဟုတ်လား ..."

ကိုတိုးနှင့် သိန်းထွတ်ဝင်းကော လင်းခန့်စကားကို ဘာမှမပြောဘဲ စုံထောက်ဇာတ်ကားတွေထဲက ဆားပုလင်းနှင်းမောင်လို အခန်းကို ဟိုကြည့်ဒီကြည့် စူးစမ်းစစ်ဆေးသလိုမျိုး သည်နှစ်ယောက် အပြစ်အနာအဆာ လိုက်ရှာလို့နေသည်။

"ပြင်ထားဆင်ထားတာကတော့ ခေတ်မီပါတယ် ... ဒီပေမဲ့ ငွေကြေးသုံးစွဲမှုက ဘယ်လိုအနေအထားရှိလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သိန်းထွတ်ဝင်း ... ဒီလို ပြင်ဆင်မှုမျိုးက အလုပ်မစခင် ငွေတော်တော်ကုန်ကျမဲ့ကိန်း ဆိုက်နေပြီ ... "

လင်းခန့်က သူငယ်ချင်းနှစ်ယောက်၏စကားကို နားထောင်နေရင်းမှ နံရံပေါ်တွင် ချိတ်ဆွဲထားသည့် ပန်းချီကားကို ကြည့်နေမိသည်။ ပန်းချီကားထဲမှာက ပန်းပေါင်းစုံ ဝေဆာပွင့်ဖူးနေသော ပန်းဥယျာဉ်ထဲမှာ လိပ်ပြာလေးတွေ အရောင်စုံ ပျံဝဲနေကြသည်။

"လိပ်ပြာဆိုတာမျိုးက ပန်းတွေရှိမှ ပျံဝဲလာတာကွ ... ဒီတော့မှ ပန်းတွေရဲ့ အလှသတင်းက ပိုပြီး ဂုဏ်သတင်းကျော်ဇောသလို ဖြစ်တာ၊ အခုလည်း မင်းတို့က ငွေကုန်တယ်ဆိုပြီး ပြောတယ် ... ပန်းဥယျာဉ်နဲ့ အလားသဏ္ဍာန်တူတဲ့ ငါတို့ကုမ္ပဏီရုံးခန်းကို စားသုံးသူဆိုတဲ့ လိပ်ပြာတွေ ပျံဝဲလာဖို့ ငွေကုန်ကြေးကျခံပြီး ဆွဲဆောင်တာ အပြစ်လားကွာ ... "

ကိုတိုးနှင့် သိန်းဝင်းထွတ်က နံရံပေါ်မှ ပန်းချီကားကို ကြည့်လိုက်ကြသည်။

"ငါတို့ကို နံရံပေါ်မှာ ချိတ်တဲ့ပန်းချီကားကို ကြည့်ပြီး ဥပမာ မပေးစမ်းပါနဲ့ကွာ ... "

ကိုတိုးက လင်းခန့်ကို ဘုတောလိုက်သည်။

"မင်းတို့ဟာလေ ... အခုထိ အမြင်မှား ဖြစ်နေကြတုန်း ... "

"ဟောကောင် လင်းခန့် ... ငါတို့က ဘာအမြင်မှားလို့လဲ ... "

သိန်းထွတ်ဝင်းက နဖူးပြင်မှ ချွေးတွေကို လက်ဖြင့် သုတ်ရင်းမှ လင်းခန့်အား မေးလိုက်သည်။

"အေးပေါ့ကွာ ... ဥပမာ ပြောရမှာပေါ့ ... ဒီမှာ မင်းတို့ တိရစ္ဆာန်ရုံမှာ မျောက်တွေ တစ်ကောင်နဲ့တစ်ကောင် သန်းရှာတာ မြင်ဖူးလား"

"မြင်ဖူးတာပေါ့ လင်းခန့်ရာ ... လူတိုင်း မျောက်တွေ သန်းရှာပြတာ သဘောကျတာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



သိန်းထွတ်ဝင်း အဖြေစကားအဆုံး လင်းခန့်က ...

"အဲဒါ မင်းတို့ အလွယ်တကူ မြင်တာကိုမြင်ပြီး ကောက်ချက်ချစော တာ ... တကယ်တော့ အဲဒါ မင်းတို့ အမြင်မှားလို့ ... မျောက်တွေက တစ်ကောင်နဲ့တစ်ကောင် သန်းရှာတာလို့ ထင်တာ အသေအချာမသိလို့ အမှန်တကယ်က မျောက်ရဲ့ အရေပြားပေါ်မှာ ဆားငွေ့ပျံလို့ ဖြစ်နေတဲ့ ဖောက်တွေကို သုတ်သင်ပေးတာကွ ... လူဦးခေါင်းက ဖောက်တွေကို ဘီးတွေဘာတွေနဲ့ ခြစ်သလိုမျိုးပေါ့ ..."

"ဟေ ... ဟုတ်လား ..."

ကိုတိုးကော သိန်းထွတ်ဝင်းကပါ အံ့အားတသင့် ဖြစ်သွားကြပါ သည်။

"အလကား ပြောတာပါ လင်းခန့်ရာ ... မင်းကို တမင်တကာ ငါတို့ စတာ ... မင်း အခုလို ရှုံးခန်းကို ပြင်ထားဆင်ထားတာ အားလုံးရှယ်ပဲ၊ ငါတို့ နယ်မှာ ဈေးကွက်ကိစ္စတွေ လုပ်ပြီးပြီ ... ပစ္စည်းတွေရောက်လာရင် အဲဒီပစ္စည်းတွေ ဖြန့်ချိဖို့ ဈေးကွက်ထဲမှာ လူသိဖို့ ကုန်ပစ္စည်းပရိုမိုးရှင်းကိစ္စ၊ ဝန်ထမ်းကိစ္စ၊ ကြော်ငြာကိစ္စတွေက အဆင့်ဆင့် လုပ်ရဦးမှာ ... ဒီတော့ ငါတို့ နေ့စဉ်တွေ့မှဖြစ်မယ် ..."

"ကိုတိုးပြောတာ ဟုတ်တယ် လင်းခန့် ... မင်း ဝါသနာပါတဲ့ကိစ္စ ကိုချည်းပဲ အားအားတိုင်း လစ်ထွက်မသွားနဲ့၊ မင်းက အခုလည်း ငါတို့နဲ့ စကားပြောပြီးရင် ပြည်သူ့ဥယျာဉ် သွားဦးမှာ မဟုတ်လား ..."

လင်းခန့်က လက်ခါပြရင်းမှ ...

"မလိုတော့ဘူးလေ ... မသွားတော့ဘူး ... ဒီတစ်ခါ နေရာပြောင်း တော့မယ် ... ကန်တော်ကြီးပေါ့ကွာ ..."

လင်းခန့်စကားကို နားထောင်နေသည့် သိန်းထွတ်ဝင်းနှင့် ကိုတိုး က မနှစ်မြို့သလိုဖြစ်ရင်း ကိုတိုးက ...

"မင်းကွာ ... ပြဿနာတွေ ဘာတွေ ဖြစ်မှာမကြောက်ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



သူများတွေ လွတ်လွတ်လပ်လပ် သမီးရည်းစားတွေ ဘဝရှေ့ရေး တိုင်ပင်ကြတာ ... ဒါမျိုးက မကောင်းပါဘူးကွာ ... ”

“ဟော့ကောင် ကိုတိုး ... မင်းက ငါ့ကို အတွဲချောင်းတဲ့ နှာဘူး မှတ်နေလို့လား ... ငါက ပန်းခြံသွားတယ်ဆိုတာ အဲဒီ ပန်းခြံထဲ ရောက်လာတဲ့လူတွေရဲ့ မျက်နှာတွေကို ကြည့်ပြီး ခံစားတာကွ ... သူတို့ ဘာကြောင့် လာသလဲ ... ဘာတွေ ဖြစ်သလဲ ... အဲဒါတွေကို ငါက ခုံတန်းလျားမှာ ထိုင်ရင်း ငါ့အတွေးနဲ့ ငါ စိတ်ကူးပြီး ပုံဖော်တာ ဘယ်လောက်ပိုက်ဆံကုန် သက်သာလဲ ... ”

“အေး ... မင်းအသိတစ်ယောက်က မင်းကို ပန်းခြံထဲမှာ မြင်လို့ကတော့ တစ်မျိုးထင်မှာပဲကွ ... အဲဒါကိုကော ထည့်တွက်သလား ... ”

သိန်းထွတ်ဝင်းက သူ့ထင်မြင်ချက်ကို ပေးလိုက်ပါသည်။

“ငါ ထည့်မတွက်ဘူး ... ပန်းခြံဆိုတာ သမီးရည်းစားစုံတွဲတွေမှ မဟုတ်ဘူး ... မိသားစုတွေကော လူတစ်ဦးချင်းစီကော အပန်းဖြေခွင့်ရှိတယ် ... ရည်းစားမရှိတဲ့ ငါ့လို လူလွတ်တစ်ယောက်အနေနဲ့လည်း ငါ့ဝါသနာဖြစ်တဲ့ ပန်းခြံထဲမှာ အေးအေးလူလူထိုင်ပြီး ပတ်ဝန်းကျင်ကို လေ့လာပြီး ကိုယ့်စိတ်ကူးနဲ့ ကိုယ် ကြည်နူးအပန်းဖြေခွင့်ရှိတယ် ... ”

“အေး ... ရှိရင်လည်း ပြီးတာပဲကွာ ... ”

လင်းခန့် စကားအဆုံး မကျေမနပ်သည့်လေသံနှင့် ကိုတိုးက ပြောလိုက်ပြီး ဆိုဖာပေါ် ပစ်လှဲချလိုက်သည်။

“ကဲ ... ငါ အပြင်သွားဦးမယ် ... ”

“ရှီ ... ရှီ ... ”

လင်းခန့်က လေချွန်ပြီး တံခါးကို တွန်းဖွင့်ကာ ထွက်လာခဲ့သည်။ သေချာပါသည်။ သူငယ်ချင်းနှစ်ယောက်က သူ့ကို နားမလည်မှာ အမှန်ပင်ဟု။

— ❀ —

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ငါ့တူကြီး ဘယ်လဲ ... "

ကုမ္ပဏီရုံးခန်းကနေ ထွက်လာသည့် လင်းခန့်ကို ကုမ္ပဏီရုံးခန်းနှင့် သုံးတိုက်ကျော်လောက်ရှိ သစ်သားနှစ်ထပ်အိမ်ကြီးမှ ဦးသြဘာက အိမ်ရှေ့မှာယောဂီအင်္ကျီဝတ်ထားပြီးပုတီးလက်ကကိုင်ရင်းမှမေးလိုက်သည်။

"အပြင်သွားမလို့ပါ ... ဒါနဲ့ ဦးသြဘာကကော ဘာလုပ်နေတာလဲ"

"သြော် ... ဦးသြဘာဆိုတဲ့အတိုင်းပေါ့ကွာ ... ပုတီးစိပ်ပြီး ဝေနေယျသတ္တဝါတွေကို မေတ္တာပို့နေရတာပေါ့ကွာ ... အိမ်ထဲမှာပို့ရင် အိမ်ထဲမှာပဲ ရမှာမို့ လမ်းထွက် သုံးဆယ့်ဝ ...တွေအတွက် မေတ္တာပို့နေရတာပါကွာ ... သတ္တဝါတွေ ကျန်းမာကြပါစေ ... "

လင်းခန့် ပြုံးမိပါသည်။ လူဆိုသည်မှာ ကိုယ့်ဝလေ့နှင့် ကိုယ်ပဲလို့။

"သတ္တဝါတွေ ကျန်းမာပါစေ ... ဘေးရန်ကင်းဆီး ငြိမ်းချမ်းပါစေ"

"ဟာ !!! ... "

ဦးသြဘာကြီး မေတ္တာပို့သံ ထပ်မံကြားရမှ လင်းခန့် သတိရသွားပါသည်။ အပြင်သွားဖို့ ထွက်လာတာ မောင်းနေကျကားကို ကုမ္ပဏီရှေ့မှာ ရပ်ထားတာ မေ့သွားလို့ပဲ ဖြစ်ပါသည်။

ဦးသြဘာကို မဆီမဆိုင် ကျေးဇူးတင်မိပါသည်။ ထို့အပြင် ကုမ္ပဏီမှာ ကျန်ခဲ့သည့် သူ့ဇာဖ်ချင်းနှစ်ယောက်ကိုလည်း မေတ္တာပို့မိပါသည်။

သည်နှစ်ယောက်ကို ရှင်းပြနေရသဖြင့် သည်လို ကားမောင်းဖို့ မေ့ကျန်ရတာလို့။

တော်ပါသေးသည်။ သူ့ကိုလည်း ဟိုနှစ်ယောက်က အမြင်မှားကိစ္စ ရှင်းပြပြီး ကိုယ်တိုင် အမြင်မှားသွားတာ ဝိုင်းပြီး မဝေဖန်မိတာ ကံကောင်းဟု ....။

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ... ဘဝမှာ လူဖြစ်လို့ အမြင်မှားကြတာ ဆန်းသလား နော် ... ။

www.burmeseclassic.com

www.burmeseclassic.com

"လူတွေ တော်တော်များများ
ဖြစ်နေကြတာဟာ ...
သူတို့ ...
မသိနားမလည်တာထက်
မဟုတ်တာတွေ အများကြီးကို
သိနေတာက
ခက်တော့တာပဲဗျာ ... "

ဂျော့ရှ်ဘစ်လင်း
(အမေရိကန်ဟာသပညာရှင်)

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကန်တော်ကြီးသည် မနေ့ကလိုပင် စည်ကားလို့နေသည်။ မြက်ခင်းပြင်ပေါ် မိသားစုဝိုင်းဖွဲ့ပြီး စားသောက်သူသောက်။ ကလေးငယ်တွေ ဆော့ကစားတာကို ကျေနပ်သည့်အပြုံးတွေနှင့် ကြည့်နေကြသည့် မိဘဆွေမျိုးသားချင်းတွေ၊ အုပ်စုလိုက် အဖွဲ့လိုက် စကားဝိုင်းဖွဲ့နေကြသည့် ကောင်လေး ကောင်မလေးတွေ၊ ချစ်သူစုံတွဲတွေ၊ ပြီးတော့ ... ရေစပ်မှာ မခွဲတမ်း မခွာတမ်း တစ်ယောက်ကိုတစ်ယောက် ပစ္စုပ္ပန်မှာ ကိန္နရီ ကိန္နရာ ရက်ပေါင်းခုနစ်ရာဝေးတာကို ခပ်ဝေးဝေးသွားနားလို့ ပြောမည့် ကရဝိတ်မောင်နှံကလည်း ခပ်တည်တည်နှင့်။ သူတို့နှစ်ဦး၏ ဝမ်းကြာတိုက်မှာ လူတွေက စားလိုက်သောက်လိုက်နှင့် ရှိနေကြတာကိုပဲ သူတို့က ပေးဆပ်သူအဖြစ် ပြုံးပြုံးကြီး စကားတစ်လုံးတစ်ပါဒမျှ မဟဘဲ လှမ်းမြင်နေရသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုလို့ နေသည်။

"အာရေး အစ်ကို ... ဘာတွေ တွေးနေတာလဲ ... ဒီမှာ ဒေသန္တရ တို့ အာလူးကြော်တို့ အားပေးပါဦး ... "

www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလျားမှာ ထိုင်ပြီး ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေသည့် လင်းခန့်အနားကို ဆီးထုပ်၊ ကွာစေ့၊ သကြားလုံး၊ ရေသန့်ဘူးတို့ ရောင်းသော ကုလားလေးတစ်ဦး ရောက်လာသည်။

"မဟုတ်ဘူးနော် ... အာရေးကုလား သိတယ် ... အစ်ကိုနော် ... မနေ့က ဒီကို လာတယ်၊ ဟိုကြည့်ဒီကြည့် ကြည့်တယ်နော် ... အစ်ကို အဆင်မပြေဘူးမဟုတ်လား ... "

"ဘာအဆင်မပြေတာလဲကွ ... "

"အာရေး ... အစ်ကို ဒီပန်းခြံကို လာတာ ဒီနေ့နဲ့မှ နှစ်ရက်ပဲ ရှိဦးမယ် ... "

လင်းခန့် အံ့အားသင့်သွားပါသည်။ သူ့အနေနှင့် ကန်တော်ကြီးသို့ မနေ့ကနှင့် ယနေ့ပါမှ နှစ်ရက်တည်း ရှိသေးတာကို ဈေးရောင်းသည့် ကုလားလေးက အတပ်ပြောနိုင်သောကြောင့် ဖြစ်ပါသည်။

"ဟော့ ... မင်းက သေချာလှချည်လား ... ဒီတော့ မင်းရဲ့ သေချာမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ရေသန့်တစ်ဘူးပေးကွာ ... "

လင်းခန့် စကားကြောင့် ဈေးရောင်းသည့် ကုလားလေးက ဝမ်းသာအားရဖြင့် ကြိမ်ခြင်းထဲမှ ရေသန့်ဘူးတစ်ဘူးကို ထုတ်လိုက်သည်။

"အာရေး အစ်ကို စိတ်ချသောက် ... ဒီရေက ချောင်းမဆိုးဘူး၊ ချွဲမကျပ်ဘူး၊ ဝမ်းရောဂါ မဖြစ်ဘူး၊ အသည်းရောင်ရောဂါ မဖြစ်ဘူး ကုလားလေး တာဝန်ယူတယ် ... "

လင်းခန့် တော်တော်ကျေနပ်သွားပါသည်။ ကုလားလေးပေးသော ရေသန့်ဘူးကို ဖွင့်သောက်လိုက်ပြီး စကားတတ်သော ဈေးရောင်းသည့် ကုလားလေး၏ အာဝဇ္ဇာန်းကို မချီးကျူးဘဲ မနေနိုင်ပါ။

"ရေသန့်ဘူးဖိုး ဘယ်လောက်လဲကွ ... "

"နှစ်ရာ့ငါးဆယ်ပါ အစ်ကို ... တချို့က ဈေးမှန်မပြောဘူး ... အတွဲ

www.burmeseclassic.com

www.burmeseclassic.com



တွေဆို ပိုတောင် တောင်းသေးတယ် ... ကုလားလေးနော် စားသုံးသူပေါ် သစ္စာရှိတယ် ... တန်ရာတန်ကြေးပဲ တောင်းတယ် ... အကြွေငါးဆယ် အမ်းရမယ်နော် ... သကြားလုံး မပေးဘူး ... ငါးဆယ်တန် ဆောင်ထား တယ် ... ”

လင်းခန့် ကျန်တာတွေကို အားလုံး မေ့သွားပြီး ဈေးရောင်းသည့် ကုလားလေး၏ စကားလုံးတွေအောက်မှာ ဝပ်ဆင်းသွားရပါသည်။

“အာရေး ... အစ်ကို အတွဲလာချောင်းတာ မဟုတ်လား ... အစ်ကို ဒီလို ဟိုနားထိုင် ဒီခုံနားထိုင်နဲ့ အတွဲချောင်းလို့က ဘယ်ရမှာလဲ ... ”

လင်းခန့်ခမျာ မထင်မှတ်ဘဲ ကုလားလေးထံမှ ထိုစကား ကြားရ သဖြင့် နည်းနည်းစိတ်ပျက်သွားပါသည်။

“ဟေ့ကောင် ... မင်း ငါ့ကို ဘယ်လိုထင်လို့ ဒီလိုပြောရတာလဲ”

“အာရေး ... ကုလားလေး သိတယ်နော် ... အစ်ကို့လိုပဲ ရုပ်ရည် သန့်သန့် လူတွေ ဒီလိုပဲလေ ... ဟောဒီ ကန်တော်ကြီးမှာ အင်တာနက် ဆာမိဆိုတဲ့ ကုလားလေး အပ်ကျတာကအစ သိတယ် ... ”

“ဟော ... အင်တာနက် ဆာမိ ဟုတ်လား ... ”

မည်သို့မှ မထင်သော ဈေးရောင်းသည့် ကုလားလေး၏ စကား ကြောင့် လင်းခန့် နှုတ်မှ ရေရွတ်မိသား ဖြစ်သွားပါသည်။

“ဒီခေတ်ကြီးက အင်တာနက်ခေတ်ကြီးလေ ... ကမ္ဘာကြီးက သတင်းတွေ အင်တာနက်ထဲမှာ အားလုံးနှိုက်ပြီး ခလုတ်ကလေး ဖွင့်ရုံနဲ့ သိရသလို ဟောဒီအဖေ မူတူး၊ အမေ လက်ချမ်းရဲ့သား ဟိန္ဒူအမျိုးအနွယ် ကုလားလေး ဆာမိကလည်း ဟောဒီ ကန်တော်ကြီးဝန်းကျင်က အတွဲ တွေအကြောင်း ဘယ်သူမေးမေး အင်တာနက်ထဲ ဖွင့်ကြည့်သလို ပြောနိုင် လို့ ... ဒီကန်တော်ကြီးထဲမှာ ဈေးရောင်းတဲ့ သူတွေက အင်တာနက် ဆာမိ လို့ ပေးထားတာ ... ”

www.burmeseclassic.com



လင်းခန့် ပြုံးလိုက်ပါသည်။ ကန်တော်ကြီးပန်းခြံကို လာတာ နှစ်ရက်တည်း ရှိသေးတာ အသစ်အဆန်းတစ်ခုခုတော့ ရပြီလို့ တွေးမိသွားပါသည်။

"ထိုင်ပါဦး အင်တာနက်ဆာမိရာ ... ငါက မင်းထင်သလို ဒီပန်းခြံထဲကို အတွဲချောင်းဖို့ လာတဲ့လူမဟုတ်ပါဘူးကွာ ... ငါက ပန်းခြံထဲမှာ တစ်ယောက်တည်း ထိုင်ရင်း ပန်းခြံထဲ လာတဲ့လူတွေကို ကြည့်ရင်း ... သူတို့အကြောင်း ကိုယ့်ဘာသာကိုယ် ငြိမ်ငြိမ်လေး တွေးရတာကိုက စိတ်ချမ်းသာနေတာကွ ... "

အင်တာနက်ဆာမိက လင်းခန့်စကားကို နားထောင်ရင်းမှ ... ခန့်မျက်နှာကို ထူးဆန်းသလို ကြည့်ရင်းက လင်းခန့်ဘေးမှာ ဆွဲခြင်းကို ချပြီး ဝင်ထိုင်လိုက်သည်။

"အာရေး ... အစ်ကို ဆာမိနော် ဒီပန်းခြံထဲ ဈေးရောင်းတာ နှစ်နှစ်ရှိပြီ ... ဒါမျိုး မကြုံဘူး ... ဒီနေ့ ကြုံရပြီ ... အစ်ကိုလိုလူမျိုးနဲ့ တွေ့ရတာ စိတ်ဝင်စားသွားပြီ ... "

"ငါလည်း မင်းလိုပါပဲကွ ... မင်းက ဒီပန်းခြံထဲက အကြောင်းတွေ အင်တာနက်ထဲက သတင်းအချက်အလက်တွေ ရှိသလိုမျိုး ထူးထူးခြားခြား သိတာဆိုတော့ ငါ့အတွက် ဗဟုသုတ ရတာပေါ့ကွာ ... မင်းပြောနိုင်မလား ငါ သိချင်လို့ပါ ... "

အင်တာနက်ဆာမိက ကန်ရေပြင်ကို ကြည့်လိုက်သည်။ ကန်ရေပြင်ထဲမှာ ဘာမှမတွေ့ရ။ ရေတွေသာ တွေ့နေရသည်။

"အာရေး ... ကုလားလေး ဆာမိ ပြောပြရရင် အစ်ကို ရယ်လိမ့်မယ်၊ ဒီပန်းခြံထဲမှာနော် ထူးထူးခြားခြား အတွဲတွေ ကုလားလေးဆာမိ ဈေးရောင်းရင်း တွေ့တာပေါ့ ... "

"ဘယ်လိုထူးခြားတာလဲ အင်တာနက်ရဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



"မနက်ကိုးနာရီက ဆယ်နာရီအတွင်းနော်၊ တချို့ကုမ္ပဏီတွေက အရောင်းမြှင့်တင်ရေးကောင်လေးနဲ့ ကောင်မလေးအချို့နော် ... အရောင်းမြှင့်တင်ခင် ဒီပန်းခြံထဲကို လာတယ်နော် ... စာရင်းစာအုပ်တွေ ဘောပင်။ ကုမ္ပဏီက ကားဒရိုင်ဘာက ကားထဲမှာ အိပ်နေတယ်နော် ... သူတို့က ကန်စပ်မှာ ထိုင်ရင်း အနီးနားက မြက်ပင်လေးတွေ ဆွဲနှုတ်လိုက် ... စကားပြောလိုက်နဲ့ ဆယ်နာရီထိုးတယ်နော် ... သူတို့ ထိုင်နေတဲ့နားက မြက်တွေပြောင်သွားတယ် ... ပန်းခြံဝန်ထမ်းတွေ မြက်ရိတ်စရာ မလိုဘူး ... အဲဒါကို အတွဲသွားချောင်းလို့ကတော့ မတ်တတ်ရပ်ပြီး ချောင်းရလို့ ချောင်းတဲ့သူ ခြေထောက်သွေးတောင် ခဲသွားဦးမယ် ... "

လင်းခန့်တစ်ယောက် အင်တာနက်ဆာဗီ စကားနားထောင်ရင်းမှ ပြုံးမိပါသည်။

"ဆယ်နာရီကနေ ဆယ့်တစ်နာရီမှာနော် ... လူပျိုကြီး အပျိုကြီး အတွဲတစ်တွဲ အမြဲတမ်း လာတယ် ... သူတို့နှစ်ယောက်က ချစ်စကားကြိုက်စကားတွေ မပြောဘဲ ဝိပဿနာအကြောင်းတွေ ဆွေးနွေးကြ ... တရားစမ္မတွေ တစ်ယောက်နဲ့တစ်ယောက် ပြောကြနဲ့ ... နည်းနည်းတော့ ဆန်းတယ် ... သူတို့ ပြောသံအရ ကုလားလေး ဈေးရောင်းရင်း သိရတာက သူတို့နှစ်ယောက်က ရိပ်သာဝင်ရင်း သမီးရည်းစား ဖြစ်ကြတာ ... သွားချောင်းတဲ့သူတွေ သူတို့စကား နားထောင်ပြီး တစ်မဂ်တစ်ဖိုလ် ရသွားမယ်"

လင်းခန့် တစ်ခါဖူးမှ မကြားဖူးသည့်အကြောင်းအရာမျိုး ကြားရသဖြင့် အရင်ကထက်ပိုပြီး စိတ်ဝင်တစား နားစွင့်နေမိပြန်သည်။

"အာရေး အစ်ကို ... ထူးထူးခြားခြား ရှိသေးတယ် ... နေ့လယ်နှစ်နာရီမှလာတဲ့အတွဲ ... အမျိုးသမီးကြီးက အသက်လေးဆယ်ေတာ်ရှိတယ် ... ကုလားလေးတို့ အဖေတွေ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ ယယ်ဗမာခန္ဓာကိုယ်မျိုး ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့် ဆံပင်က

www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်နဲ့ တော်တော်လေး ကြည့်လို့ကောင်းတဲ့ အမျိုးသမီးကြီး ... အသား အရေကလည်း ဘာလှသလဲမမေးနဲ့ ... သူ့ကောင်လေးက အသက်နှစ်ဆယ် လောက်ပဲ ရှိမယ် ... သူ့ဆီက ချူစားနေတာ ... အဲဒီလို ကောင်လေးက ချူစားတာကို သူက ကျေနပ်နေတာ ... သွားတော့ မပြစ်မှားလိုက်နဲ့နော်၊ အဲဒီ မယ်ဗမာကြီးက မိန်းမအစစ် မဟုတ်ဘူး ... မိန်းမလျာကြီး ... ”

“ဟာကွာ ... ဆာမိ ကလည်း ကောင်းခန်းရောက်မှ ... ”

လင်းခန့်က မထင်မှတ်သည့် စကား ကို ကြားရသဖြင့် အင်တာနက် ဆာမိကို လေသံနည်းနည်းမာမာ ပြောလိုက်မိသည်။

“အာရေး အစ်ကို ... ဒါနဲ့ အစ်ကို့နာမည်ကကော ... ”

“ငါ့နာမည်က လင်းခန့် ... ငါက သူငယ်ချင်းတွေနဲ့ နိုင်ငံခြားက ကိုယ်စားလှယ်ယူပြီး အလုပ်ကုန်လုပ်ငန်းလုပ်မလို့ ကုမ္ပဏီဖွင့်ထားတယ်”

လင်းခန့် စကားအဆုံး အင်တာနက်ဆာမိက ဆိုင်ရာမှ ထကာ ဆွဲ ခြင်းကို ကောက်ကိုင်လိုက်ပြီး ...

“အာရေး ကိုလင်းခန့် ... နက်ဖြန်မှ တွေ့မယ် ... သမုဒ္ဒရာ ဝမ်း တစ်ထွာအတွက် ဟောဒီ ကန်တော်ကြီးပေ အင်တာနက်ဖွင့်ရင်း ဆာမိ ဈေးရောင်းရမယ် ... အစ်ကို ဒီနေ့ တန့်ပါတယ် ... ရေသန့်တစ်ဘူးဝယ်ပြီး အစ်ကို မသိသေးတဲ့ဘာသာရပ် သိလိုက်ရပြီ မဟုတ်လား ... ကုလားလေး ကျေနပ်တယ် သွားပြီ ... ”

လင်းခန့် အနီးနားကနေ အင်တာနက်ဆာမိက ကြိမ်ဆွဲခြင်းဆွဲပြီး ထွက်ခွာသွားပါသည်။

လင်းခန့်ကတော့ အင်တာနက်ဆာမိကို ကြည့်ရင်း နက်ဖြန်ခြင် လျှင်လည်း ယခုလို စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများ ကို ဆာမိထံမှ သိရဦးမှာကိုပဲ နားထောင်ချင်နေမိပါသည်။

..... ❋ .....

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ကိုယ်မသိသေးတာ ကိုယ် သိရဖို့ သိချင်သည့်ဆန္ဒ ဖြစ်တာကိုက လူမှလွဲပြီး အခြား သက်ရှိများမှာ မရှိတာက အမှန်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"စိတ်ဝင်စားစရာ

စကားနားထောင်လိုက်ရလို့

ကိုယ့်မှာ ကျေနပ်သွားတာကိုက

ငွေကြေးကုန်ကျစရာမလိုဘဲ

ဖြေဖျော်မှုဖြစ်သွားတာပဲ မဟုတ်လား ... "

(အဲမည်မသိ)

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဘယ်သူတွေကများ မနက်အစောကြီးကတည်းက မွှောရုံအမိုးမှာ ချိတ်ထားသည့် လော်စပီကာကို အသံကျယ်ကြီးနှင့် ဖွင့်လေသလဲ မသိ။ ထိုအသံတွေကြောင့် ကုမ္ပဏီရုံးခန်းထဲမှာ အိပ်နေသော လင်းခန့် အိပ်ရာမှ နိုးလာပါသည်။

အိပ်လို့မရမည့်အတူ မထူးတော့ပါဘူးဆိုပြီး မျက်နှာသစ်၊ သွားတိုက်၊ အဝတ်အစားလဲပြီး ကားမှတ်တိုင်နားက လက်ဖက်ရည်ဆိုင်ဆီသို့ ထွက်လာခဲ့ပါသည်။

ကားမှတ်တိုင်မှာကတော့ အစဉ်လာမပျက် လွှန်ခဲ့သော အနှစ်နှစ်ဆယ်က စံချိန်ကို မကျိုးအောင် ထိန်းသိမ်းထားတုန်းပင် ဖြစ်သည်။ မနက် ခုနစ်နာရီလောက်သာ ရှိသေးသည်။ ခရီးသည်တွေက ကားမှတ်တိုင်မှာ အပြည့်။ လင်းခန့် စဉ်းစားမိပါသည်။ ကားမောင်းနေရင်း မီးပွိုင့်မှာ ကား တန်းရှည်ကြီး ပိတ်မိနေ၍ အချိန်အကြာကြီး စောင့်နေရသည့်အခါမျိုး — ကျောင်းချိန်ရုံးချိန်တွေ့မှာ ကားတွေ Block ဖြစ်နေ၍ ကိုယ်တိုင်လည်း အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြိုးကိစ္စရှိသည့်အခါမျိုးမှာ စိတ်တော်တော်ညစ်ဖူးသည်။ ကားဝယ်စီး မိတာ မှားပြီလားလို့။ သူ့လိုပဲ ကားမှတ်တိုင်မှာ ကားစောင့်နေသော ခရီး သည်တွေကလည်း သူတို့မှာ ကားရှိလျှင် ဘယ်လောက်ကောင်းမလဲဆို သော အတွေးကို တွေးနေကြမှာ အမှန်ပင်ဖြစ်သည်။

မနက်ခင်းမို့ လက်ဖက်ရည်ဆိုင်မှာက လူစည်လို့နေသည်။ တော်ပါ သေးသည်။ လက်ဖက်ရည်ဆိုင်မှာက ကက်ဆက်မဖွင့်ထားသဖြင့် တော် သေးသည်။ ကျဆိမ့်လက်ဖက်ရည်တစ်ခွက်နှင့် နံပြားထောပတ်သုတ်ကို မှာပြီး စားရင်းသောက်ရင်းက လင်းခန့် ကားမှတ်တိုင်ဆီသို့ ကြည့်နေမိ သည်။

"သတ္တဝါတွေ ကျန်းမာကြပါစေ ... ချမ်းသာကြပါစေ ... "

ရုတ်တရက်ဆိုသလို မေတ္တာပို့သံကို ကြားရသဖြင့် လင်းခန့် အသံ လာရာဘက်သို့ ကြည့်လိုက်သောအခါ ဦးသြဘာ ဖြစ်နေသည်။ ဦးသြဘာ က ပါးစပ်က အသံကို မတိုးမကျယ်ရွတ်ရင်း လက်ဖက်ရည်ဆိုင်ထဲ ဝင်လာ သည်။

"ဦးသြဘာ ... လာ ... ဒီမှာထိုင် ... ဘာသောက်မလဲ"

လင်းခန့်က ခုံလွတ်တစ်လုံး ဆွဲယူပြီး ဦးသြဘာကို ထိုင်ခိုင်းလိုက် သည်။

"သာဓုကွာ ... သာဓု ... ဗိုက်ကတော့ ဆာနေပြီဟေ့ ... မနက် အစောကြီးကတည်းက ထပြီး သတ္တဝါတွေ မေတ္တာပို့ရ၊ နတ်ဗြဟ္မာတွေကို မေတ္တာပို့ရနဲ့ ဦးအဖို့ နေ့စဉ်တာဝန်ကြီးပေါ့ကွာ ... ဒါကလည်း လူဆိုတာ သူ့ဝါသနာနဲ့သူကိုး ... "

လင်းခန့်က ဦးသြဘာစကား နားထောင်ရင်းမှ စားပွဲထိုးကို လက် ဖက်ရည်မှာလိုက်သည်။

"လူတွေနဲ့ကွာ ... ရှင်သန်ချိန် ခဏအတောအတွင်းမှာ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေအပေါ် မေတ္တာထားဖို့ နှုတ်ဖျားလေးကနေ ဝေနေယျသတ္တဝါတွေ မေတ္တာပို့ပေးဖို့ ဘာဖြစ်လို့ ဝန်လေးကြသလဲ မသိဘူး …”

လင်းခန့် နည်းနည်း စိတ်ညစ်သွားပါသည်။ ဦးသြဘာက သူ့ကို လက်ဖက်ရည်သောက်ရင်း မေတ္တာနှင့် ပတ်သက်သည့် တရားတွေများ ဟောကြားလေမလား မသိ။ ဦးသြဘာ ပြောနေသမျှကို လက်ဖက်ရည် သောက်ရင်းမှ လင်းခန့်က နားထောင်ရင်း ဘာစကားမှ မပြောဘဲ ခေါင်းကိုချည်း တွင်တွင်ညိတ်နေမိပါသည်။

….. ❀ …..

“ဒီလို … မေတ္တာပို့တဲ့နေရာမှာ စိတ်ရဲ့တည်ငြိမ်မှုကလည်း အရေးပါတယ် …”

လင်းခန့် သည်နေ့တော့ ပြဿဒါး မလွတ်တော့ပြီလို့ စဉ်းစားမိလိုက်သည်။ ကြည့်လေ … ။ လက်ဖက်ရည်ဆိုင်ထဲကနေ မေတ္တာပို့သည့် အကြောင်းကို ပြောသော ဦးသြဘာက လက်ဖက်ရည်ဆိုင်ကနေ ပြန်လာတော့လည်း လမ်းမှာ မေတ္တာပို့နေခြင်းအကြောင်းကို ရှင်းပြလို့ မပြီးသေး။ လင်းခန့်ခမျာလည်း ‘အင်း’ လိုက်လိုက် ခေါင်းညိတ်လိုက်နှင့် သံပတ်ရုပ်တောင် ဖြစ်တော့မည်။

“အတော်ပဲဗျို့ … ဒီက ဦးသြဘာကော ဟောဒီက ငါ့တူပါ တွေ့ရတာ …”

လင်းခန့် ထီပေါက်သလို ဝမ်းသာသွားမိပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ဦးသြဘာ၏ မေတ္တာပို့သံ စကားစ ရပ်တန့်ဖို့ ရပ်ကွက်လူကြီး ဦးခင်မောင်ရီက နှုတ်ဆက်လိုက်သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်စဉ် ... အစဉ်လာမပျက် ဓမ္မာရုံမှာ ပဋ္ဌာန်းပွဲ ကျင်းပမဲ့ကိစ္စ ဒီနေ့ နေ့လယ်သုံးနာရီ အစည်းအဝေးရှိတယ်ဗျို့ ... လာဖြစ်အောင် လာ ရှာ ... "

ရပ်ကွက်လူကြီး ဦးခင်မောင်ရီ စကားအဆုံး ဦးသြဘာက ...

"လာနိုင်မယ် မထင်ဘူးဗျ ... "

"ဘာဖြစ်လို့လဲ ဦးသြဘာရ ... "

"အဲဒီအချိန်ဆို ကျုပ်က ရွှေတိဂုံဘုရား တက်နေကျဗျ ... "

"ဟာဗျာ ... တစ်ခါတလေပဲဟာ ကိုယ့်ရပ်ကိုယ့်ရွာ ဘေးအန္တရာယ် ကင်းစေဖို့ ပဋ္ဌာန်းပွဲကိစ္စပဲဗျာ ... "

"ဘေးကင်းပြီးသားပါဗျာ ... ကျုပ်က နေ့တိုင်း မေတ္တာပို့နေတာ ပါ ... ရွှေတိဂုံဘုရားမှာလည်း နေ့စဉ် အဓိဋ္ဌာန်အရ မေတ္တာပို့နေတာ ပျက် ကွက်လို့ မကောင်းဘူး ... ရပါတယ်ဗျာ ... ခင်ဗျားတို့ အစည်းအဝေးလုပ် မှာသာ လုပ် ... "

ဦးခင်မောင်ရီက လင်းခန့်ကို ကြည့်ရင်း ...

"ငါ့တူကော လာနိုင်တယ် မဟုတ်လား ... "

"အားရင်တော့ လာခဲ့ပါ့မယ် ... ဒါပေမဲ့ မအားလည်း ရပါတယ်၊ ဦးတို့ အလှူခံတဲ့အခါ လာခဲ့ပါ ... ကျွန်တော် လှူပါ့မယ် ... "

"သာဓုကွာ ... သာဓု ... ကျန်းမာပါစေ ချမ်းသာပါစေကွာ ... "

ဦးခင်မောင်ရီက ဆုတောင်းမေတ္တာပို့ပေးပြီး အနီးနားကနေ ထွက် သွားတာကို ဦးသြဘာက သူ့စကားလုံး ယူသုံးရမလားဆိုပြီး မသိမသာ မျက်စောင်းထိုးလိုက်ပါသည်။

......❀......

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... လောကကြီးမှာ မေတ္တာပို့တာကိုတောင် မနာလိုသူတွေ ရှိနေပါသလားလို့ မဆီမဆိုင် လင်းခန့် တွေးနေမိပါသေးသည်။

...... ...... 

"ဝန်ထမ်းတွေခန့်ဖို့ ဘယ်နေ့လောက် စ,မလဲ ... "

သည်နေ့တော့ လင်းခန့် မနက်စောစောစီးစီး အိပ်ရာနိုးလို့ ထင်ပါသည်။ ကိုတိုးနှင့် သိန်းထွတ်ဝင်းတို့ကလည်း တစ်ခါဖူးမှ ကုမ္ပဏီရုံးခန်းကို အစောကြီး မလာစဖူး အလာထူးရင်းက အလုပ်ကိစ္စတွေကို ပြောသဖြင့် လင်းခန့် အံ့သြနေမိသည်။

"ချက်ချင်းကြီး မစီစဉ်နဲ့ဦး ကိုတိုးရ ... ပထမဦးဆုံး သတင်းစာထဲကို ကြော်ငြာထည့် ... သူတို့ရဲ့ ကိုယ်ရေးရာဇဝင်အချက်အလက်တွေ ဘာတွေ အသေအချာကြည့် ... နည်းနည်းပါးပါး မေးမြန်း အင်တာဗျူးပြီးမှ ခန့်ကွာ ... ပြီးတော့ ကိုယ်က အလုပ်ကုန်ပစ္စည်းရောင်းတာဆိုတော့ ဝန်ထမ်းတွေ ရုပ်ရည်က သင့်တင့်ဖို့တော့ လိုတယ် ... "

လင်းခန့်အကြံကို နှစ်ယောက်စလုံးက မကန့်ကွက်ပါ။

"အေးပါ ... မင်း ကြိုက်သလိုသာ လုပ် ... "

သိန်းထွတ်ဝင်းက စားပွဲပေါ်က လမ်းညွှန်စာအုပ်ကို ဖွင့်ပြီး ဟိုကြည့်ဒီကြည့် ကြည့်နေလို့။

"ဒါနဲ့ ... မင်းနယ်သစ်ပယ်သစ် ကန်တော်ကြီးရောက်တာ ဘယ်လိုနေသလဲ ... "

ကောက်ခါငင်ခါ ဆိုသလို သိန်းထွတ်ဝင်းက လင်းခန့်ကို မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားဖို့ ကောင်းတာပေါ့ကွာ ... အဲဒီမှာ ဈေးရောင်းတဲ့ အင်တာနက်ဆာမိဆိုတဲ့ ကုလားလေးတစ်ယောက်ရှိတယ် ... အဲဒီ ကန်တော်ကြီးထဲ လာတဲ့ အတွဲတွေအကြောင်း ဒင်းက ဘာသိသလဲ မမေးနဲ့ အပ်ကျတာကအစ သိတယ် ... ငါ့အဖို့ ကန်တော်ကြီးထဲမှာ သွားထိုင်တာ အတွေ့အကြုံသစ်တွေရတာပေါ့ကွာ ... ဒီနေ့လည်း အင်တာနက် ဆာမိနဲ့ တွေ့ဖြစ်အောင် တွေ့ရဦးမယ် ... "

"ကြည့်လည်းလုပ်ပါ လင်းခန့်ရာ ... တော်ကြာ ပြဿနာတွေ ဘာတွေ တက်ဦးမယ် ... "

"ဒီမှာ သိန်းထွတ်ဝင်း ... ကုလားလေးဆာမိ ပြောပြတာ ငါ ပြောပြမယ် ... "

လင်းခန့်က မနေ့တုန်းက အင်တာနက်ဆာမိနှင့် တွေ့ရာမှစ၍ ဆာမိ ပြောပြသော အကြောင်းအရာတချို့ကို ကိုတိုးနှင့် သိန်းထွတ်ဝင်း တို့အား ပြောပြလိုက်သည်။

သည်နှစ်ယောက် ဘာဖြစ်တယ် ညာဖြစ်တယ် ပြောပေမဲ့ လင်းခန့် စကား နားထောင်ရင်း ရယ်လိုက်ပြုံးလိုက်နှင့် ဖြစ်နေတော့သည်။

"ဒီနေ့ လုပ်စရာရှိတာတွေ လုပ်ပြီးရင် ငါတော့ ပန်းခြံကို သွားမယ် ကိစ္စရှိရင် ငါ့ဟမ်းဖုန်းသာ ဆက်ပေတော့ ... "

လင်းခန့်က စကားကို ဖြတ်ချပြီး လုပ်စရာရှိသည့် အလုပ်ကိစ္စများ ကို ဆက်လုပ်လို့နေသည်။

ကိုတိုးနှင့် သိန်းထွတ်ဝင်းတို့နှစ်ယောက်ကလည်း ... သတင်းစာ အဟောင်းများ တွဲထားသော ဖိုင်ကိုလှန်ပြီး အလုပ်ခေါ်သော ကြော်ငြာ တွေကို ကြည့်ပြီး ကုမ္ပဏီမှာ ဝန်ထမ်းခေါ်မည့် ကြော်ငြာကို အကြမ်းရေး နှင့် လုပ်နေကြသည်။

"လင်းခန့် ... ဒီလိုဆို ကောင်းမလား ... "

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်က ကိုတိုးပေးသော ဝန်ထမ်းခေါ်ယူမည့် ကြော်ငြာကို ကြည့်လိုက်သည်။ နည်းနည်းပါးပါး ပြင်စရာရှိသည်များကို ပြင်ပေးလိုက်သည်။

လင်းခန့် နာရီကို ကြည့်လိုက်တော့ နေ့လယ် ဆယ်နာရီထိုးသွားပြီ ဖြစ်သည်။

ဘာမှမပြောဘဲ ကားကို မောင်းပြီး ထွက်လာခဲ့တော့သည်။

ကုမ္ပဏီရုံးခန်းမှာတော့ သူငယ်ချင်းနှစ်ယောက်က ကြော်ငြာကိစ္စအတွက် တိုင်ပင်လို့ ကောင်းနေဆဲပင် ဖြစ်သည်။

----- ❀ -----

ကန်တော်ကြီးပန်းဥယျာဉ်သည် နေ့လယ်ခင်းမို့ အနည်းငယ် ထိုင်ခုံတန်းလျားအချို့ လွတ်နေသည်။ အရိပ်အာဝါသကောင်းမည့် သစ်ပင်ကြီးအနီးအနားရှိ ခုံတန်းလျားပေါ်တွင် ထိုင်ရင်း အနီးပတ်ဝန်းကျင်ကို ကြည့်မိသည်။

သစ်ပင်အောက်မှာ၊ ကန်စပ်မှာ၊ တံခါးဖွင့်ထားသော ကားနောက်ခန်းမှာ၊ မြက်ခင်းပြင်ပေါ်မှာ အတွဲတွေ ထိုင်ပြီး စကားပြောသူပြော၊ တစ်ဦးနှင့်တစ်ဦး ရင်ချင်းအပ်ပြီး အေးအေးငြိမ်း၊ အိအိငြိမ်းလို ရင်ချင်းဆက်သူတွေဆက်၊ နေပူသဖြင့် ထီးမိုးပြီး ကာထားသူ ကာထားနှင့် အချစ်ဥယျာဉ်ကြီး ဖြစ်လို့နေသည်။

"အာရေး ... အစ်ကို ရောက်နေတာ ကြာပြီလား ..."

မမျှော်လင့်ထားဘဲ အင်တာနက်ဆာမိက ကြိမ်ဆွဲခြင်းဆွဲပြီး ရောက်လာသည်။

"ဘယ်လိုလဲ အင်တာနက် စျေးဦးပေါက်ပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင်ဖိုးလောက်တော့အဆင်ပြေသွားပြီဗျ ... တကယ်တမ်း ရောင်းရင်တော့ ရောင်းရတာပေါ့ဗျာ ... ဆာမိနော် ဒီလို ဈေးရောင်းတာ အတွဲတွေကို အားပြုရောင်းရတာမှန်ပေမဲ့ သူတို့ အချစ်ရေယာဉ်ကြော နစ်မျောနေတဲ့ အချိန်တော် ဆာမိ သွားမရောင်းဘူး ... အနှောင့်အယှက် မပေးဘူး ... ဒီလိုရောင်းရင် အားနာပြီး ဝယ်မှန်းသိတယ် ... ဆာမိ မလုပ် ဘူး ... ကုလားလေးနော် သူတို့အရိပ်အခြေအနေ ကြည့်တယ် ... စကား ပြောနေပြီဆိုမှ သွားရောင်းတယ် ... မဝယ်ဘူးနော် ... အတင်းမရောင်း ဘူး ... ဒါ ကုလားလေးရဲ့ ကျင့်ဝတ်ပဲ ... "

လင်းခန့်တစ်ယောက် အင်တာနက်ဆာမိကို လေးစားမိသထက် လေးစားသွားပါသည်။

"ကဲပါကွာ ... ထိုင်ပါဦး ... ငါ့ကို ရေသန့်တစ်ဘူးပေးကွာ ... ပြီး တော့ မနေ့က မင်းပြောတဲ့အကြောင်းတွေ ဆက်စမ်းပါဦး ... "

"အာရေး ... အစ်ကိုက ဒီပန်းခြံရဲ့ သဘောသဘာဝ လူတွေရဲ့ ဇာတ် လမ်းတွေကို မကြားရ မနေနိုင် ဖြစ်ပြီကိုး ... "

ဆာမိက ရေသန့်ဘူးတစ်ဘူးကို ပေးရင်းမှ ရယ်ရင်း လင်းခန့်အား ပြောလိုက်ပြီး လင်းခန့်နားမှာ ဝင်ထိုင်လိုက်ပါသည်။

"အာရေးအစ်ကိုနော် ... ညနေ လေးနာရီမှာလာတဲ့ အဘိုးကြီးနဲ့ သူ့ဟာမလေးအတွဲ ရှိသေးတယ် ... အဘိုးကြီးက အရွယ်နဲ့မလိုက် စကား တွေက ဘာနုသလဲ မမေးနဲ့ ... ကောင်မလေးက အဘိုးကြီးကို ချူစားနေ တာ ... အဘိုးကြီးကိုနော် လာတိုင်း ဟိုဟာဝယ်ခိုင်း ဒီဟာဝယ်ခိုင်းနဲ့ ... အဲဒီလို ဝယ်ခိုင်းလို့ အဘိုးကြီးက ပိုက်ဆံထုတ်ပေးပြီးပြီဆိုတာနဲ့ နှမြေ ထင်ရဲ့ အိမ်ကအကြောင်းတွေပြောရင်း တက်ချင်သလို နှလုံးခုန်ချင်သလို အဘိုးကြီး ကျုံ့ရစ်ပြီး ပါးစပ်က ပွစိပွစိတွေပြောတော့တာ အစ်ကိုရေ ချောင်းတဲ့သူတွေဆို အဲဒီအတွဲကို ရှောင်တယ် ... တော်ကြာ အဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်ရင် မဆီမဆိုင် ဆေးရုံပို့ရမှာမို့လို့ ... ”

စကားကောင်းနေတုန်း လူတစ်ဦးက ဆာမိထံမှ ရေသန့်ဘူး လာဝယ်သဖြင့် ဆာမိက ရောင်းလိုက်သည်။ ထိုလူ ထွက်သွားသောအခါမှ ဆာမိက ထိုလူကို ကြည့်ပြီး ...

“အာရေး ... စောစောက ရေသန့်ဝယ်တဲ့လူ တွေ့လား ... သူလည်း ဒီပန်းခြံကို အမြဲတမ်း လာတာ ... သူက အတွဲချောင်းတာ တော်တော်ဝါသနာပါတာ ... သူတစ်ယောက်တည်း မဟုတ်ဘူး ... သူ့သူငယ်ချင်းတွေ ရှိသေးတယ် ... ပိုက်ဆံတော့ ချမ်းသာလိမ့်မယ် အစ်ကို ... ဟမ်းဖုန်းတွေဘာတွေနဲ့၊ သူက သူချောင်းတဲ့အတွဲ ပွဲကောင်းနေရင် ဟမ်းဖုန်းနဲ့ သူငယ်ချင်းတွေကို လှမ်းဆက်တာဗျ ... အတွဲချောင်းတာလည်း ဘာပိရိသလဲ မမေးနဲ့ ... ”

အင်တာနက်ဆာမိ ပြောမှပဲ လင်းခန့် ဟိုဟိုဒီဒီကြည့်တော့ ဆာမိ ပြောသလိုပါပဲ။ အတွဲမချောင်းရလို့ ရေးထားပေမဲ့ လူအချို့ မသိမသာနှင့် အတွဲတွေကို ချောင်းနေတာမျိုး တွေ့နေရသည်။

“အာရေး ... အစ်ကို လာမဲ့သောကြာနေ့ဆို ပွဲကောင်းပြီ ... စပိန်လာလီဂါမှာ ရီယယ်မက်ဒရစ်ပဲ ပထမရမလား ... ဘာစီလိုနာပဲ ပထမရမလားလိုပဲ ... ဖိုင်နယ်ပွဲမျိုး အတွဲတစ်တွဲ ရှင်းကြမယ် ... ဦးလေးကြီးတစ်ယောက်က နောက်တစ်ယောက် စမေ့ထားတာ အိမ်သူသက်ထားကြီးက သိသွားပြီး ရပ်ကွက်ထဲမှာရှင်းရင် ပြဿနာရှိလို့ ဦးလေးကြီး ချေ့ထားပြီး ရှင်းကြမယ်တဲ့ ... ဒီပွဲ ကြည့်ကောင်းမှာ စကားလုံးတွေ သူ့ထက်ငါ အပြိုင်အဆိုင် စကားရည်လုသလို ရင်ဖွင့်ကြမှာ ... ”

“ဟော့ ... ပွဲကြမ်းပြီပေါ့ ... ”

လင်းခန့်က သူ့နှုတ်မှနေ၍ အံ့အားတသင့်မျိုး ဖြစ်ရင်းမှ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာရေး ကုလားလေး သတိပေးရဦးမယ် ... တကယ်လို့များ အစ်ကို အတွဲများချောင်းဖြစ်ရင် သတိပေးရဦးမယ်၊ အဘိုးကြီးတစ်ယောက် နော် အသက်ကြီးတယ် ... သူက နေ့လယ် သုံးနာရီလောက်ကနေ ငါးနာရီ မှာ ချောင်းတာ ... သူနဲ့ သွားယှဉ်ပြီး မချောင်းနဲ့ ... သိပ်ပြဿနာရှာတာ၊ ဒီကန်တော်ကြီးဥယျာဉ်တစ်ကြောမှာ ဒီအဘိုးကြီး အဆိုးဆုံးပဲ ... "

"လုပ်ပါဦး ဆာမိရ ... ဘယ်လိုဆိုးတာလဲ ... "

လင်းခန့်က ရေသန့်ဘူးကို ထပ်မံ ဖွင့်သောက်လိုက်ပြီး မေးလိုက်ပြန်သည်။

"အသက်နဲ့ မလိုက်အောင် သိပ်ဆိုးတယ် အစ်ကို ... အတူတူ အတွဲ ချောင်းတာချင်းအတူတူ အတွဲက သိသွားပြီး ထိုင်ရာကနေ ထထွက်သွား ရင် ဒီအဘိုးကြီးက သူနဲ့အတူတူချောင်းတဲ့သူကို ထိုးမယ်ကြိတ်မယ်လုပ် တာ ... သူ့အသက်အရွယ်နဲ့ သစ်ပင်ပေါ်တွေ ဘာတွေတောင် တက်ချောင်း တာ၊ တစ်ခါတုန်းက အပင်ပေါ်က ပြုတ်ကျတာ ကံကောင်းလို့ မသေတာ၊ အဲဒီကတည်းက အပင်ပေါ်တက်ပြီး အတွဲမချောင်းတော့တာ ဒီနေ့ထိပဲ"

အင်တာနက်ဆာမိက စကားစကို ဖြတ်လိုက်ပြီး ပတ်ဝန်းကျင် အနေအထားကို အကဲခတ်လိုက်သည်။ ပန်းခြံထဲမှာက ယခုမှ လူတော် တော်စည်လာသည်။

"ကဲ ... အစ်ကို ... ကုလားလေး ဈေးရောင်းဦးမယ် ... နောက် နေ့ တွေ့ကြတာပေါ့ ... "

အင်တာနက်ဆာမိက ဈေးရောင်းဖို့ ပစ္စည်းများ ထည့်ထားသော ကြိမ်ဆွဲခြင်းကို လက်ဖြင့် ဆွဲယူလိုက်ရင်းက ထိုင်ရာမှ ထလိုက်သည်။ လင်း ခန့်က ...

"အေးကွာ ... ဆာမိရေ ... မင်းပြောမှ မင်းပြောနဲ့ အတွဲတွေ အကြောင်း မသိမသာ လေ့လာချင်စိတ်က အခုမှ ဖြစ်လာတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ရေး ... ဒါဆို လာမဲ့ သောကြာနေ့ နေ့လယ်လာခဲ့ _ စောစော က ကျွန်တော်ပြောတဲ့ ဖိုင်နယ်ပွဲလေ့ ... ကြည့်ကောင်းမယ်ဆိုတာ _"

"သြော် ... အေး ... အေး ..."

လင်းခန့်က စောစောတုန်းက ဆာမိပြောတာကို သတိရသွားသဖြင့် ပြုံးလိုက်သည်။

သည်လို စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာမျိုးကို မြင်ရတွေ့ရတာကိုက အတွေ့အကြုံသစ်ပဲဟု။

အင်တာနက်ဆာမိ ခြေလှမ်းတွေက ကမ္ဘာကျော်တာတို့ အပြေးသမားတောင် ဗိုသွားနိုင်ပါသည်။

လင်းခန့် လှမ်းမြင်နေရသော ခပ်ဝေးဝေး ကုန်းမြင့်လေးဆီက အတွဲတစ်တွဲနားဆီ ရောက်သွားပြီး ဟိုက ဘာခေါ်ဝယ်လဲ မသိ။ ဈေးရောင်းလို့ နေသည်။

အင်တာနက်ဆာမိ ပြောပြသော အတွဲတွေအကြောင်း နောက်ရက်တွေမှာတော့ လေ့လာဖြစ်အောင် လေ့လာတာ သူ့အတွက် အကျိုးမယုတ်ကောင်းဟု လင်းခန့်တစ်ယောက်တည်း ရေသန့်ဘူးကို ကုန်အောင်သောက်ရင်း တွေးနေမိသည်။

..... ❀ .....

တစ်ခါတလေလည်း ရေသန့်ဘူး ကုန်အောင်သောက်ပြီး တွေးရတာက တစ်မျိုးတော့ အရသာရှိလှပါသည်။ ငွေကုန်ကြေးကျလည်းသက်သာတာ အမှန်ပင်။

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com



လူတွေအကြောင်း ဝတ္ထုဖွဲ့မည်ဆိုလျှင်လည်း ဟောဒီ ကန်တော်ကြီး ပန်းဥယျာဉ်ကြီးမှာ ဝတ္ထုရေးစရာတွေက မကုန်နိုင်။ ခက်တာက ... လင်းခန့်က ဝတ္ထုရေးဆရာ မဟုတ်လို့သာ ... ။

နို့မို့ဆို ပွဲက ပြီးပြီ။

..... ❦ .....

လင်းခန့်ကသာ သည်လို တွေးချင်ရာ လျှောက်တွေးနေတာ။ အတွဲတွေကတော့ တဒင်္ဂအချိန်တွေမှာ ဘာကိုမှ မတွေးနိုင်မှာက အမှန်။

လောကကြီးမှာ ... အတွေးထက် ကောင်းတာတွေ လင်းခန့် မသိသေးတာ အများကြီးမှ အများကြီး ... ။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာကြီးမှာ
လူက နှစ်မျိုးပဲ ရှိတယ် ... ။
တစ်မျိုးက
ရှေ့တိုးပြီး လုပ်စရာရှိတာတွေ လုပ်တယ် .. ။
အဲ ...
နောက်တစ်မျိုးကတော့
ထိုင်နေတော်မူပြီး
ဒါကို ဒီလိုနည်းလမ်းတွေနဲ့
ဘာလို့ မလုပ်ကြတာလဲလို့
စုံစမ်းကြတာပဲ ... "

အော်လီဗာ ဒဗလျူ ဟုမ်းမ်စ်

www.burmeseclassic.com

www.burmeseclassic.com

## (၄)

မနက်စောစောစီးစီး လက်ဖက်ရည်ဆိုင်သွားဖို့ ဦးသြဘာများ သူ့အိမ်ရှေ့က လမ်းပေါ်မှာ မေတ္တာပို့လေနေသလားလို့ လင်းခန့် မသိမသာ အကဲခတ်မိသည်။ လင်းခန့် နည်းနည်း စိတ်သက်သာရာ ရသွားပါသည်။ ဦးသြဘာကို လမ်းပေါ်မှာ မေတ္တာပို့တာ မတွေ့ရသောကြောင့် ဖြစ်ပါသည်။

အေးအေးဆေးဆေး လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း တီးဆွဲပြီး ယနေ့လုပ်ရမည့်ကိစ္စများကို တွေးရင်း ငြိမ့်နေမိသည်။

အချိန်အတော်ကြာ တစ်ယောက်တည်း ထိုင်ပြီး ကုမ္ပဏီရုံးခန်းရှိရာသို့ ပြန်လာခဲ့သည်။

"သွား ... နင် ... ပြန်မလာနဲ့ ... နင့်မှာ ငါ့ထက် ပိုချစ်ရမဲ့သူ တွေ့နေပြီလား ... "

"ဟဲ့ ... တိုးတိုးပြော ... နင် ဒီလိုပြောတာ ပတ်ဝန်းကျင်မှာ ငါ့သိက္ခာကျတယ် ... "

"ဘာ သိက္ခာလဲ ... သိက္ခာတစ်ရွေးသားတောင် မရှိတဲ့ သူကများ"

www.burmeseclassic.com

www.burmeseclassic.com



“နင် အဲဒီလို မပြောနဲ့ ... ငါတို့ ချစ်သူဖြစ်ကြတုန်းက နင်က ငါ့ကို မောင် ... မောင်လို့ ခေါ်တာ နင် မေ့ပြီလား ... ”

ကြားရသော အသံများကြောင့် လင်းခန့် ပြုံးမိသည်။ ကုမ္ပဏီနှင့် မျက်နှာချင်းဆိုင်အိမ်မှ ဗီဒီယိုအခွေငှားဆိုင် ဖွင့်ထားသော ကိုချစ်ခေါင်နှင့် မမွေးတို့လင်မယား တစ်ဘက်နှင့်တစ်ဘက် စကားလုံးတွေ စီးချင်းထိုးနေကြခြင်း ဖြစ်သည်။

ဘာတွေ ဆက်ဖြစ်ကြမလဲလို့ လင်းခန့် နားစွင့်နေမိသည်။

“အခွေဝယ်ခိုင်းလိုက်ရင် တော်တော်နဲ့ ပြန်မရောက်ဘဲ လမ်းပေါ်မှာ နေချင်တဲ့ကောင် ... သွား ... ပြန်မလာနဲ့ ... ”

“အေး ... သွားမယ် ... ညကျမှ ငါ့ကို မလွမ်းနဲ့ ... ”

ကိုချစ်ခေါင်က ဒေါသတကြီးဖြင့် အိမ်ရှေ့ကို ထွက်လာပါသည်။ ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်လိုက်သည်။

“ဟာ ... လင်းခန့် ... ဒါပဲကွာ ... ”

မပြုံးချင် ပြုံးချင် ပုံစံမျိုးနှင့် သူတို့လင်မယားနှစ်ယောက် ရန်ဖြစ်တာကို လင်းခန့်က မြင်သဖြင့် အရှက်ပြေ နှုတ်ဆက်လိုက်သည်။

“အစ်ကို့ရဲ့ နံနက်ချိန်ခါ တေးသံသာကတော့ ရှယ်ပဲ ... ”

“အလကားပါကွာ ... မိန်းမဆိုတာ သမီးရည်းစားဘဝပဲ ကောင်းတယ် ... လင်မယားဘဝဆို တစ်ယောက်ရဲ့ အားနည်းချက် တစ်ယောက်ထောက်ရင်း ပွစိပွစိလုပ်တာ ... အဲဒါ ငါတို့မှာ သားသမီးမရှိလို့ ... လုပ်ငန်းရှိတယ်၊ ငွေရှိပါလျက်နဲ့ သားသမီးရတနာ မရှိတော့ ငါ့မိန်းမက ဒီလိုရန်ဖြစ်တာ ... သားသမီး ရှိကြည့်ပါလား ... ဒါမျိုး ရန်ဖြစ်ချိန်တောင်ရမှာမဟုတ်ဘူး ... ”

ကိုချစ်ခေါင် ပြောတာ ဟုတ်တော့ ဟုတ်နေပါသည်။ ကိုချစ်ခေါင်တော့ မမွေးမှာပါ အိမ်၏ဆည်းလည်း မရှိသဖြင့် ဘေးနားကကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး ကျွေးရမွေးရနှင့် သူတို့အိမ်မှာ နေ့ကလေးထိန်းပင် ဖွင့်လို့ရသည်။

"ဒါနဲ့ ကိုချစ်ခေါင်ကို မမွေးက အခု နှင်ချတော့ ဘယ်ကိုသွားမှာလဲ ..."

"ဒါများ လင်းခန့်ရာ ... ကာရာအိုကေပေါ့ကွာ ... "

"ဗျာ ... "

ကိုချစ်ခေါင်ထံမှ ထွက်ပေါ်လာသော စကားသံကြောင့် လင်းခန့် နည်းနည်း အံ့သြသွားပါသည်။

"ကိုချစ်ခေါင်ကလည်းဗျာ ... အခုမှ မနက်အစောကြီး ရှိသေးတာ"

"စောပလေ့စေကွာ ... ကာရာအိုကေမှာက ငါ့အသိတွေချည်းပဲ၊ တစ်နေ့လုံး အရက်သောက်မယ် ... ညမှ အဝီဟဲမယ် ... မမွေး နှင်တော့ စိုးပွားပျက်ဖို့သာ ပြင်ထား ... "

အားရတက်ကြွသည့် ကြိုးဝါးသံနှင့်အတူ ကိုချစ်ခေါင်က လင်းခန့်နားကနေ ထွက်သွားပါသည်။ ကိုချစ်ခေါင်တို့အိမ်ထဲ လှမ်းကြည့်တော့ မမွေးက ကိုယ်တိုင် ဗီဒီယိုအခွေအငှားဆိုင်ကို တံခါးဖွင့်လို့နေသည်။

ဩော် ... 'မောင်တစ်ထမ်း မယ်တစ်ရွက်' စကားပုံရေးသူခမျာ ကိုချစ်ခေါင်နှင့် မမွေးတို့လင်မယားနှစ်ယောက်များ တွေ့ခဲ့လျှင် 'မောင်ကာရာအိုကေသွား ... မယ် ဗီဒီယိုအခွေဆိုင်တံခါးဖွင့်' စကားပုံများ ပြောင်းရေးလေမလား မသိ။

..... ❀ .....

လင်းခန့် ကုမ္ပဏီရုံးခန်း ပြန်ရောက်တော့ ကိုတိုးနှင့် သိန်းဇော်ဝင်းက မရောက်သေးပါ။ သည်နေ့ ... ကုမ္ပဏီ လုံခြုံရေးဝန်ထမ်းတို့ ကုမ္ပဏီ ဝန်ထမ်းတို့ စတာတွေကို လျှောက်လွှာနဲ့ စိစစ်ပြီး ခေါ်ယူမှာမို့ လင်းခန့်က

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်ကို မစောင့်ဘဲ ဘာလုပ်ရင်ကောင်းမလဲ စသည့် အစီအစဉ်တွေကို ဆွဲနေမိသည်။

"ဆောရီးကွာ ... နည်းနည်းနောက်ကျသွားတယ် ... "

ကိုတိုးနှင့် သိန်းထွတ်ဝင်းတို့က ရောက်လာရင်းမှ ကိုတိုးက ပြောလိုက်ခြင်း ဖြစ်သည်။

"ကဲ ... နောက်ကျတာ အသာထား ... နေ့လယ်တစ်နာရီဆို အလုပ်လျှောက်လွှာတွေ ချိန်းထားတာ လာတော့မှာ ... ဒီတော့ ဒီမှာ ငါဆွဲထားတဲ့ ဇယား ... ဘယ်နေရာမှာ လူဘယ်လောက်ခန့်မယ်ဆိုတာ မင်းတို့ ကြည့်ဦး ... "

လင်းခန့် ဆွဲထားသော အစီအစဉ်စာရွက်ကို ကြည့်ပြီး ကိုတိုးနှင့် သိန်းထွတ်ဝင်း ဘာစကားမှ မဆို။

"ဟေ့ကောင်တွေ ဘာမှမပြောဘဲနဲ့လည်း မနေနဲ့ဦးလေ ... နည်းနည်းပါးပါး ဝေဖန်ဦး ... "

လင်းခန့်က သတိပေးစကား ပြောလိုက်မှ ကိုတိုးက ...

"အရေးကြီးတာက လုပ်ငန်းအပေါ် စိတ်ဝင်စားဖို့နဲ့ ကျွမ်းကျင်တဲ့ သူတော့ လိုမယ်ကွ ... ဒီတော့ သေသေချာချာ မေးမြန်းပြီး လုပ်ရမှာပဲ"

"ဒါပေါ့ကွာ ... အလှနတ်သမီးဆိုတဲ့ ငါတို့ရဲ့ အလှကုန်လုပ်ငန်းအတွက် ဝန်ထမ်းတွေက လှဖို့ရယ် သန့်ရှင်းသပ်ရပ်ဖို့က အရေးကြီးတယ်"

လင်းခန့်က သူငယ်ချင်းနှစ်ယောက်၏စကားကို နားထောင်ရင်းမှ

"ငါတို့ရဲ့လုပ်ငန်းကို တစ်ဆင့်ချင်း လုပ်ရမှာပဲဟေ့ ... ဒါမျိုးက ကြော်ငြာမီဒီယာ အကုန်လုံးလိုတယ် ... "

"အေး ... အဲဒါဆိုလည်း လင်းခန့် မင်း ခဏခဏ ကန်တော့ကြီး သွားနဲ့ ... ကိုယ့်လုပ်ငန်းထဲမှာ စိတ်နှစ် ... အလကား သူများမိန်းမချော အေးတွေ လွှတ်လွှတ်လပ်လပ် ပန်းခြံထဲလာပြီး ချစ်စကားပြောကြ တိုင်ပင်

www.burmeseclassic.com



ဩ – နမ်းကြ ရှုံ့ကြတာတွေကို သွားမချောင်းနဲ့ ... ”

အရေးထဲ သိန်းထွတ်ဝင်းက လင်းခန့်ကို သတိပေးစကား ဆိုလိုက်သည်။

“ခက်တာပဲ သိန်းထွတ်ဝင်းရာ ... ငါက ပန်းခြံထဲ သွားတယ်ဆိုတာ အတွဲချောင်းဖို့ သွားတာမဟုတ်ဘူးလို့ မင်းတို့ကို ဘယ်နှစ်ခါ ပြောရမလဲ ... အဲဒီက လူတွေရဲ့အကြောင်းကိုသာ စိတ်ဝင်စားတာလို့ ... အင်တာနက်ဆာမိ ပြောတာတွေ မင်းတို့ကို ပြောပြရင် မင်းတို့လည်း စိတ်ဝင်စားမှာ ... ”

“တော်စမ်းပါကွာ ... သမီးရည်းစားတွေ နမ်းတာကို အရသာခံချင်တဲ့ကောင်ကများ ... ”

လင်းခန့်အား ကိုတိုးကလည်း ဝင်ပြီး ဝေဖန်ပြန်ပါသည်။

“နေစမ်းပါဦး ... မင်းတို့ကို သမီးရည်းစားနမ်းတာ ဘာကြောင့်နမ်းသလဲ သိလို့လား ... ”

လင်းခန့်အမေးကို သိန်းထွတ်ဝင်းက ...

“လာ လာချည်သေးရဲ့ကွာ ... နမ်းတာက နမ်းတာပဲပေါ့ ... ”

“မှားတယ် သိန်းထွတ်ဝင်း၊ အနောက်နိုင်ငံက လူတွေ ဘာကြောင့်တစ်ဦးနဲ့တစ်ဦး ပါးစပ်ချင်း အာဝါးပေးနမ်းကြသလဲ သိလား ... အဲဒါ သူတို့သွားတွေရဲ့ကြွေလွှာတွေကို ကာကွယ်ပေးဖို့ပဲ ... ”

လင်းခန့်စကားကြောင့် ... သိန်းထွတ်ဝင်းကော ကိုတိုးကပါ နားမလည်နိုင်အောင် ဖြစ်သွားသည်။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ရောက်တော့ ကုမ္ပဏီမှာ လာလျှောက်သူတွေကို လူတွေ့အင်တာဗျူးရ၏။ ထိုအထဲမှ စိတ်ကြိုက်ဝန်ထမ်းများကို ရွေးချယ်ပြီး နှစ်ရက်သုံးရက်အတွင်း မည်သူ့ကို ရွေးချယ်မည်ဆိုသည့်အကြောင်း အလုပ်လျှောက်သူတွေကို ပြောရ၏။ ရွေးချယ်ထားသူများထဲမှ အသင့်တော်ဆုံး ဝန်ထမ်းများအဖြစ် မည်သူတွေကို ရွေးချယ်မလဲဆိုတာ သူငယ်ချင်းသုံးယောက် တိုင်ပင်ကြရင်း ညရောက်လို့ ရောက်မှန်းတောင်မသိ။

—— ❦ ——

လင်းခန့် တွေးပါသည်။ ကန်တော်ကြီးပန်းခြံထဲက အင်တာနက်ဆာမိကတော့ မျှော်ကို မျှော်နေမှာပဲလို့။

အရေးကြီးတာက နက်ဖြန်ပဲ ဖြစ်ပါသည်။ သောကြာနေ့ဆိုတော့ အင်တာနက်ဆာမိပြောသော ဖိုင်နယ်ပွဲကြီးပွဲကောင်းကို လေ့လာဖြစ်အောင် လေ့လာရမည်လို့ ... ။

—— ❦ ——

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ...
တိတ်တိတ်ဆိတ်ဆိတ်လေး
နေနေတယ်ဆိုပေမဲ့
အကျယ်လောင်ဆုံးအသံက
ရှိတဲ့အခါ ရှိတတ်တယ် ..."

လီရှိုင်ဘရောင်းလော

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

## (၅)

လုပ်လက်စ အလုပ်တွေဖြတ်ခဲ့ပြီး လင်းခန့် ကန်တော်ကြီးပန်းခြံသို့ ထွက်လာခဲ့သည်။ ရာသီဥတုက ပန်းခြံထဲမှာ သာသာယာယာပါပဲ။ တစ်ခါတစ်ခါ ဥသြငှက်တွန်သံတောင် ကြားရသေးသည်။ လိပ်ပြာလေးတွေကလည်း ဟိုဝဲဒီဝဲ ပျံသန်းနေကြသည်။

သောကြာနေ့ဆိုတော့ ကြားရက်မို့ လူရှင်းနေသည်။ လင်းခန့်က သူ ထိုင်နေကျနေရာမှာ ထိုင်ရင်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ သူ ထိုင်နေသော ခုံတန်းလျားနားမှာက ဘာမှမရှိ။

မသိမသာ ဟိုကြည့်ဒီကြည့်နှင့် အင်တာနက်ဆာဗိကို ကြည့်မိသေးသည်။ ဘာအရိပ်အရောင်မှ မတွေ့ရ။ သည်နေ့က သောကြာနေ့ဆိုတော့ အင်တာနက်ဆာဗိပြောသော ဗိုင်နယ်ပွဲကိစ္စ ရှင်းကြလင်းကြမှာကို အင်တာနက်ဆာဗိ သတိမမေ့ကောင်းပါဟု တွေးနေမိသေးသည်။

“အရေး ... အစ်ကို ရောက်နေတာ ကြာပြီလား ...”

ရုတ်တရက် နှုတ်ဆက်သံကြားရသဖြင့် ရွှေထုပ်ကောက်ရသလို

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့် ဝမ်းသာသွားသည်။

သူ့ရှေ့တည့်တည့်မှာ ကြိမ်ခြွဲခြင်းကို ချွဲထားပြီး မည်းမှောင်နေသော အသားအရေနှင့် မည်သို့မှ မလိုက်ဖက်အောင် အင်္ကျီအပြာရောင်ကို ဝတ်ဆင်ထားသော ဖြူဖွေးနေသည့် သွားများကို ပေါ်အောင် ပြုံးပြရင်းမှ အင်တာနက်ဆာမိက နှုတ်ဆက်ရင်း ရောက်လာလို့ဖြစ်သည်။

"တော်သေးတာပေါ့ကွာ ... ငါက မင်း ဒီနေ့ လာမှလာပါ့မလားလို့"

"အာရေး အစ်ကို ဆာမိ လာရမှာပေါ့ ... ဒီပန်းခြံက ဆာမိရဲ့ ထမင်းအိုးပဲဟာ ... ကျွန်တော် အစ်ကို ဒီလောက် စကားပလ္လင်ခံနေရင် တစ်ခုခု သိချင်လို့ပဲ ဖြစ်မယ် ... "

လူရိပ်လူကဲ သိသော ဆာမိပဲဟု လင်းခန့်က စိတ်ထဲကနေ ချီးကျူးလိုက်သည်။

"မင်းပဲ ပြောတယ်လေကွာ ... ဒီနေ့ သောကြာနေ့မှာ ဖိုင်နယ်ပွဲ ရှိတယ် ... ရှင်းကြလင်းကြမယ်ဆိုတာလေ ... အဲဒါ ငါ စိတ်ဝင်စားလို့ပါ"

"သြော် ... ဒါလား ... အာရေး အရင်တုန်းကတော့ အတွဲမချောင်းဘူး ဘာဘူးနဲ့ အစ်ကို စိတ်ဝင်စားလာပြီ မဟုတ်လား ... "

"အတွဲချောင်းဖို့ မဟုတ်ပါဘူးကွာ ... လေ့လာဖို့ပါ ... "

"ဒီလိုဆိုရင် ... အစ်ကို ကျွန်တော်နဲ့ လိုက်ခဲ့ ... အဲဒီ ရှင်းကြလင်းကြမဲ့အနီးနားက ခုံတန်းလျားမှာ အစ်ကို မသိမသာ ထိုင်နေရင်း အကဲခတ်"

"ဒါဆို ... ဒီအတိုင်းကြီးတော့ မကောင်းပါဘူးကွာ ... ငါ့ကို ရေသန့် တစ်ဘူးပေး ... "

အင်တာနက်ဆာမိ ဆီကနေ ရေသန့်တစ်ဘူး လင်းခန့်က ဝယ်လိုက်သည်။ ထို့နောက် အင်တာနက်ဆာမိနှင့်အတူ လင်းခန့်က လိုက်ပါလာခဲ့သည်။

—— ✿ ——

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ခက်ပါ၏။ စပ်စုတယ်ပဲ ပြောပြော နည်းနည်းထူးဆန်းတာလေးကိုမှ စိတ်ဝင်စားမိတာက အပြစ်တော့ မဟုတ်ပါ။

..... ❧ .....

"အစ်ကို ဒီခုံမှာထိုင် ... ဟောဟို ကန့်စပ်နားမှာက အခု ဖိုင်နယ်ပွဲ ကျင်းပမဲ့ ဦးလေးကြီးနဲ့ သူ့စမောလေး ထိုင်တာ ... အစ်ကို ရေသန့်သောက်ပြီး မသိမသာ အကဲခတ် ... ကျွန်တော် ဈေးသွားရောင်းဦးမယ်"

အင်တာနက်ဆာမိက လင်းခန့်ကို ရေစပ်အနီးနားက ချုံတန်းလျားတစ်ခုကို ခေါ်လာပြီး ထိုင်ခိုင်းလိုက်သည်။ ပြီးတော့ မှာကြားစရာရှိသည်များကို မှာကြားရင်း ကြိမ်ဆွဲခြင်းကို လက်ကဆွဲကာ ဈေးရောင်းဖို့ ထွက်သွားသည်။

လင်းခန့်က ရေသန့်ဘူးကို ဖွင့်သောက်လိုက်ပြီး ရေစပ်မှာ ကျောက်ချပြီး အကြည်ဆိုက်နေသော ကရဝိတ်မောင်နှံကို ကြည့်နေမိသည်။ ကရဝိတ်မောင်နှံကလည်း အသက်သာ ရှိမည်ဆိုလျှင် သူတို့မောင်နှံ မြင်ရသောမြင်ကွင်းတွေကို ပြောပြချင်မှာက အမှန်ပင် ဖြစ်လိမ့်မည်ဟု မဆီမဆိုင်လင်းခန့်က တွေးနေမိသေးသည်။ တစ်ဆက်တည်းသလို သူများအကြောင်းကို စပ်စုချင်သော လင်းခန့်ကို သူငယ်ချင်းနှစ်ယောက်က သည်ပုံစံကိုမြင်သွားလျှင် ဘယ်လောက်များ ပစ်ပစ်နှစ်နှစ် ဝေဖန်ပြီး ပြောလေမလဲဆိုတာ တွေးရင်း ပြုံးနေမိသေးသည်။

ထိုအချိန်မှာပင် ဆလွန်းကားတစ်စီးက လင်းခန့်ထိုင်သော အနီးအနားမှာ ရပ်လိုက်သည်။ ကားမောင်းသည့် နေရာကနေ အသက်ငါးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ကျော့်အရွယ် ရုပ်ရည်သန့်သန့် ဦးလေးကြီးတစ်ဦး ဆင်းလာသည်။ လင်းခန့်က ကားနောက်ခန်းထဲ မသိမသာ အကဲခတ်လိုက်တော့ အသက်သုံးဆယ်အရွယ် အသားညိုညိုနှင့် အနည်းငယ် လှပအောင် ပြင်ဆင်ထားသော အမျိုးသမီးတစ်ဦးက ထိုင်နေတာကို တွေ့ရသည်။

သေချာပြီ ... ဒါ အင်တာနက်ဆာမိပြောသော ဖိုင်နယ်ပွဲကိစ္စအတွက် ရောက်လာတာပဲ ဖြစ်မည်ဟု။

ဦးလေးကြီးက ကားနောက်ခန်းက အမျိုးသမီးကို တံခါးဖွင့်ပြီး အတင်းခေါ်လို့နေသည်။ ထိုအမျိုးသမီးက နည်းနည်း အင်တင်တင် ဖြစ်နေသည်။ ဦးလေးကြီးက လက်ဆွဲပြီး ကားပေါ်က ဆင်းခိုင်းသည်။ နောက်ဆုံးတော့ ဦးလေးကြီးနှင့် ထိုအမျိုးသမီးတို့က လင်းခန့် ထိုင်နေသော ခုံတန်းလျားနှင့် မလှမ်းမကမ်းတွင်ရှိသော ရေစပ်အနားမှာ ထိုင်ကြဖို့လုပ်နေသည်။

လင်းခန့် ရယ်ချင်ပါသည်။ ဦးလေးကြီးက ခါးကြားမှာ ထိုးထားသော ဂျာနယ်အဟောင်းတစ်အုပ်ကို ဖြန့်ခင်းလိုက်ပြီး အမျိုးသမီးကို ထိုင်ခိုင်းသည်။ သည်ဦးလေးကြီးမှာ မိဘနှစ်ပါးသာရှိလျှင် ထိုကဲ့သို့ အမိအဖထိုင်ဖို့ နေရာများ ယခုလို ခင်းမှခင်းပေးဖူးလေသလား မသိ။

ဘာဆက်ဖြစ်မလဲ လင်းခန့် အကဲခတ်နေမိသည်။ ဘဝမှာ သူများအကြောင်း စပ်စုတာ ပထမဦးဆုံးမို့ နည်းနည်းတော့ ရင်ခုန်ချင်လာသည်။

..... ❀ .....

"အစ်ကိုကြီး ... အေး ကြောက်တယ် ... အစ်ကိုကြီးပြောတော့ ပြဿနာက အေးဆေးပါဆိုလို့ ... အခု အစ်ကိုကြီးအိမ်ကဟာနဲ့ အေးနဲ့ ထိပ်တိုက်ပေးတွေ့တာ အေး ရင်မဆိုင်ချင်ဘူး သိလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမျှား အေးနဲ့ အစ်ကိုကြီးရဲ့ ချစ်ဗိမ္မာန်ရဲတိုက်ကို ဖြိုခွဲလိုက်သလဲ မသိပါဘူးကွာ ... သက်သက် ဒုက္ခပေးတာ ..."

တစ်ဦးနှင့်တစ်ဦး အချီအချ ပြောဆိုနေသံကို လင်းခန့် ကြားနေရသည်။ ဦးလေးကြီးက စကားလုံး သုံးစွဲတာတွေ အတော်လေး သစ္စာရှိသားဟု လင်းခန့် တွေးလိုက်သည်။

"အစ်ကိုကြီးဘဝမှာ အေးဟာ မရှိမဖြစ် လိုအပ်နေတဲ့သူပါကွယ် ... ဒီကိစ္စတွေ အစ်ကိုကြီး ရှင်းမယ် ..."

"အစ်ကိုကြီးက ရှင်းမယ်သာ ပြောတာ ... တစ်ရပ်ကွက်လုံး သိရုံမက ဟိုဘက်ရပ်ကွက်တွေကပါ သိကုန်ပြီ ... အစ်ကိုကြီးအိမ်ကဟာကြီး လာရင် တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပါ ..."

အမျိုးသမီးလေးသံက စောစောကထက်ကို နည်းနည်းမာလာသည်။ အေး့ဆိုသော အမျိုးသမီး၏ စကားသံတွေထဲမှာ ရာဇသံ ပါလာသလိုပင်။

ဟမ်းဖုန်းသံ ကြားလို့ လင်းခန့်က မသိမသာ သူ့ဟမ်းဖုန်းလား ယောင်ပြီး ကြည့်လိုက်မိသေးသည်။

တော်ပါသေးသည်။ သူ မသိမသာ ကြည့်နေသော ဦးလေးကြီး ဟမ်းဖုန်း ဖြစ်နေလို့။

"ဟဲလို ... ဟဲလို ... လာခဲ့ကွာ ... မင်း ဖုန်းဆက်မနေနဲ့ ... ဘာ ဝန်းခြံထဲ ရောက်နေပြီ ဟုတ်လား ... ငါ ရပ်ထားတဲ့ကားကို တွေ့အောင်ရှာ ... မင်းကွာ ... တော်တော် ဒုက္ခပေးတဲ့နတ်ဆိုးပဲ ..."

ဦးလေးကြီးက မတ်တတ်ရပ်ရင်းက လင်းခန့်အနီးနားကနေ ဖုန်းကို အသံကျယ်ကျယ်နှင့် ပြောရင်းမှ ဖုန်းကို ပိတ်ချလိုက်သည်။ ပြီးတော့ သူ၏ အေး့ဆိုသော အမျိုးသမီးအနားမှာ စိတ်ပျက်လက်ပျက်ပုံနှင့် သွားထိုင်ချလိုက်သည်။

ဖိုင်နယ်ပွဲဆိုတော့ ကစားကွက်က နည်းနည်းမိလာသလိုမျိုး လင်း

www.burmeseclassic.com



ခန့် စိတ်ဝင်စားမှုတွေက ရှေ့ဘာဖြစ်လာမလဲဆိုပြီး ပိုသိချင်လာမိသည်။

..... ❋ .....

"ဩော် ... တော်က ဖုန်းထဲမှာကျတော့ ဒေါသသံနဲ့ အခုကျတော့ ဒီဟာမဘေးမှာ ဇိမ်တွေ့နေတယ်ပေါ့ ... "

ဒတ်ဆန်း ပစ်ကပ်ကားတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်ကနေ သရုပ်ဆောင် ပွင့်နှင့် နင်လားငါလား ခန္ဓာကိုယ်ရှိမည့် အမျိုးသမီးတစ်ဦး က လက်ထဲမှာ ငါးမုန့်ကြော်ထုပ်ကြီးတစ်ထုပ် ကိုင်ထားရင်းမှ ကားပေါ်က ဆင်းလာကာ ရေစပ်နားမှ ဦးလေးကြီးနှင့် သူ၏ ဘာညာလေးကို အော် ကြီးဟစ်ကျယ် အော်ပြောလိုက်သည်။

လင်းခန့် ရုတ်ချည်း မှတ်ချက်ချလိုက်ပါသည်။ ဒါကြောင့် ဒီဦးလေး ကြီး ထွက်ပေါက်အကြီးကြီးရှာတာ ဖြစ်မည်လို့။

"ဟဲ့ ... နင့်အသံ အော်ကြီးဟစ်ကျယ်နဲ့ လုပ်မနေနဲ့ ... ဒါ ပန်းခြံ နင် နားလည်လား ... "

ဦးလေးကြီးက ပြန်တွယ်ပါသည်။

"နားလည်တာတွေ ဘာတွေ လုပ်မနေနဲ့ ... ဒီနေ့ နင့်ကိစ္စ အပြတ် ရှင်းမှာ ... "

စည်ပိုင်းကြီးလို အမျိုးသမီးကြီးက ဦးလေးကြီးဘေးနားမှ အေး ဆိုသော အမျိုးသမီးကို နဂါးမျက်စောင်းထိုးသလို ကြည့်လိုက်ရင်းက ...

"ဟဲ့ ... ကောင်မ ... ညည်းကတော့ ပျော်နေမှာပေါ့ ... ဒီကောင် နဲ့ ငါနဲ့ ကိစ္စပြတ်ပြီးရင် ... နင်က သူ့ဆီက သိပ်ရမယ်ထင်နေလား ပိုင်လုံးမ ရဲ့ ... "

ခန္ဓာကိုယ် စည်ပိုင်းကြီးလို အမျိုးသမီးကြီးက ငါးမုန့်ထုပ်ကို ဖောက်

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်သည်။

"ကျွန်မကို ပိုင်းလုံးမလို့ မခေါ်နဲ့ ... ကျွန်မကို အစ်ကိုကြီးက သူ့ဘဝရဲ့ ထွက်ပေါက်အတွက် ရှာရင်းက ကျွန်မရင်ခွင်မှာ လာနားခိုတာ"

အေးဆိုသော အမျိုးသမီးကလည်း ပြန်ပြောသည်။ ဒါကို အမျိုးသမီးကြီးက ငါးမုန့်တစ်ထုပ်လုံး ကုန်အောင် စားလိုက်ပြီးမှ ...

"ဟဲ့ ... နားခိုမှာပေါ့ ... နင်က တစ်ခုလပ်ဆိုတော့ ပတ်ချွဲနှပ်ချွဲလုပ်တော့ ဟိုက ငြိတာကိုး"

အမျိုးသမီးကြီးက တစ်သျှူးနှင့် ပါးစပ်ကို ပြောင်အောင်သုတ်လိုက်ပြီး ပြောလိုက်သည်။

"ငြိမှာပေါ့ ... ယောကျ်ားတစ်ယောက်ဆိုတာ ဆွဲဆောင်မှုရှိမှ ... ကိုယ့်နားမှာ နေမှာပေါ့ ..."

"ဘာလဲ ... ညည်းက ငါ့ စောင်းပြောတာလား ... အရင်တုန်းက ဒီကောင်က ငါ့ရဲ့ ဝတ့်ခန္ဓာကိုယ်ကိုပဲ ကြိုက်လှချည်ဆိုပြီး ယူတာ ... တကယ်တော့ ဆိုက်ကားနင်းတဲ့ ဒီကောင်က ငါ့မှာ ပိုက်ဆံရှိလို့ ငွေမက်ယူတာဟဲ့ ..."

မိန်းမသားနှစ်ဦး တစ်ဘက်နှင့်တစ်ဘက် ပြဿနာရှင်းတာမျိုးမဟုတ်ဘဲ စကားရည်လုပွဲလို ဖြစ်နေပါသည်။ အခုချိန်ထိ ချိန်ခွင်လျှာနှစ်ဖက်နင်းသော ဦးလေးကြီးက ဘာစကားမှမဆို။

"ဟဲ့ ... အကောင် ... ဒီကိစ္စကို ရပ်ကွက်ထဲမှာ မရှင်းချင်ရအောင် ဒီကောင်မက မြှောက်ပေးလို့လား ... ဒီမှာ ငါ အပြတ်ပြောမယ် —"

စည်ပိုင်းလိုခန္ဓာကိုယ်နှင့် အမျိုးသမီးကြီးက စကားစကို ခေတ္တခေတ္တ ရပ်တန့်ရင်းမှ ပတ်ဝန်းကျင်အနေအထားကို ကြည့်လိုက်ရင်းက လင်ငယ်နှင့်ကို မြင်သွားပါသည်။ ပြောပြောဆိုဆိုပါပဲ လူနှင့် မလိုက်သော ခြေကျင်းမျိုးနှင့် ထင်းခန့်ထိုင်နေသော ခုံတန်းလျားဆီ လှမ်းလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်အဖို့ စိတ်ထဲကနေ မှားပြီဟု တွက်လိုက်သည်။ စည်ပိုင်းလို ခန္ဓာကိုယ်နှင့် အမျိုးသမီးကြီး သူ့ကို ဘာလုပ်မလို့ပါလိမ့်ဟု။

"ဒီက မောင်လေးရယ် ... အစ်မကို မောင်လေး လက်ထဲမှာကိုင်ထားတဲ့ ရေသန့်ဘူးကရေ နည်းနည်းလောက် တိုက်ပါကွယ် ... ကိစ္စတွေရှင်းရတာ မောလွန်းလို့ ... "

လင်းခန့် ကြောင်သလိုလို ဖြစ်သွားရင်းမှ ...

"ရပါတယ် သောက်ပါ သောက်ပါ ... "

လင်းခန့် ကမ်းပေးသော ရေသန့်ဘူးကို ယူရင်း အမျိုးသမီးကြီးက လင်းခန့်ဘေးနားမှာ ထိုင်ကာ ရေသန့်ဘူးကို ယူပြီး မော့သောက်လိုက်သည်။

ထိုအမျိုးသမီးကြီး ရေသောက်နေပုံက ဆင်ကြီးတစ်ကောင် ရေသောက်နေပုံနှင့် အတော့်ကို တူလှသည်။

"မောင်လေးကို အားနာလိုက်တာ ... ငါ့မောင်လေးတော့ ... တစ်ယောက်တည်း ထိုင်ရင်း ကြားမလားတော့ မသိဘူး ... အိမ်ကကောင်ပေါ့လေ ... နောက်မိန်းမ ယူတယ်လေ ... အဲဒါ ဒီကောင်မနဲ့ ပျော်ချင်လို့ အစ်မရဲ့ပစ္စည်းတွေပါ ကောင်မက လိုချင်တာ ... ဒါ ဒီကောင့်ပစ္စည်းတွေမှ မဟုတ်တာ ... ဒီကောင့်ကို အစ်မက ကယ်တင်ထားရတာ ... ဘယ်ရမလဲ ... ခင်မမတဲ့ ... ဒါမျိုးလုပ်လို့ မရဘူး ... "

ထိုင်ရာမှ လှစ်ခနဲထကာ စောစောကဦးလေးကြီးနှင့် အေး‌ဆိုသည့် အမျိုးသမီးရှိရာသို့ ရောက်သွားပြန်သည်။

"ဟဲ့ ... နင်က ငါ့သိက္ခာကို သူ့ဘာသာသူ အေးအေးလူလူနဲ့ ထိုင်နေတဲ့လူကိုပါ သွားပြောပြီး သိက္ခာချပြန်ပြီပေါ့ ... ရပ်ကွက်ထဲလည်း နင်လိုက်ပြောတာ ကုန်ပြီ ဝက်မရဲ့ ... "

"ဘာ ... နင်က ငါ့ကို ဝက်မ ဟုတ်လား ... ဒီမယ်လေး ကြားလို့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဲ့လား ... ဒါ နှင့်ကောင်မကြောင့် ဒီလိုပြောတာ ... ”

ခင်မမဆိုသော အမျိုးသမီးကြီးက အော်ကြီးဟစ်ကျယ်နှင့် အော်ပြောလိုက်သည်။

“ဟဲ့ ကောင်မ ... နှင့်ပါးစပ်ပိတ် ... ငါ့ကို နက်ဖြန်ကျရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေး ... ”

“အေး ... အခုကို ထိုးပေးမယ် ... ပြီးရင် နှင့်ရဲ့ ခါးဝတ်ခါးစားနဲ့ အိမ်ပေါ်က ဆင်းဖို့ပြင် ... ”

ခင်မမဆိုသော အမျိုးသမီးကြီးက လင်းခန့်ရှိရာ အော်ဟစ်ပြောရင်း ဆိုရင်းမှ ရောက်လာပြန်သည်။

“မောင်လေး ... ရေနည်းနည်းတိုက်ပါဦးကွယ် ... ဒီကောင့်ကိစ္စ ရှင်းရတာ အာခြောက်တယ် ... ”

လင်းခန့် ရေဘူးကို ကမ်းပေးရင်းမှ အင်တာနက်ဆာမိ သတင်းပေးကောင်းလွန်းလို့ သည်နေရာမှာ လာထိုင်ပြီး ဖိုင်နယ်ပွဲကြည့်တာ မှားပြီလားလို့။ ဘောလုံးက ကွင်းထဲမှာ မကန်ဘဲ ကွင်းပြင်က ပရိသတ်ထဲမှာပါ ဝင်ကန်နေလို့ ဖြစ်ပါသည်။

“ကျေးဇူးပဲကွယ် ... ”

ခင်မမဆိုသော စည်ပိုင်းခန္ဓာကိုယ်နှင့် အမျိုးသမီးကြီးက ရေကို တစ်ငုံသောက်လိုက်ရင်းမှ စောစောကနေရာသို့ ပြန်သွားပြန်သည်။

“ကားထဲမှာ စာချုပ်ပါတယ် ... နှင့်ကို ဒီမှာ တစ်ခါတည်းကွာမယ် ... ဟဲ့ ... မယားငယ်မ နင်ကတော့ သဘောကျမှာပေါ့ ... ”

ခင်မမဆိုသော အမျိုးသမီးကြီးက တော်တော် စိတ်မြန်လက်မြန်ရှိသည်လို့သာ ပြောရမည်။ စောစောက သူမကိုယ်တိုင် မောင်းလာသော အက်ဆန်းပစ်ကပ်ခေါင်းခန်းထဲမှ စာချုပ်နှစ်စောင်ကို သွားပြေးယူပြီး ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ငါ အဆင်သင့်လုပ်လာတယ် ... ဟောဒီမှာ တွေ့လား၊ ဒီနှစ်စောင်လုံး နှင့် လက်မှတ်ထိုးရမှာ ... ငါ ရှေ့နေတွေနဲ့ စီစဉ်ပြီးပြီ"

ခင်မမဆိုသော အမျိုးသမီးကြီးက ဦးလေးကြီးလက်ထဲ စာချုပ်တစ်ခုကို ပစ်ပေးလိုက်သည်။ ပြီးတော့ ... ဘာကို သတိရသွားသည်မသိ ခုံတန်းလျားမှာ ထိုင်နေသော လင်းခန့်ကို လှမ်းကြည့်ပြီး ...

"မောင်လေး ... မောင်လေး ... "

လင်းခန့်အဖို့ သည်နေ့ ပြဿဒါးက အတုံးလိုက် အတစ်လိုက် ဆောင့်ပြီလို့။

"မောင်လေးရယ် အားနာပါတယ် ... အစ်မကို ရေလည်းနည်းနည်း တိုက်ရင်း တစ်ခုကူညီပါဦးကွယ် ... "

လင်းခန့်အနား ရောက်လာကာ လင်းခန့် လက်ထဲမှ ရေသန့်ဘူးကို ဆွဲယူစကားပြောရင်းမှ ရေသန့်ဘူးကို မော့သောက်ပြန်သည်။

"ဘာ ... ကူညီရမလဲ အစ်မ ... "

"ဒီလိုပါကွယ် ... မင်းမှာ ဘောပင်ပါတယ်မဟုတ်လား ... အစ်မနဲ့ အိမ်ကကောင် စာချုပ်မှာ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ထိုးဖို့ ဘောပင်ပါမလာလို့ ခဏငှားပါကွယ် ... ပြီးတော့ မောင်လေးက သက်သေအဖြစ် လက်မှတ်ထိုးပေးပါလား ... "

"ဗျာ ... "

ခင်မမဆိုသော အမျိုးသမီးကြီးစကားကြောင့် လင်းခန့်တစ်ယောက် အံ့အားသင့်ရင်းမှ မြင်နေရသော ရေထဲပြေးဆင်းပြီး ရေလယ်ခေါင်ရောက် သည်အထိ ကူးသွားကာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပင် ပေါ်လာ သွားပါသည်။

လင်းခန့် ဆုံးဖြတ်ချက်တစ်ခုကို လျှင်လျှင်မြန်မြန် ချလိုက်ပါသည်။

"ရော့ ... အစ်မ ... ဒီမှာ ဘောပင် ... ဒီရေသန့်ဘူးလည်း အစ်မ

www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင်သောက်လိုက်တော့ ... ဘောပင်လည်း အစ်မ အပိုင်ယူ ... အစ်မတို့ကိစ္စ အစ်မတို့ဘာသာ ရှင်း ... ကျွန်တော် ချောင်းစရာ ... အဲ ... သွားစရာရှိသေးလို့ ... ”

“မောင်လေး ... မောင်လေး ... အားနာစရာ ဖြစ်ပြီကွယ် ... ”

အင်္ကျီအိတ်ကပ်ထဲမှ ဘောပင်ကို အလျှင်အမြန် ထုတ်ပေးပြီး ထိုင်ရာမှ သုတ်ခြေတင်ထွက်လာခဲ့သော လင်းခန့်က ခင်မမဆိုသော အမျိုးသမီးကြီး လှမ်းခေါ်တာကို လှည့်ပင်မကြည့်တော့။

သူတို့ဘာသာသူတို့ ဘာဖြစ်ဖြစ် ကိုယ့်အလုပ် မဟုတ်ဟု ... ။

..... ❦ .....

ပန်းခြံထဲမှာ အင်တာနက်ဆာမိများ တွေ့လေမလား ရှာကြည့်သေးသည်။ အင်တာနက်ဆာမိနှင့်တူတာဆိုလို့ သူ့အသားအရေနှင့်တူမည့်အင်္ကျီအနက်ရောင်ဝတ်ရုံသည့်သူတောင် မတွေ့ရ ... ။

..... ❦ .....

ဘာပြောကောင်းမလဲ ... ။ ကိုတိုးနှင့် သိန်းထွတ်ဝင်းကို ဖြစ်သမျှ ချောင်းသမျှ ကမောက်ကမကိစ္စ ပြောပြမိတော့ ဒင်းတို့နှစ်ယောက် ရယ်လိုက်ကြတာ မပြောပါနှင့်။

နောက်တစ်ခါဆို ရေသန့်ဘူး ဒါဇင်လိုက်ယူသွားဟု အကြံတောင် ပေးပါသည်။

www.burmeseclassic.com



ပထမနေ့ စပ်စုပါမယ် ... အတွေ့အကြုံ ရချင်ပါတယ်ဆိုမှ ကမောက်ကမနဲ့မှ လင်းခန့်ခမျာ တိုးရတာ နည်းနည်းနောနောကုသိုလ် မဟုတ်ပါလား ... ။

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com

"လာကြဗျို့ ...
မိတ်ဆွေတို့
ကမ္ဘာသစ်ရှာဖို့
နောက်မကျသေးပါဘူး ... "

အဲလ်ဖရက်တဲနီဆင်

..... ၏ .....

www.burmeseclassic.com

www.burmeseclassic.com

(၆)

အလုပ်ခန့်ထားသော ဝန်ထမ်းများကို သူနေရာနှင့်သူ အစီအစဉ်ကျစွာ စီမံခန့်ခွဲနေရသဖြင့် ယခုနှစ်ရက်သုံးရက်အတွင်း သွားနေကျ ကန်တော်ကြီးပန်းခြံကို လင်းခန့် မသွားဖြစ်။

ပြီးတော့ ကုန်ပစ္စည်းပရိုမိုးရှင်းလုပ်ဖို့ ရောက်ရှိလာသည့် ပစ္စည်းတွေကို မည်သည့်နေရာ မည်သည့်ဆိုင်သို့ နမူနာယူသွားပြီး ပြရမည့်ကိစ္စတွေကိုလည်း သူငယ်ချင်းသုံးယောက်သား တိုင်ပင်ရသေးသည်။

"အောင်မြင်အောင် လုပ်ရတဲ့ကိစ္စက မလွယ်ဘူးဟေ့ ... "

ကိုတိုးက ပရိုမိုးရှင်းလုပ်ဖို့ ရွေးချယ်ထားသော ဆိုင်နာမည်များကို စာရွက်ပေါ်မှာ ကွန်ပျူတာနှင့် ရိုက်နှိပ်ထားသည်အား ကြည့်ရင်းမှ ညည်းလိုက်သည်။

"အရေးကြီးတာက ကိုယ့်ရဲ့ ကုန်ပစ္စည်းဟာ လူထုကြားထဲ စ,သိဖို့ အရေးကြီးတယ် ... ဒီမှာ ကိုတိုး ... မင်း မှတ်ထား ... [illegible]န်းမတွေ ရှိနေသရွေ့ ရောင်းမကောင်းတဲ့ အလှကုန်ပစ္စည်း မရှိဘူးသိတာပဲကွ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဒါပေါ့ လင်းခန့်ရာ ... အခုဟာက တို့က ရှိပြီးသားဟာတွေကို ဖောက်ထွက်ရမှာဆိုတော့ ... "

သိန်းထွတ်ဝင်းကို လင်းခန့် ကြည့်လိုက်သည်။ သူ့ပုံစံက ပြိုင်ပွဲမဝင်ခင်ကပင် ရှုံးမည့်အမူအရာမျိုးလို ဖြစ်နေသည်။

"လူမှာ အဓိကပြောရရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ပဲ ... ကိုယ်တိုင်ယုံကြည်မှုမရှိတဲ့သူဟာ ဘဝမှာ အလိုလို ရှင်နေလျက်နဲ့ သေပြီးသားပဲ ... မင်းတို့တွေက အတုမယူတတ်လို့ ... ပင့်ကူတစ်ကောင်ကို ကြည့်၊ မင်းတို့ကတော့ ထင်မှာပဲ ... ပင့်ကူနဲ့အတူ ရစ်ဖွဲ့နေတဲ့ ပင့်ကူမျှင်တွေဟာ ဘာမျှမဟုတ်တဲ့ အမျှင်ပဲလို့ ... တကယ်တော့ အဲဒီပင့်ကူအမျှင်တစ်မျှင်ရဲ့ ခိုင်မာမှုက အဲဒီအမျှင်နဲ့ အရွယ်အစားတူတဲ့ သံမဏိကြိုးတစ်ချောင်းနဲ့ ညီတယ် ... သူက သူ့ရဲ့ ခိုင်မာမှုနဲ့ သူ့ပင့်ကူအိမ်ကို တည်ဆောက်ပြီး သူ့ဖြစ်တည်မှုနဲ့နေတာ ... ငါတို့လည်း ငါတို့ပစ္စည်းအတွက် ပစ္စည်းအရည်အသွေးက ကောင်းတာ ဘာဂရုစိုက်စရာလိုလဲ ... "

လင်းခန့်စကားကို နှစ်ယောက်စလုံး ငြင်းဆိုခြင်းမပြုကြ။

"အေးကွာ ... လင်းခန့် ... မင်းပြောမှ ငါတို့ အားတက်သွားပြီ ... ဒီတော့ တို့ လုပ်စရာရှိတာ ဆက်လုပ်တော့မယ် ... "

သိန်းထွတ်ဝင်းက ကိုတိုးလက်ထဲမှ ပရိုမိုးရှင်းလုပ်မည့်ဆိုင်များရေးထားသည့် စာရင်းစာရွက်ကို ယူလိုက်သည်။

"ကဲ ... ငါလည်း ပျက်ကွက်နေတဲ့ ငါ့တာဝန်ကို ယူလိုက်ဦးမယ်၊ သွားပြီ ... "

"ဟောကောင် လင်းခန့် ... မင်းက ငါတို့ကို ထားခဲ့ပြီလား ... ဟာကွာ ... ဒီကောင်နဲ့ ပြောတော့ ဘာလေးညာလေးနဲ့ ... မင်းကွာ"

ကုမ္ပဏီရုံးခန်းထဲမှ ထွက်သွားသည့် လင်းခန့်ကို သိန်းထွတ်ဝင်းက နောက်ကနေ အော်ပြောလိုက်သည်။ ကုမ္ပဏီဝန်ထမ်းတွေက ဘာဖြစ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိသဖြင့် မသိမသာ အကဲခတ်နေလို့။

လင်းခန့်အဖို့ကတော့ ကန်တော်ကြီးကို နှစ်ရက်သုံးရက် မရောက်သဖြင့် ဘာတွေဖြစ်နေပြီလဲဆိုတာသာ စဉ်းစားနေမိသည်။

..... ❀ .....

ကန်တော်ကြီးပန်းခြံသည် ... နှစ်ရက်သုံးရက်အတွင်းမှာ ဘာမှ မပြောင်းလဲပါ။ အရင်လိုပါပဲ။ အတွဲတွေ ရှိသည်။ မိသားစုတွေ လာကြ။ အပန်းဖြေကြ။ ကားတွေ ရပ်ထားတာရှိသည်။ ကန်တော်ကြီးထဲက စားသောက်ဆိုင်တွေမှာ စားသူ စားနှင့်။ ပြီးတော့ ကရဝိတ်ငှက်မောင်နှံ နှစ်ကောင် အရင်တိုင်းပါပဲ။ ရေစပ်မှာ ကျောက်ချနေလို့။ ဆော့သည့်ကလေးတွေက မြက်ခင်းပေါ်မှာ ဆော့လို့။

"အာရေး အစ်ကို ... ဘယ်လိုဖြစ်လို့ ပျောက်နေတာလဲ ... ကုလားနော် မျှော်နေတာ ... "

ယခင် ထိုင်နေကျ ခုံတန်းလျားဆီ ထိုင်မလို့ လှမ်းလာစဉ် ခုံတန်းလျားမှာ ကြိုရောက်နေသော အင်တာနက်ဆာမိက မေးလိုက်ခြင်း ဖြစ်သည်။

"ကုမ္ပဏီအလုပ်တွေကြောင့်ကွာ ... ကဲ ... ပေးပါဦး ... ရေတစ်ဘူးလောက် ... "

အင်တာနက်ဆာမိက ရေသန့်ဘူးကို ဆွဲခြင်းထဲကထုတ်ပြီး ပေးလိုက်ရင်းမှ ပြုံးလိုက်သည်။

"ဆာမိ ... မင်း ဘာပြုံးတာလဲကွ ... "

"ဩော် ... အစ်ကိုနော် ... ဆာမိရဲ့ ရေသန့်ဘူးကို စွဲသလို ကန်တော်ကြီးဥယျာဉ်ကိုလည်း စွဲတာပဲလို့ ... "

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်က ရေသန့်ဘူးကို ဖောက်သောက်လိုက်သည်။

"ဆာမိရေ ... ဒီကန်တော်ကြီးပန်းခြံကို စွဲလို့ ငါ့မှာ မင်းပြောတဲ့ ခိုင်နယ်ပွဲကို မသိမသာ အကဲခတ်တာ ကိုယ်ပါ ကြားထဲက ပြဿနာထဲ ပါတော့မလို့ဟေ့ ... "

"အာရေး အစ်ကို အဲဒီပွဲစဉ်က ဘယ်သူပထမရပြီး ဘာဖြစ်သွားလဲ"

အင်တာနက်ဆာမိကို လင်းခန့်က ဖြစ်ကြောင်းကုန်စင် ပြောပြပါတော့သည်။ လင်းခန့်စကား နားထောင်နေသော အင်တာနက်ဆာမိက ခွက်ထိုးခွက်လန် ရယ်နေသည်။

"အာရေး အစ်ကို ... သူတို့ ဘယ်လိုရှင်းကြသလဲ မသိဘူး ... အခု လောတော့ဘူး ... စိတ်ဝင်စားစရာ အတွဲတစ်တွဲ လျှော့သွားတာတော့ နှမြောသား ... "

ဆာမိက ပတ်ဝန်းကျင်အနေအထားကို အကဲခတ်လိုက်သည်။ ပြီးတော့ သူ့လက်မှာ ပတ်ထားသည့် ဓာတ်ခဲနာရီကို ကြည့်ပြီး ...

"အာရေး ... စိတ်ဝင်စားမယ်ဆိုရင် မယ်ဗမာအတွဲရှိတယ် ... လာတော့မယ် ... "

"ဘာလဲ ... မိန်းမလျာကြီးအတွဲလား ... "

"ဟုတ်တယ် အစ်ကို ... အစ်ကို ဗဟုသုတအဖြစ် သိချင်ရင် လိုက်ပို့မယ် ... "

ဖြစ်ချင်ရာဖြစ် တစ်ခုခုတော့ သိရမှာပဲလို့ဆိုပြီး လင်းခန့်က ဆုံးဖြတ်လိုက်သည်။

"ကဲ ... အစ်ကို ... ကုလားလေးကိုနော် ရေသန့်ဘူးဖိုး ပေးချေမယ် ... "

ထိုအခါကျမှ လင်းခန့်ခမျာ ရေသန့်ဘူးဖိုးပေးဖို့ သတိရသွားပါသည်။

"ဆောရီးကွာ ... ငါ မေ့သွားလို့ ... "

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်ပေးသော ပိုက်ဆံကို အင်တာနက်ဆာမိက ယူရင်းမှ

"အာရေး အစ်ကို ... ကုလားလေးကို တစ်မျိုးမထင်ပါနဲ့ ... ခင်တာ က ခင်တာ ... စီးပွားရေးက စီးပွားရေးမို့ပါ ... အစ်ကိုလည်း စီးပွားရေး လုပ်တာမဟုတ်လား ... ကိုယ့်ပိုက်ဆံရဖို့ အားမနာပါနဲ့ ... နောက်ဆုံး ကိုယ့်အဖေကိုတောင် ရစရာရှိရင် တောင်းပါ ... နို့မို့ဆို ကျန်တဲ့ညီအစ်ကို သားချင်းတွေကပါ အကြွေးလုပ်သွားမယ် ... "

အရေးထဲ အင်တာနက်ဆာမိက လမ်းညွှန်ဆိုဆုံးမနေပြန်သေးသည်။

"ကဲပါ ... ပညာရှိရယ် ... ကျွန်တော့်ကို လိုက်ပို့ပါ ... "

အင်တာနက်ဆာမိက သူ့ကို ပညာရှိလို့ခေါ်သဖြင့် အတော်ကျေနပ်သွားပုံရပါသည်။ ပြုံးရွှင်သော မျက်နှာနှင့် ...

"အာရေး ... ဒီနေ့ထိ ကျွန်တော့်ကို ပညာရှိလို့ ဘယ်သူကမှ မခေါ်ကြဘူး ... မထင်ကြဘူး ... ကျွန်တော့်တန်ဖိုးကို သိတဲ့အစ်ကို့ကို Thank you"

လင်းခန့်တစ်ယောက် အင်တာနက်ဆာမိကို စကားလုံးတွေနှင့် ပင့်ပေးတာ များပြီလား မသိ။ အင်တာနက်ဆာမိကတော့ တက်ကြွသည့် ခြေလှမ်းများနှင့် ရှေ့ကနေ သွားလို့နေပါသည်။

..... ❀ .....

နေရာလေးက တော်တော်ကောင်းသည်။ ဤကုန်းပေါ်ရှိ အပင်ကြီးအောက်ကနေ ထိုင်ပြီး ကြည့်လိုက်လျှင် ကန်တော်ကြီးပန်းခြံ မြင်ကွင်းတွေကို အပေါ်စီးကနေ မြင်နေရသည်။

"အာရေး ဒီမှာထိုင် ... ဟိုနားမှာ တွေ့လား ... အဲဒါ ယောဗမာကြီးတို့အတွဲ ထိုင်မဲ့နေရာ ... စောကြာ ရောက်လာတော့မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ဆာမီက ထိုင်ရမည့်နေရာ ညွှန်ပြရင်း ပန်းခြံထဲ ဈေးလှည့်ရောင်းဖို့ ထွက်သွားသည်။ လင်းခန့်လည်း မယ်ဇမာမိန်းမလျှာကြီးနှင့် သူ့ကောင်လေးအတွဲကို စိတ်ဝင်တစားနှင့် အကဲခတ်ဖို့ ပါလာသော ဒေါက်တာကျော်စိန်၏ စိတ်ပညာဆောင်းပါး ပေါင်းချုပ်စာအုပ်ကို ထုတ်ဖွင့်ပြီး ဖတ်နေမိသည်။

----- ❦ -----

သစ်ရွက်ခြောက်တွေကို ဖိနှပ်နှင့် နင်းလိုက်သဖြင့် ထွက်လာသော အသံတွေကို ကြားနေရသည်။ စာအုပ်ကို ဖတ်နေရင်းမှ လင်းခန့် မသိမသာ ကြည့်မိလိုက်သည်။

"ဟိုက်ရှားဘား" လို့ ရေရွတ်ရမလိုတောင် ဖြစ်သွားသည်။ ဆံကေသာက ရှည်ရှည်။ ကိုယ်ခန္ဓာကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်နှင့် အသားအရေကလည်း ဖြူစင်ဝင်းမွတ်နေသည့် ခေတ်ပေါ်အဝတ်အစားဖက်ရှင်ဒီဇိုင်းကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးက လူငယ်လေးတစ်ဦးနှင့် လက်ချင်းချိတ်ပြီး လင်းခန့်ထိုင်နေသည့် အနီးအနားမှာ ဂျာနယ်စာရွက်ကိုခင်းပြီး ထိုင်လိုက်ကြသည်။

ထိုအမျိုးသမီးက ... မသိမသာ စာအုပ်ဖတ်နေသော လင်းခန့်ကို မျက်စိကစားပြီး ကြည့်လိုက်သေးသည်။

လင်းခန့် ကြက်သီးထသွားပါသည်။ တော်ရုံတန်ရုံလူသာဆိုလျှင် ထိုအမျိုးသမီးကို မိန်းမအစစ်ဟု ထင်မှာအမှန်ပင်၊ မိန်းမလျှာမန်း ဧည့်အောင်ကိုပင် မိန်းမဆန်ပြီး လှနေလို့ ဖြစ်ပါသည်။

"မ ... နေကြာစေ့ စားမလား ..."

ကောင်လေးက လက်ထဲမှာ ကိုင်ထားသော နေကြာစေ့ထုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ရင်းမှ မေးလိုက်သည်ကို မယ်ဗမာကြီးက ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေးက နေကြာစေ့ခွံတွေကို နွာပြီး မယ်ဗမာကြီးကို ခွံကျွေးနေတာ ကိုယ့်ရည်းစားအမျိုးသမီးစစ်စစ်တစ်ယောက်အား ခွံကျွေးနေသလိုပင်ဖြစ်သည်။ မယ်ဗမာကြီးကလည်း ကျေကျေနပ်နပ်ကြီး ကြည်နူးပြီး စားသုံးလို့နေသည်။

ကောင်လေး ဤအပြုအမူကို ကြည့်ခြင်းဖြင့် မယ်ဗမာကြီးအပေါ် ကောင်လေးက ကောင်းကောင်းကြီး ညာစားထားသည့်ပုံ ပေါ်နေသည်။

"မောင် ... မောင်ရေ ... မ,ကို ဆီးထုပ်ဖောက်ပေးဦးလေ"

မိန်းမအသံမျိုး တုပသည့်လေသံနှင့် မယ်ဗမာကြီးက ကောင်လေး၏ ပခုံးပေါ်သို့ မှီရင်းမှ ချွဲပြီး ပြောလိုက်သည့်အသံ တစ်စွန်းတစ်စအား လင်းခန့် ကြားရသည်။

"ရော့ ... မ ..."

ကောင်လေးက ဆီးထုပ်ကို ဖောက်ပြီး ကျွေးသည်။ ပြီးတော့ မယ်ဗမာကြီး ပါးစပ်အောက်မှာ မယ်ဗမာကြီးထွေးထုတ်ဖို့ လက်ခံထားပေးသည်။ မယ်ဗမာကြီးက ဆီးစေ့ထွေးထုတ်သောအခါ ကောင်လေးက လက်ဖဝါးနှစ်ဖက်နှင့်ယူပြီး လွှင့်ပစ်လိုက်သည်။

လင်းခန့် မသိမသာ ကြည့်မိနေရင်းမှ ကိုရီးယားဇာတ်ကားတွေ၏ Romance တွေလောက်တော့ မယ်ဗမာကြီးတို့အတွဲက သနားတယ်လို့။

"မ ... မောင့်ကို ဂျော်ဒန်နီးအကျီရယ် ... လီဗိုက်ဂျင်းအစစ်ရယ် ပြီးတော့ သုံးဖို့ ငါးသောင်းလောက်ပေးဦးနော် ... ဒီကပြန်ရင် ဝယ်ပေးရမှာနော် ..."

အင်တာနက်ဆာမိ ပြောခဲ့ဖူးသလို ဇာတ်လမ်းကတော့ သည်မှာ စ,ပြီလို့။ ကောင်လေးကတော့ ဟန်ဆောင်ထားသော အပြုအမူတွေနှင့် မယ်ဗမာကြီးကို ချူဆီထည့်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလည်းကွာ ... တစ်နေ့ကပဲ ဝယ်ထားပေးသေးတာပဲလေ"

မယ်ဗမာကြီးက ခေါင်းလေးခါကာ ငြင်းဆန်မှုပြုရင်းမှ စာအုပ်ဖတ်ရင်း မသိမသာ အကဲခတ်နေသော လင်းခန့်ကို နောက်လှည့်ပြီး ကြည့်လိုက်သည်။ မယ်ဗမာကြီး အကြည့်ကို လင်းခန့်ဘာသာ မပြန်တတ်။

"မရဘူး ... ဝယ်ပေးရမယ် ... ဒါပဲ ... "

"မဟုတ်သေးပါဘူး မောင်ရယ် ... နေ့တိုင်း မောင့်ကို ဝယ်ပေးနေတာပဲလေ ... "

မယ်ဗမာကြီးက ကောင်လေးပခုံးကို ကိုင်ရင်း ငြင်းပြန်သည် ... ။ ကောင်လေးက အလိုမကျဖြစ်သွားပုံရသည်။ အမူအရာက စောစောက ပျားရည်ဆမ်းထားသော မျက်နှာမျိုးလို မဟုတ်တော့။ မယ်ဗမာကြီးလက်ကို ပုတ်ချလိုက်ပြီး ...

"ရတယ်လေ ... မောင့်ကို မောင်လိုချင်တာတွေ မ, မဝယ်ပေးဘူးဆိုလည်း ကိစ္စမရှိပါဘူး ... မောင် သုံးဖို့ငွေကို မပေးချင်လည်း ကိစ္စမရှိပါဘူး ... မောင့်ကို မ,ရဲ့နှလုံးသားထဲကနေ ဆွဲထုတ်ပြီး ခေါ်ချင်နေတဲ့ မိကြည်ဆီ မောင် သွားမယ် ... "

"ဘာ ... မိကြည်ဆီ သွားမယ် ... ဟုတ်လား မောင် ... "

အနေအထားက စောစောတုန်းကနှင့် လုံးဝမတူတော့ပါ။ မယ်ဗမာကြီးလည်း အတော့်ကို ဒေါသထွက်သလိုမျိုး ဖြစ်သွားသည်။

"ဒီဟာမက မောင့်ကို ဘာတွေနဲ့ သိမ်းသွင်းထားလို့ မောင်က ဒီမိကြည်နာမည် ထည့်ပြောရတာလဲ ... အဲဒီ အခြောက်မက ဘာအစည်အချင်းရှိလို့လဲ ... နတ်ကန္တားစီးလုပ်နေတဲ့ဟာမျိုး ... ဒီဟာမ အဲဒီလို သူများအချစ်တွေကို လုလုယူတာ ... "

"မသိဘူး ... ဒီနေ့ မဝယ်ပေးဘူး ... ပိုက်ဆံလည်း မပေးဘူးဆိုရင် မောင် သွားမှာပဲ",

www.burmeseclassic.com

www.burmeseclassic.com



လေသံတွေက စောစောကထက်ကို တစ်ဘက်နှင့်တစ်ဘက် ပိုမို ပြင်းထန်လာပါသည်။ ကောင်လေးစကားလုံးတွေကြောင့် မယ်ဗမာကြီး အတော် 'ဟတ်'ထိနေပြီဖြစ်သည်။

"မောင်ရယ် ... မ,လေ နောက်နေ့ ဝယ်ပေးမယ် ... ပြီးတော့ မောင်လိုတဲ့ ငွေငါးသောင်းလည်း မ,ရဲ့ အမေလက်ကောက်ကို ညာတောင်းပြီး ရောင်းပေးမယ် ... ဒီနေ့တော့ သည်းခံပါမောင်ရယ် ... "

မယ်ဗမာကြီးက ကောင်လေးလက်ကို ကိုင်ရင်း ချော့နေပါသည်။ ကောင်လေးက လက်ခံမည့်ပုံ မပေါ်။ ထိုင်ရာမှ ထလိုက်သည်။

"မရဘူး ... မ ပေးနိုင်ဝယ်နိုင်တဲ့အခါမှ မောင့်ကို ဆက်သွယ် ... ဒီနေ့တော့ မိကြည်ရဲ့ ရင်ခွင်ထဲမှာ မောင် ခိုဝင်တော့မယ် ... ဒါပဲ"

"မောင် ... မောင် ... မရက်စက်ပါနဲ့ ... မ,ကို မရက်စက်ပါနဲ့"

ရုပ်ရှင်ဗီဒီယိုဇာတ်ကားတွေထဲက ဇာတ်ရှိန်အတက်ဆုံး ဇာတ်ဝင်ခန်းတစ်ခန်းကို ကြည့်နေရသလို လင်းခန့်တစ်ယောက် စာအုပ်ကိုတောင် မဖတ်နိုင်ဘဲ ပိတ်လိုက်သည်။

ကောင်လေးက မယ်ဗမာကြီးနားကနေ ထွက်သွားသည်။ အင်တာနက်ဆာဗိ ပြောသလိုပါပဲ။ ကောင်လေး ချူစားချက်ကတော့ ရိုက်ချက်တော်တော့်ကို ပြင်းပါသည်။ မယ်ဗမာကြီးက ကောင်လေး သွားရာနောက်ကို သမင်လည်ပြန် လှည့်ကြည့်ရင်း ကစ်စုံဇစ်ခုကို ဆုံးရှုံးသွားသည့်အလား ပါးပြင်ပေါ် မျက်ရည်တွေက ဝဲကျလို့နေသည်။

မယ်ဗမာကြီးက ပါးပြင်ပေါ်မှာ ဝဲကျသည့် မျက်ရည်တွေကို သုတ်လိုက်ရင်း ထိုင်ရာမှ ထကာ လင်းခန့်ကို ကြည့်လိုက်သည်။ ပြီးတော့ ... လင်းခန့် ထိုင်နေသော နေရာဆီသို့ မယ်ဗမာပြိုင်ပွဲဝင်သလိုမျိုး လှမ်းလာနေသည်။

ပြဿနာကတော့ အလုံးလိုက် ဝင်ဆောင့်ပြီလို့ လင်းခန့် တွေးရင်း

www.burmeseclassic.com

www.burmeseclassic.com



မှ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"တို့ ဒီနေရာမှာ ခဏထိုင်ခွင့်ပြုပါ ..."

"ခများ ..."

အံ့အားတသင့်နှင့် လင်းခန့်ခများ ပါးစပ်က စကားနှစ်လုံး သာ ထွက်ဖြစ်သွားသည်။ မယ်ဇမာကြီးက လင်းခန့် ဘေးနားမှာ ဝင်ထိုင်လိုက်သည်။

လင်းခန့် ဟိုဟိုဒီဒီ ကြည့်မိသည်။ ယခုအချိန်မျိုးမှာ အင်တာနက်ဆာမိ ရှိလျှင် သိပ်ကောင်းမှာပဲလို့။ အသိတစ်ယောက်များ မြင်သွားလို့ကတော့ ပွဲက သိမ်းပြီ။ မိန်းမလျာတစ်ယောက်နှင့် ဘာလိုလို ထင်သွားမှာ အမှန် ... ။

"စောစောက တို့အဖြစ်ပျက်ကို သူ မြင်မှာပေါ့နော် ..."

"ဟုတ် ... ဟုတ် ..."

လင်းခန့်ကို သည်မယ်ဇမာကြီး ဘာလုပ်လေမလဲလို့ တွေးရင်း လင်းခန့် ကြက်သီးတွေ ထနေသည်။

"တို့လေ ... ကိုယ့်အရှက်ကို မငဲ့ဘဲ မောင့်ကို ကကယ်ချစ်ခဲ့တာ၊ တို့က ပေးဆပ်သူပါ ... ဒါပေမဲ့ မောင်က တို့မေတ္တာကို နားမလည်ဘူး ... ယောဟိုနေရာလေးမှာ ပစ်ချခြင်းဆိုတာကို ထားခဲ့ပြီး မောင် ထွက်သွားပြီ ... မောင့်ကို နက်နက်နဲနဲနဲ့ ချစ်မိခဲ့တဲ့ တို့ရဲ့အချစ်တွေအတွက် တို့မှားလား ... ပြောပါဦး ... မှားလားလို့ ..."

"ဗျာ ... ဗျာ ... ဒီမှာ ... ဟာ ... မကိုင်ပါနဲ့ ..."

ပြောပြောဆိုဆိုနှင့် အပီရင်ဖွင့်နေသော မယ်ဇမာကြီးက လင်းခန့်ခုံးကို ကိုင်ရင်း မေးလိုက်သည်။ လင်းခန့်တစ်ယောက် ပခုံးပေါ် ကိုင်ထားသော မယ်ဇမာကြီးလက်ကို ပြန်ပုတ်ချရင်းက ...

"ဒီမှာ မယ်ဇမာမကြီး ... ခင်ဗျားဘာသာခင်ဗျား တစ်ယောက်တည်း ဒီမှာထိုင်ရင်း ရင်ဖွင့်ပေတော့ ... တကယ်တည်းဗျာ ...ွားပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အာရေး ... ဆာဲမိ ... မင်းကတော့ လုပ်ချပြီဟော့ ... ”

လင်းခန့်က ထိုင်ရာမှ အမြန်ထကာ မယ်ဗမာကြီးကို ပြောချရင်း သုတ်ခြေတင် ထွက်လာခဲ့သည်။

..... ❀ .....

“နေဦးလေ ... ဟော့ ... ယူ ... နေဦး ... နားထောင်ပေးပါဦး”

မယ်ဗမာကြီးက ထိုင်ရာကနေ လှမ်းအော်နေတာကို လင်းခန့် မကြားချင်ယောင်ဆောင်ရင်း ကုန်းမြင့်လေးအောက်ကို ဆင်းလာခဲ့သည်။

..... ❀ .....

ဘဝမှာ မိန်းမလျှာတစ်ယောက် ရည်းစားထားပြီး သူ့ရည်းစားနှင့် ရန်ဖြစ်သည့်ကိစ္စကို စပ်စုချင်သော လူတစ်ယောက် ဒုတိယ္ယံမိ ကမောက် ကမ ဖြစ်ရသည့်ကိစ္စကို ဘယ်သူကမှ မသနားကြမှာ ကေန်မုချပင် ဖြစ်ပါ သည် ... ။

..... ❀ .....

ရေသန့်ဘူးကို ဖွင့်သောက်ရင်း လင်းခန့် ကိုယ့်အဖြစ်ကို တွေးပြီး ပြုံးမိသွားသည်။ တော်ပါသေးသည်။ သူငယ်ချင်းနှစ်ယောက်သာ သူ့နှင့် အဖော်ပါလာပြီး သည်လိုမြင်ကွင်းမျိုး ကြုံလို့ကတော့ သူ့ကို ဘယ်လောက် တောင် ပယ်ပယ်နယ်နယ် တွယ်လိုက်မလဲလို့ ... ။

ဟိုကြည့်ဒီကြည့်နှင့် လင်းခန့်တစ်ယောက် အင်တာနက်ဆာမိ

www.burmeseclassic.com



ရှာကြည့်သေးသည်။ အရိပ်အယောင် ဘာမှုမတွေ့ရ။

ဟောဟိုမှာ ရေသန့်ဘူး ကိုင်ထားသည့် လူတစ်ယောက်။ လင်းခန့် သေသေချာချာ အဝေးကနေ မသိမသာ အကဲခတ်တော့ တစ်ခါက အင်တာနက်ဆာမိဆီက ရေသန့်ဘူးဝယ်ပြီး အတွဲချောင်းသောသူ ဖြစ်နေသည်။ ခါးမှာလည်း ဟမ်းဖုန်းကို ချိတ်ထားသည်။ သစ်ပင်ကြီးနောက်ကနေ အတွဲချောင်းလို့နေသည်။ ထီးကာထားသောနေရာမှာတော့ အတွဲတစ်တွဲက လှုပ်စိလှုပ်စိနှင့် ဘာတွေလုပ်နေသလဲ မသိ။ ဇကန္တ ... ခေါင်းချင်းဆိုင်ပြီး ရှေ့ရေးနောင်ရေးတွေများ တိုင်ပင်နေလေသလား မသိပါ။

လင်းခန့်ကတော့ အတွဲချောင်းနေသောသူကို ကြည့်ရင်းက ရယ်နေမိသည်။ မြင်ကွင်းက ရယ်ချင်စရာမျိုး ဖြစ်လို့နေသည်။

အတန်ကြာ ရပ်ကြည့်ပြီး လင်းခန့်အဖို့ မြိုင်ရာဇာတွက်ပီထဲကလိုသည်နေ့ ကံမကောင်းသည့်နေ့မို့ ကုမ္ပဏီကို ပြန်တာပဲ ကောင်းတော့မည်ဟု လင်းခန့် ဆုံးဖြတ်လိုက်သည်။

..... ❦ .....

အရေးထဲ ဟမ်းဖုန်းက မြည်လာသဖြင့် ကြည့်လိုက်သော ကိုတိုးဖုန်း ဖြစ်နေသည်။ ကုမ္ပဏီအတွက် နိုင်ငံခြားမှပို့သော အလှကုန်ပစ္စည်းကွန်တိန်နာတစ်လုံး ဆိပ်ကမ်းသို့ သင်္ဘောဖြင့် ရောက်လာသည့်အတွက် ဖုန်းဆက်ခြင်းဖြစ်သည်။

ကိုတိုးက ဆိပ်ကမ်းမှာ သူ လုပ်စရာရှိတာတွေ လုပ်နေသည်ဟု ပြောသဖြင့် နည်းနည်းစိတ်အေးသွားသည်။

စောစောတုန်းက ကိုတိုးနှင့် ဖုန်းပြောပြီး လမ်းလျှောက်လာသော လင်းခန့် တစ်စုံတစ်ခုကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အကာအကွယ်မရှိသော မြက်ခင်းနားတွင် ခေတ်ပေါ်အဝတ်အစားကို ပြန့်လန်အောင် ဝတ်စားထားသော ကောင်လေးနှင့် ကောင်မလေး တစ်ယောက်ကိုတစ်ယောက် ဖက်နေကြသည်။ သူတို့နှစ်ယောက်ချော ပတ်ဝန်းကျင်မှာ မည်သူမှမရှိဘဲ ဒေင်ဥယျာဉ်ထဲ ရောက်နေကြသလိုမျိုး ဖြစ်နေသည်။

လင်းခန့် နည်းနည်းတော့ ဖြုံသွားသည်။ သည်ခေတ် ဆယ်ကျော်သက်ကလေးတွေ တော်တော်လေး လက်သွက်ခြေသွက် နိုင်တာပဲလို့။ သူတို့မိဘတွေသာ သည်လို မြင်ကွင်းမျိုးကိုေ ရင် ရင်ကွဲရချည်ရဲ့လို့။

ဘယ့်နှယ် ... ဟောဒီလို ကန်‌ ဒြးပန်းခြံလိုနေရာမျိုးမှာ ချစ်သူတွေ အေးအေးဆေးဆေး စကားပြောလို့ရတဲ့အရိပ်အာဝါသတွေ ကောင်းတဲ့ နေရာတွေ အများကြီးရှိတာ အခုလို လူမြင်ကွင်း သူမြင်ကွင်းမှာ တစ်ဦးနှင့်တစ်ဦး ဖက်ပြနေတာက သက်သက် သူတို့အတွဲကို လူမကြည့် ကြည့်အောင် လုပ်တာပဲလို့ စဉ်းစားမိသွားသည်။

ခေတ်ကာလ လူငယ်တွေ ကြော်ငြာထိုးတာက ... တော်တော်ကြက်သီးထဖို့ ကောင်းတာပဲလို့။

နောက်ဆုံး လင်းခန့် ဆုံးဖြတ်ချက် ချလိုက်သည်။ သည်လောက်တောင် ကောင်လေးနှင့် ကောင်မလေးက လူမြင်ကွင်းမှာ တစ်ယောက်နှင့်တစ်ယောက် ဖက်ရဲသေးတာ ငါက ဘာဖြစ်လို့ ဖြောင်မကြည့်ရဲရမှာလဲလို့ ... ။

..... ❦ .....

အတွဲနှင့် မလှမ်းမကမ်းနေရာသို့ လင်းခန့် လျှောက သွားပြီး ထိုင်ချရင်းက ရေသန့်ဘူးကို ဖွင့်သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဖက်နေသော ကောင်လေးနှင့် ကောင်မလေးတ ဖူ ချင်းခွာလိုက်ကြသည်။

လင်းခန့် နည်းနည်း ရယ်ချင်သွားပါသည်။ ဘေးနား လူရောက်လာ တော့လည်း ရှက်တတ်ကြပါလားလို့။

"ဒီမှာ ... "

ရုတ်တရက် ခေါ်သံကြားသဖြင့် လင်းခန့်က ဘေးသို့ ကြည့်လိုက် သောအခါ ဟမ်းဖုန်းကို လက်မှာကိုင်ထားပြီး လင်းခန့်နှင့် သက်တူရွယ်တူ ရှိမည့် အမျိုးသမီးတစ်ဦးက ဒေါသထွက်သည့် ပုံစံမျိုးဖြင့် လာနေသည်။

ဘယ်ကနေ ဘယ်လိုကြောင့် ထိုအမျိုးသမီး သူ့ကို လှမ်းခေါ်ပြီး ပြေးလာရသလဲလို့ လင်းခန့် တွေးလို့မရ ဖြစ်နေသည်။

"ဒီမှာ ... ရှင် ဗီဒီယိုရိုက်နေတာ မသိဘူးလား ... "

"ဗျာ ... ဒါ ဗီဒီယိုရိုက်နေတာ ဟုတ်လား ... "

"ဟုတ်တယ် ... "

လင်းခန့် ကိုယ့်နဖူးကိုယ် လက်နှင့် ပြန်ရိုက်မိမလို ဖြစ်သွားပါသည်။ ဘေးပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်တော့မှ ရန်လာတွေ့သည့် အမျိုးသမီးပြောတာ ဟုတ်နေပါလားလို့။

စောစောက ပူးကပ်ဖက်နေသော အတွဲကို ဘေးတိုက်အနေအထား ကနေ ဟိုးခပ်လှမ်းလှမ်းမှာ ဗီဒီယိုကင်မရာထောင်ပြီး ရိုက်နေခြင်း ဖြစ် သည်။

"သွားပြီ မရှုပါဝတ်မှုန်ရယ် ... ဒီလူက ဘေးဘီမကြည့်ဘဲ ဒီနားမှာ လာထိုင်တာ Mood တော့ ပျက်ပြီဗျာ ... "

"ဟုတ်တယ် မရှုပါဝတ်မှုန်ရယ် ... သမီးက သူ့ကို ကိုယ့်ချစ်သူအနေ အမှတ်နဲ့ အပီဖက်ပြီး သရုပ်ဆောင်နေတာ ... သွားပြီ ... ထပ်ရိုက်ရ ဦးမယ် ... "

www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ လင်းခန့် စောစောတုန်းက ဖက်နေသော ကောင်လေးနှင့် ကောင်မလေးကို သေသေချာချာကြည့်မိတော့မှ မှားပြီဆိုတာ သိလိုက် သည်။ ယခုတလော နာမည်ကြီးနေသော အဆိုတော်သရုပ်ဆောင် ကောင် လေးနှင့် နာမည်ကြီး မော်ဒယ်ကောင်မလေး ဖြစ်လို့နေသည်။

"ဆောရီးဗျာ ... ကျွန်တော်က ဗီဒီယိုရိုက်နေတာမှန်း မသိလို့ပါ"

"ရှင်က သေသေချာချာ မကြည့်ဘူးလား ... ကျွန်မက စီးရီးကြော ငြာ ရိုက်နေတာ ... အဝေးကနေ Long Shot ယူပြီး ရိုက်နေတာ ... အခု ပြန်ရိုက်ရတော့မယ် ... ကျွန်မက ...ပေါ့ထင်ပါတယ် ... "

ဒါရိုက်တာဆိုသော ရုပ်ဝတ်မှုန်ဆိုသည့် အမျိုးသမီးက ရေသန့်ဘူး ကိုင်ထားသော လင်းခန့်ကို အထင်သေးသလို အကြည့်နှင့် စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ပြီးတော့ ... သရုပ်ဆောင်သည့် အဆိုတော်ကောင်လေး နှင့် မော်ဒယ်မလေးကလည်း သူ့ကိုကြည့်ပြီး ပြုံးနေကြသည်။

"ဒီအစ်ကိုကြီးက ကျွန်တော်တို့ကို တကယ့်သမီးရည်းစား ဖက်နေ တယ်ထင်ပြီး ဘေးနားကနေ အတွဲလာချောင်းတာ ထင်တယ် ... "

အရေးထဲ အဆိုတော် သရုပ်ဆောင်ကောင်လေးက လင်းခန့် ဂုဏ် ပုဒ်ကို ထုတ်ဖော်ပြောလိုက်သေးသည်။

"ဟာ ... မဟုတ်ပါဘူး ... ကျွန်တော်က ကိုယ့်ဘာသာကိုယ် ထိုင် တာပါ ... "

"ဒီမှာ ... ဟောဒီလို ကန်တော်ကြီးမှာ ရေသန့်ဘူးကိုင်ပြီး ဘယ်သူ မှ အားအားရားရား တစ်ယောက်တည်း အချိန်ဖြုန်းမနေဘူး ... မသိတ ကြလို့ ... အတွဲချောင်းရင် ချောင်းတယ်ပေါ့ ... ရုပ်ကလေး သနားကမား နဲ့ ... ဟင်း ... "

ရုပ်ဝတ်မှုန်ဆိုသော ဒါရိုက်တာအမျိုးသမီးက အဆက်ကုန် ဖြစ်တယ် စကားတွေ တရစပ်ကြီး လင်းခန့်အား ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်ခမျာ တော်တော်လေး ရှက်လာပါသည်။ ခေနိုင်ခဆိုင်နိုင် ဝင်ပြီး စပ်စုမိတာ မှားတာမှ မီးကုန်ယမ်းကုန်လို့။ သည်ကြားထဲ အတွဲချောင်းသမားအဖြစ် အထင်သေးလည်း ခံရသေးသည်။ ပြီးတော့ သူစိမ်းတရံတွေ၏ ဝိုင်းရယ်ခြင်းလည်း ခံရသေးသည်။

"ကဲ ... ပြန်ရိုက်ဖို့ လုပ်ရအောင် ... "

ရူပါဝတ်မှုန်ဆိုသော အမျိုးသမီးက လှမ်းပြီး ကင်မရာသမားနှင့် စက်အဖွဲ့ရှိရာသို့ လှမ်းအော်ပြောလိုက်သည်။

လင်းခန့်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး သုတ်ခြေတင် ဂ ့သို့ထွက်လာမိသည်။

..... ❦ .....

နည်းနည်းလေးလှမ်းမှ စောစောတုန်းက သူ့အား ဒေါသဖြင့် ပြောဆိုသော ... ရူပါဝတ်မှုန်ဆိုသည့် အမျိုးသမီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဒါရိုက်တာလို့သာ ပြောတာ။ မိန်းမပီပီ စွာလို့သာ စွာသာ။ လှတော့ တော်တော်လှသားလို့။

သည်အကြောင်းတွေကိုတော့ သူငယ်ချင်းတွေကို ပြောတော့ ပြောရပါဦးမည်။ အဲ ... အင်တာနက်ဆာမိလည်း ပါတာပေါ့။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

"ရယ်မောတဲ့အခါ
အထင်သေးတာတွေ
ဒါမှမဟုတ် ...
ဒေါသဖြစ်တာတွေအပြင်
သဟာဓာတမဖြစ်တဲ့
ရွှင်ပျော်ခြင်းဆိုတာလည်း
အမြဲပါတာပဲ ... "

ဖော်လ်တဲယား

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

(၇)

"မင်းကွာ ... မရှက်ဘူးလား၊ ကိုယ့်အဆင့်နဲ့ကိုယ် အပြောခံရတာ၊ အဲဒါ မနေနိုင် မထိုင်နိုင် သူများအကြောင်း လေ့လာစပ်စုချင်လို့ ..."

ကမောက်ကမ ဖြစ်ရသည့်အကြောင်းတွေကို ... သူငယ်ချင်းနှစ်ယောက်အား ပြောပြတော့ သိန်းထွတ်ဝင်းက လင်းခန့်အား အပြီးဆူပါတော့သည်။

"ငါ့မှာတော့ ဆိပ်ကမ်းမှာ ကွန်တိန်နာထဲက ပစ္စည်းတွေကို လျှော့လား မလျှော့လား စစ်ရ ... ပစ္စည်းတွေသိမ်းတဲ့နေရာမှာ အလေအလွင့်မရှိအောင် သိမ်းရ၊ ကြည့်ရနဲ့ လင်းခန့်ရာ ... မင်းကြတော့ ကန်တော်ကြီးမှာ ရေရေရာရာ မလေ့လာဘဲ သူများအပြောခံတယ် ... မင်းကို ယော်ဇဓာ မိန်းမလျှာကြီးက လည်ပင်းညှစ်ပြီး အာဝါး အဝပေးသွားရမှာ ..."

လင်းခန့်က သူငယ်ချင်းနှစ်ယောက် တစ်လှည့်စီ ပြောဆိုသော စကားလုံးတွေကို နားထောင်ရင်း ဘာမှပြန်မပြော။

"မင်းတို့ ငါ့ကို နားလို့ဝရင် ပြော ... ငါ ပြောစရာရှိတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်စကားကြောင့် ကိုတိုးကော သိန်းထွတ်ဝင်းပါ လင်းခန့် ဘာပြောမလဲဆိုပြီး နားစွင့်နေသည်။

"ပြောမဲ့သာ ပြောတာကွာ ... ငါ့ကို အတွဲချောင်းသူလို့ထင်ပြီး စွတ်ကောတဲ့ အဲဒီကြော်ငြာရိုက်တဲ့ အမျိုးသမီးဒါရိုက်တာ ရူပါဝတ်မှုန်ဆိုတာ တော်တော်လှတယ်ကွာ ... ငါလေ ရည်းစားမထားဖူးပါဘူး ... ဒါပေမဲ့ သူ့ကိုမြင်တော့ ငါလေ ရင်ထဲမှာ တစ်မျိုးပဲ ... "

"ဘာလဲ လင်းခန့် ... ရင်ပြည့်လို့လား ... ဒါဆို လျက်ဆားစားပေါ့"

လင်းခန့်တစ်ယောက် သိန်းထွတ်ဝင်း စကားကြောင့် နည်းနည်းဘု သွားပါသည်။

"မနောက်ပါနဲ့ကွာ ... ငါ မြင်မိတာ ပြောတာပါ ... "

လင်းခန့်က ထိုသို့ ပြောရင်းမှ စိတ်ထဲကနေ ရူပါဝတ်မှုန်အမည် ထပ်တလဲလဲ ခေါ်နေမိသည်။

"အေး ... လင်းခန့်၊ အခုမှ သတိရတယ် ... ကြော်ငြာဒါရိုက်တာ ဆိုလို့ ... ငါတို့ရဲ့ အလှနတ်မယ် အလှကုန်ပစ္စည်းတွေအတွက် တီဗီမှာ ကြော်ငြာဖို့ ကြော်ငြာကိစ္စတွေ လုပ်ရဦးမှာ ... ဘယ်သရုပ်ဆောင်နဲ့ ဘယ် လိုလုပ်ရင်ကောင်းမလဲဆိုတာ ရှိသေးတယ်"

ကိုတိုးစကားကြောင့် လင်းခန့် တစ်စုံတစ်ခုကို သတိရသွားသ မျိုး လက်ဖျောက်တီးလိုက်သည်။

"ဟုတ်ပြီ ကိုတိုး ... မင်းနဲ့ သိန်းထွတ်ဝင်းတို့ ကြော်ငြာဒါရိုက်တာ ရူပါဝတ်မှုန်ရဲ့ လိပ်စာနဲ့ ရုံးခန်းကို စုံစမ်းကွာ ... ငါတို့ရဲ့ အလှကုန်ကြော်ငြာ ကို သူ့ရိုက်ခိုင်းမယ် ... သရုပ်ဆောင်တွေ ဘာတွေလည်း သူ့ကို ... ဘယ်သူနဲ့ လိုက်မယ်ပေါ့ ... ဒါ ငါ့အတွက် သူနဲ့ ရင်းနှီးဖို့ ရမဲ့အခွင့်အ ပဲ ... "

ကိုတိုးနှင့် သိန်းထွတ်ဝင်း တစ်ယောက်ကိုတစ်ယောက် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သိန်းထွတ်ဝင်းက ...

"အောင်မယ် ... မင်းက ဘာလဲ ... မင်းကိစ္စအတွက် ငါတို့ကို အသုံးချတာလား ... ဒါမျိုး မရဘူး ... "

လင်းခန့်က ကုမ္ပဏီရုံးခန်းနံရံပေါ်မှ ပန်းဥယျာဉ်ထဲတွင် လိပ်ပြာများ ဝဲပျံနေသော ပန်းချီကားကို ကြည့်လိုက်ရင်း ...

"အသုံးချတာ မဟုတ်ပါဘူးကွာ ... တော်ကြာ ငါက စုံစမ်းရင် ဘုတောမှာစိုးလို့ မင်းတို့ စုံစမ်းပြီးပြီဆိုတော့မှ အခြေအနေကြည့်ပြီး ငါက ဝင်တော့ ပိုလွယ်တာပေါ့ ... "

"အေးပေါ့ လင်းခန့်ရာ ... မင်းက ဒီကုမ္ပဏီမှာ ပိုက်ဆံအများဆုံး ရှယ်ယာပါတာဆိုတော့ မင်း အစီအစဉ်တိုင်း လုပ်ရမှာပေါ့ ... "

ကိုတိုးမှ ရယ်မောပြောရင်းမှ လင်းခန့်အား ကလိလိုက်သည်။

"ကိုတိုးရာ ... လုပ်ငန်းတစ်ခု အောင်မြင်ဖို့ဆိုတာ ကိုယ်ထည့်ထားတဲ့ ရှယ်ယာဝေစု များခြင်းနည်းခြင်းနဲ့ မဆိုင်ပါဘူး ... ကိုယ့်ရဲ့ လုပ်ငန်းကြီးကြီးမားမား အောင်မြင်ဖို့အတွက်ဆိုရင် ကိုယ့်ကုမ္ပဏီ ဝန်ထမ်းတွေနဲ့ ကိုယ်က အတူတူပဲ အလုပ်လုပ်ရမှာ ... အဲဒီဝန်ထမ်းတွေ အပေါ်ကနေလို့ အယ်ရပ့်မလဲကွာ ... ဒါက ငါပြောတဲ့စကား မဟုတ်ဘူး ... ပြင်သစ်အတွေးအခေါ်ရှင် မွန်တက်စကျူးက ပြောခဲ့တာ ... သူ့စကားက ဒီနေ့ခေတ် စီးပွားရေးလုပ်တဲ့ အစုလိုက် အဖွဲ့တွေအတွက် ကွက်တိအသုံးဝင်တဲ့ စကား ပဲ ... ဒေါ်ချာတာက ငါတို့ အလုနတ်သမီးအလှကုန်ပစ္စည်းတွေ နာမည်ကြီးလာမယ် ... လူကြိုက်လာမယ်ဆိုရင် အဲဒါ ငါတစ်ယောက်တည်းကြောင့် မဟုတ်ဘူး ... အားလုံးကြောင့် ဖြစ်လာတာပဲလို့ ငါ ခံယူမယ် ... "

ကိုတိုးကော သိန်းထွတ်ဝင်းပါ တစ်ချက်တည်း လင်းခန့်စကားကြောင့် ငိုင်သွားပါသည်။

www.burmeseclassic.com



လောကကြီးမှာ တချို့သော စကားလုံးတွေက လူတွေကို မလှုပ်နိုင်အောင် ချည်နှောင်တတ်သည်ဆိုတာ ကိုတိုးနှင့် သိန်းထွတ်ဝင်းကို ကြည့်ခြင်းဖြင့် လင်းခန့် ကောင်းကောင်းသဘောပေါက်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဝိရိယရှိရုံနဲ့
ပြီးပြီလား ... ။
ပုရွက်ဆိတ်တွေလည်း
ဝိရိယရှိကြတာပဲ ... ။
ခင်ဗျားကကော
ဘာအတွက်
ဝိရိယရှိနေတာလဲ ... "

အိပ်ချ်ဒီသောရော

..... ..... 

www.burmeseclassic.com

www.burmeseclassic.com

# (၈)

သည်နေ့ ရာသီဥတုက ကြေးရှင် အကြွေးရသည့်မျက်နှာမျိုး သာယာလို့နေသည်။ မျက်နှာမသာမယာ ဖြစ်သူက လင်းခန့်ပဲ ဖြစ်သည်။ ညက ရေချိုးတာ များလို့လား ... ဒါမှမဟုတ် အအေးပဲပတ်လို့လား မသိ။ သူများတွေလို ... နှာမစေးဘဲ နှာခေါင်းပိတ်လို့နေသဖြင့် နေရတာ ဘယ်လိုမှ မကောင်း။

ရှူဆေးဘူးထုတ်ပြီး နှာခေါင်း ခဏခဏ ရှူနေရသည်။ ကုမ္ပဏီမှာ နေရင်း သည်နှာခေါင်းပိတ်သည့်ကိစ္စက ခေါင်းထဲ ရောက်ရောက်လာသဖြင့် မထူးပါဘူးဆိုပြီး မရောက်တာကြာပြီဖြစ်သည့် ကန်တော်ကြီးပန်းခြံသို့ ထွက်လာခဲ့သည်။

ကားကို ရပ်နေကျနေရာမှာ ရပ်ထားပြီး အင်တာနက်ဆာမိကို ဟိုကြည့်ဒီကြည့် ကြည့်မိသေးသည်။ တစ်ဆက်တည်းဆိုသလို ဟိုတစ်ခါကလိုမျိုး ဗီဒီယိုတွေ ဘာတွေ ရိုက်နေသေးလားဆိုပြီး ပတ်ဝန်းကျင်ကိုလည်း စူးစမ်းရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာရေး ... အစ်ကို ပျောက်နေပါလား ... ဘယ်လိုဖြစ်လို့ အခုမှ ပေါ်လာရတာလဲ ... "

လင်းခန့် ရှေ့တည့်တည့်ကနေ ကြိမ်ဆွဲခြင်းကို ဆွဲလာသော အင်တာနက်ဆာမိက ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"အမယ်လေး ... ကျေးဇူးရှင်ရယ် ... ကျေးဇူးရှင် လုပ်ချလိုက်ပုံကတော့ကွာ ... "

"အာရေး ... ဘယ်လိုဖြစ်လဲ ... ဆာမိလည်း အစ်ကို့ရဲ့ အတွေ့အကြုံနည်းနည်းတော့ စပ်စုချင်၊ စိတ်ဝင်စားချင်လာပြီ ... "

လင်းခန့်နှင့် ဆာမိတို့ လင်းခန့်ထိုင်နေကျ ခုံဆီသို့ အတူလာခဲ့ကြသည်။

"ဒီနေ့တော့ ငါကွာ နှာခေါင်းပိတ်နေလို့ ရေသန့်ဘူး ဝယ်မသောက်တော့ဘူး ဆာမိရေ ... ငါ့မှာ စိတ်ဝင်စားမိလို့ မယ်ဗမာကြီးကော ဟိုဒါရိုက်တာမလေးကော ... "

"အာရေး ... ဆာမိပြောပြတဲ့အထဲမှာ ဒါရိုက်တာမလေး မပါဘူးလေ ... "

"ဟုတ်ပါတယ်ကွာ ... ဒီလို ... "

" ... ... ... "

လင်းခန့်က ဖြစ်သမျှ ကမောက်ကမကို ပြောပြလို့အဆုံးမှာ ဆာမိက ရယ်ပါတော့သည်။

"အာရေး ... အစ်ကို တစ်ခါတလေ မထင်မှတ်တဲ့နေရာကနေ ဝိုးချွင်းသလိုမျိုး လူ့ဘဝမှာကြုံရတာ ဘာဆန်းလဲ ... ဟော ... အလစ်မြင်ကွင်းကနေ အစ်ကို့ကို ဒါရိုက်တာမလေးက အစ်ကို့နှလုံးသားထဲ ဝိုးဝင်အောင် ချွင်းပြီထင်တယ် ... ကုလားလေး ထင်ထာ မလွဲဘူးဆိုရင် အစ်ကိုက အဲဒီဒါရိုက်တာမလေးကို ကြိုက်နေပြီထင်တယ် ... ဓာတ်လမ်းတော့ ဖြစ်

www.burmeseclassic.com



မှာအမှန်ပဲ ... ”

အင်တာနက်ဆာမိသာ ဗေဒင်ဟောစားမည်ဆိုလျှင် ပွဲသိမ်းပြီ။ သည်ကောင်က လူကဲခတ် တော်လှပါသည်။

“အာရေး ... အစ်ကို စိတ်ဝင်စားသေးလား ... စိတ်ဝင်စားတယ်ဆိုရင် အဘိုးကြီးကို သူ့ကောင်မလေးက ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဝယ်ခိုင်းပြီးရင် အဘိုးကြီး တက်သလို ချက်သလိုမျိုးဖြစ်တာ စိတ်ဝင်စားလား။ လေးနာရီထိုးတော့မယ် ... အဲဒီအတွဲ လာခါနီးပြီ ... ”

အကျီအိတ်ကပ်ထဲမှ ရှုဆေးဂ ..က ထုတ်ပြီး နှာခေါင်းမှာ ရှုရင်းက ...

“နှာခေါင်းပိတ်နေတာ စိတ်မရောက်အောင်ဆိုတော့ နည်းနည်းပါးပါး အကဲခတ်ရတာပေါ့ကွာ ... ”

“အာရေး ... ဒီတစ်ခါတော့ တကယ်တည့်မှာပါ အစ်ကိုရာ ... ကဲလာ ... ”

ဆာမိ နောက်ကနေ လင်းခန့် လိုက်လာခဲ့သည်။ ရာသီဥတုက သာယာလို့နေသဖြင့် စုံတွဲများ ထီးတွေဘာတွေ ေ...င်းတာတောင် မတွေ့ရပါ။

ေ...ရော့ ... အစ်ကို ... ရေသန့်မသောက်လည်း နေကြာစေ့လေးစား ... ဒါမှ နေကြာစေ့စားရင်း အကဲခတ်လို့ကောင်းတာပေါ့ ... လက်ထဲဘာမှမရှိရင် နည်းနည်းရစ်သမ်အောက်တယ် ... နေကြာစေ့ဖိုး မပေးနဲ့ အစ်ကို့ကို ကျွန်တော် ကျွေးတာ ... ”

ဆာမိက ပန်းပင်တွေနားက ခုံတန်းလျားတစ်ခုကို ညွှန်ပြရင်း လင်းခန့်ကို နေကြာစေ့ထုပ်ပေးပြီး ထွက်သွားသည်။

လင်းခန့်လည်း နှာခေါင်းမှာ ရှုဆေးဘူးစွပ်ထားရင်းက နေကြာစေ့ထုပ်ကို ဖောက်ကာ စားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နေကြာစေ့ခွံနှင့် ပါးစပ်ထိသံမှ ထွက်ပေါ်လာသောအသံက လင်းခန့်နားထဲမှာတော့ ဂီတသံစဉ်တစ်ခုလို နားဝင်ပီယံ ရှိလို့နေပါသည်။

---

လင်းခန့် နေကြာစေ့ကို အခွံခွာစားနေရင်းမှ ကိုယ့်မျက်လုံးကို မယုံနိုင်အောင် ဖြစ်သွားသည်။ အင်တာနက်ဆာမိ ပြောသလို သူ့အနီးနားရှိ ခုံတန်းလျားကို ဆံပင်အဖြောင့်ကောက်ထားသော ခေတ်ဆန်ဆန်ကောင်မလေး ချောချောတစ်ဦးနှင့် အသက်ခြောက်ဆယ်နီးပါး ပါတိတ်အင်္ကျီလက်တိုဝတ်ထားသော အဘိုးကြီးပေါက်စအရွယ်တစ်ဦးတို့က လက်ချင်းချိတ်ပြီး ရောက်လာလို့ဖြစ်သည်။

ကောင်မလေးက အတော့်ကို သွက်သွက်လက်လက်ပုံစံမျိုး ဖြစ်သည်။ အဘိုးကြီးပေါက်စက ချိုင်းကြားမှာ ပိုက်ဆံအိတ်ကြီးကို ညှပ်ထားသည်။ အရေးထဲ သူ့ပိုက်ဆံအိတ်ကြီးကို ခဏခဏ ကြည့်ကြည့်နေသေးသည်။

အရေးထဲ လင်းခန့်တစ်ယောက် အနီးနားကနေ ခြေသံအနည်းငယ်ကြားသဖြင့် မသိမသာ အကဲခတ်မိသောအခါ လင်းခန့်နှင့် မလှမ်းမကမ်းရှိ သစ်ပင်အကွယ်မှာ အတွဲချောင်းသော လူတစ်ယောက်ကို တွေ့ရသည်။ ထိုလူက အဘိုးကြီးနှင့် ကောင်မလေးအတွဲကို သစ်ပင်အကာအကွယ်ယူရင်း ချောင်းကြည့်နေသည်။

လင်းခန့် သေသေချာချာ ကြည့်မိသောအခါ တစ်ခါက အင်တာနက်ဆာမိထဲမှာ ရေသန့်ဘူး လာဝယ်သောသူ ဖြစ်နေသည်။ ထိုလူက ခါးကြားမှာ ဟမ်းဖုန်းကို ချိတ်ထားသည်။ ထိုလူက လင်းခန့်ကို ငေးကြည့်ရင်းမှ ပါးစပ်ကို လက်ညှိုးနှင့်ပိတ်ရင်းမှ "ရှူး ... တိုး တိုး" ပုံစံမျိုး

www.burmeseclassic.com



လုပ်ပြနေသေးသည်။ သူ့ပုံစံကို ကြည့်ပြီး လင်းခန့် ရယ်ချင်မိတာက အမှန်။ ကိုယ်ခန္ဓာအနေအထားကို အမျိုးမျိုး ကုန်းလိုက် ကွလိုက်လုပ်ရင်း အဘိုးကြီးပေါက်စနှင့် ကောင်မလေးအတွဲကို ရှေ့ဆက် ဘာဖြစ်လာမလဲ ပုံစံမျိုးဖြင့် သိမ်းငှက်က အစာချောင်းသလိုမျိုး ကြည့်လို့နေသည်။

အဘိုးကြီးပေါက်စနှင့် ကောင်မလေးကတော့ လုံးဝ မသိရေးချ မသိ။ အဘိုးကြီးပေါက်စက သူ့အဖို့ ကောင်မလေးချောချောတစ်ယောက် ရှိနေသည့်အတွက် တစ်လောကလုံးကိုပင် ရှိတယ်လို့တောင် ထင်မည့်အမူအရာမျိုး လုံးဝမပေါ်။ ကောင်မလေး ... ဒွကို သူ့လက်... နှင့် ပွတ်သပ်နေသည်။

အရေးထဲ အဘိုးကြီးပေါက်စက သူ့ပိုက်ဆံအိတ်ကြီးထဲမှနေ၍ သကြားလုံးနှစ်လုံး ကုတ်လိုက်သည်။ ကောင်မလေးကို စားဖို့ တစ်လုံးပေးလိုက်သည်။ ကောင်မလေးက သကြားလုံးကိုယူရင်း သေသေချာချာ ကြည့်ရင်းက မျက်နှာပျက်သွားကာ စိတ်ကောက်သည့်အမူအရာမျိုးနှင့် သကြားလုံးကို သူတို့ ထိုင်နေသော အနောက်ဘက်သို့ လွှင့်ပစ်လိုက်ရာ လင်းခန့် ထိုင်နေသည့် အနီးအနားသို့ ကျလာသည်။

အဘိုးကြီးပေါက်စက နှမြောတသသော အကြည့်မျိုးဖြင့် ကောင်မလေး လွှတ်ပစ်သော သကြားလုံးကို နောက်လှည့်ကြည့်သဖြင့် လင်းခန့်ခမျာ မသိချင်ယောင်ဆောင်ပြီး ဟိုကြည့်ဒီကြည့် လုပ်နေလိုက်ရသည်။ အဘိုးကြီးပေါက်စက သူ့လက်ထဲမှာ ကိုင်ထားသော သကြားလုံးကို ဖြည်ပြီး သူ့ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

လင်းခန့်က ဘာဖြစ်လို့ ကောင်မလေးက သကြားလုံးကို လွှင့်ပစ်တာလဲဆိုပြီး သူ့အနီးနားတွင်ရှိနေသော သကြားလုံးကို လှမ်းကြည့်ရာ သကြားလုံးက တစ်လုံးတစ်ဆယ်တန် ကလေးတွေ စားသော သကြားလုံးမျိုး ဖြစ်နေသည်။ ကော်... အဘိုးကြီးပေါက်စအိမ်မှာ မိန်းလေး ဆက်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သကြားလုံးနှစ်လုံးကို စွန့်လာသလား မသိ။

တော်တော်ကပ်စေးနဲသည့် အဘိုးကြီးပေါက်စ၊ ကိုယ့်ရည်းစား ကိုယ်ကျွေးတာ ချောကလက်လေး ဘာလေးဆို တော်သေးရဲ့။

"ကိုကို ... ကိုကို ... "

"ဗျာ ... ဗျာ ... "

ကောင်မလေးက ရှာမထိ အာမထိ အသံမျိုးဖြင့် အဘိုးကြီးပေါက်စကို ခေါ်သည့်အခါ အဘိုးကြီးထံမှ သွားထဲက လေထွက်သံမျိုးဖြင့် ထူးသံ ထွက်ကြားနေရသည်။

"ကလေးရယ် ... အဲဒီလို ကိုကိုဆိုတဲ့ ကလေးရဲ့ ခေါ်သံကြားတိုင်း ကိုကိုလေ ကလေးနဲ့ ဝေးရမှာ သိပ်ကြောက်တယ်ကွာ ... ပြီးတော့ အဲဒီ ကိုကိုရဲ့ နောက်ဆက်တွဲခေါ်သံနောက်မှာ ဘာတွေလိုအပ်ချက်တွေ ပါလာ မလဲလို့ ကိုကိုလေ တွေးရစဉ်းစားရတာလည်း နေ့အသချော်ပဲ ... "

"ကိုကိုကလည်း ဘာတွေပြောနေမှန်း မသိဘူး ... "

ကောင်မလေးက အဘိုးကြီးပေါက်စ၏ ပါးကို လက်နှင့်လိမ်ဆွဲလိုက်သည်။ အဘိုးကြီး ပါးစပ်ထဲမှ အံပုံပြုတ်ကျသွားသဖြင့် အဘိုးကြီးက အမြန် ကောက်ပြီး ပါးစပ်မှာ ပြန်တပ်လိုက်သည်။

"ကိုကို နာလား ... "

"မနာပါဘူး ကလေးရယ် ... နှလုံးသားထဲကတော့ နည်းနည်း နာ ချင်တယ် ... "

လင်းခန့် တော်တော်ရယ်ချင်မိသည်။ သို့သော် မရယ်ရဲပါ။ တော် ကြာ ... သူတို့အတွဲကို အကဲခတ်နေမယ် ထင်သွားမှာစိုးသဖြင့် နေကြာ စေ့ကိုပဲ မသိမသာ ဆက်စားနေမိသည်။ အဘိုးကြီးပေါက်စကလည်း ... အတွေ့အကြုံတော့ တော်တော်များမိပုံမျိုး။ သူ့စကားလုံးတွေကို ကြည့်ခြင်း ဖြင့် အကဲခတ်လို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ဆိုင်မှာ ကလေးကို ဝိုင်းပြောနေကြပြီ ... နင့်ကိုကိုက နင့်ကို ဘယ်လောက်ထိ နင့်ဘ၀ကို မြှင့်တင်ပေးနိုင်သလဲတဲ့ ... "

"ကလေးရယ် ... မြှင့်တင်ရအောင် ကိုကိုက လက်သမားဆရာမှ မဟုတ်တာ ... "

"ကိုကို ... ကလေး စကားအကောင်းပြောမလို့ မနောက်နဲ့ ... "

*ကောင်မလေးလေသံက စောစောကထက် မတူတော့။ လေသံ* နည်းနည်းမာလာသည်။ အဘိုးကြီးပေါက်စ သူ့ပိုက်ဆံအိတ်ကြီးကို ကြည့်နေပြန်သည်။

"ဒီနေ့ ဆိုင်သိမ်းလို့ပြန်ရင် ... အဆောင်လခ သုံးလစာ ခြောက်သောင်းပေးရမယ် ... မပေးနိုင်ရင် အဆောင်က ဆင်းရမှာ ... ပြီးတော့ နက်ဖြန်ကျရင် သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ကို နေ့လယ်သွားရမှာ၊ သူ့ကို လက်ဆောင်ပေးဖို့ရယ်၊ ကလေး၀တ်ဖို့ အ၀တ်အစားလည်း အသစ်၀ယ်ရမယ် ... ဒီတော့ ကလေးကို ငွေတစ်သိန်းပေးပါ ... "

"ဘာ ... ငွေတစ်သိန်း ဟုတ်လား ... "

တော်တော် တော်သည့် ကောင်မလေး။ တစ်ခါတည်းနဲ့ ငှက်နှစ်ကောင်ကို ပစ်ချလိုက်သလိုပင် ဖြစ်သည်။ အဘိုးကြီးပေါက်စကတော့ မျက်နှာအတော်ပျက်သွားရင်းမှသူ့ပိုက်ဆံအိတ်ကိုခါးကြားမှာညှပ်လိုက်သည်။

"အိမ်မှာက ဒီနေ့ ကားဘီးလဲရတယ် ... ပြီးတော့ အဘွားကြီး ဆေးခန်းသွားဖို့ ပိုက်ဆံပေးရသေးတယ် ... အိမ်က ဟိုအရက်သမား သား နှစ်ကောင်ကလည်း သူတို့ ဆိုင်မှာသောက်တဲ့ အကြွေးတွေ ပေးရသေး တယ် ... ပြီးတော့ အငယ်ဆုံးကောင်က ဘောလုံးပွဲရှုံးလို့တဲ့ ... ပိုက်ဆံ တွေ ယူသွားသေးတယ် ... အမယ်လေး ... ကိုကို အခုမှ ခေါင်းတော့မူးလာ သလိုပဲ ... "

အဘိုးကြီးပေါက်စက ခါးကြားမှာ ညှပ်ထားသော ပိုက်ဆံအိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မြန်ချလိုက်ရင်းက လက်နှစ်ဖက်နှင့် ခေါင်းကို နှိပ်နေသည်။

"ကလေး ... ကိုကို့အိမ်ကအကြောင်းတွေ ဘာမှ မသိချင်ဘူး ... ကလေးရဲ့ပြဿနာအတွက်ပဲ ကလေး သိတယ် ... ဒီတော့ ကိုကို ဘာလုပ်မလဲ ... ကလေးမှာ လူပြောသူပြောခံပြီး ကိုကို့ကို ချစ်ရတာ ... "

"ကလေးရယ် ... သူငယ်ချင်းမွေးနေ့ မသွားနဲ့လေ ... ဟို လစာတော့ ကိုကို ပေးမယ် ... "

"မရဘူး ... လစာကော မွေးနေ့အတွက်ကော ပေးမှရမှာ ... ဘာလဲ ကလေးကို မချစ်ဘူးလား ... "

ကောင်မလေးက အဘိုးကြီးပခုံးကို ကိုင်ရင်းမှ ပြောနေသည်။ အဘိုးကြီးပေါက်စထံမှ ဘာစကားသံမှ မထွက်လာ။

အင်တာနက်ဆာဗီ ပြောသလို ကောင်မလေးက အဘိုးကြီးပေါက်စထံမှ ငွေတစ်သိန်း မရလျှင် ထပြီး လည်ပင်းညှစ်မည့်ပုံမျိုး ဖြစ်နေသည်။

ရုတ်တရက်ဆိုသလို သစ်ပင်အကွယ်နားမှာ အတွဲချောင်းနေသောသူက ခါးကြားထဲမှ ဟမ်းဖုန်းကို ထုတ်လိုက်ပြီး မသိမသာ နောက်ဆုတ်ကာ ဖုန်းဆက်နေသည်ကို လင်းခန့် မြင်နေရသည်။

"အခြေအနေက မအိုကေဘူး ... ဘာမှ မလုပ်ဘူး ... မင်းတို့ဘက်ကော ပွဲကောင်းနေပြီ ဟုတ်လား၊ အေး လာပြီ ... "

ကိုယ်ဖော့သလို ခြေလှမ်းမျိုးနှင့် အတွဲချောင်းသူက သစ်ပင်အကွယ်ကနေ လှည့်ထွက်သွားသည်။ မသိမသာ ဒင်းက လင်းခန့်ကို ကြည့်သွားသေးသည်။ သူ့အကြည့်က ဘာမှမလုပ်တာကို အချိန် ဘာကြောင့်ဖြုန်းသလဲဆိုသည့် အကြည့်မျိုး ဖြစ်နေသည်။ ကိုယ့်ကို သူ့လိုပဲ အတွဲချောင်းသူလို့ ဒင်းက သတ်မှတ်သဖြင့် လင်းခန့် စိတ်ထဲ မခံချင်သလို ဖြစ်မိသွားသည်။

"ကိုကို ဘယ်လိုလဲ၊ ကလေး ဆိုင်ပြန်ဝင်ရတော့မယ် ပေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးရယ် ... ရှစ်သောင်းတော့ ယူကွာ ... "

"ဟင့်အင်း ... ကိုကို ကပ်စေးမနှဲနဲ့ ... ဘာလဲ ကိုယ့်ချစ်သူကို တစ်ဆယ်တန် သကြားလုံးကျွေးပြီး ဘာချစ်တာလဲ၊ ကလေးက တစ်ဆယ်တန်သကြားလုံး စားတဲ့ရုပ်လား ... ဘာလဲ လမ်းခွဲချင်ပြီလား ... "

ကောင်မလေးက လေသံမာမာ ပြောရင်းမှ ထိုင်ရာမှ ထမလို လုပ်သဖြင့် အဘိုးကြီးပေါက်စက အတင်းပြန်ထိုင်ခိုင်းသည်။

"ကလေး ... ဒါပဲနော်၊ ကိုကို့ကို မမုန်းရဘူး ... "

အဘိုးကြီးက မဖွင့်ချင် ဖွင့်ချင် လက်တုန်တုန်နှင့် သူ့ပိုက်ဆံအိတ်ကြီးကို ဖွင့်လိုက်သည်။

ပြီးတော့ ငွေထောင်တန်အထုပ်ကို ယူပြီး ပိုက်ဆံအိတ်ကို ပြန်ပိတ်လိုက်သည်။

"က ... ကလေး ... ရော့ ... ကိုကို့မှာ ကလေးအတွက် ပေးဆပ်သူပါကွယ် ... "

"ဒါမှ ကလေးရဲ့ ကိုကို ... "

အဘိုးကြီးပေါက်စက အသံတုန်တုန်ယင်ယင်ဖြင့် ပေးလိုက်သည့် ပိုက်ဆံကို ကောင်မလေးက ဝမ်းသာအားရ ယူရင်းမှ ပိုက်ဆံတွေကို ရေတွက်နေသည်။ ကောင်မလေး ပိုက်ဆံရေတွက်နေသည်ကို အဘိုးကြီးပေါက်စက နမြောတသ ယူကျုံးမရ ပုံစံမျိုးဖြင့် ကြည့်နေတာ ကောင်မလေးက သတိထားမိပုံမရ။ အဘိုးကြီးပေါက်စ မျက်နှာကတော့ ဝမ်းချုပ်ပြီး လေမလည်သည့်ပုံစံမျိုး ဖြစ်နေသည်။

"ကိုကို ... ဒီမှာ တစ်ထောင်တန်နှစ်ရွက်က ပြဲနေတယ် ... အသစ်လဲပေး ... "

"ကလေးရယ် ... ကိုကို့မှာ လမ်းစရိတ်ပဲ ရှိတော့တယ် ... ဒါ အကုန်ပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကလေး သွားမယ် ... ဟော ... ဒီနေ့ ဆိုင် စောစောဝင်ရမယ် ... သွားပြီ ... "

"ကလေး ... ကလေး ... နေဦးလေ ... "

ငွေတစ်သိန်းထုပ်ကို လက်မှာ ကိုင်ထားသော ကောင်မလေးကာ ရှုထုပ်ရသည့်အလား အဘိုးကြီးပေါက်စကို လှည့်ပင်မကြည့်တော့ဘဲ အဘိုးကြီးကို ချန်ထားခဲ့ကာ ထွက်သွားသည်။

"ကုန်ပြန်ပါပြီ ကလေးရယ် ... ဟိုတစ်နေ့က ငါးသောင်း ... ဟိုတစ်နေ့က ရေမွှေးဝယ်ပေးပါဆိုလို့ သုံးသောင်း ... ဟိုတစ်ရက်က ဗီစီဒီဝယ်ချင်တယ်ဆိုလို့ ရှစ်သောင်း ... ငါ့ပိုက်ဆံတွေ ... အား ... မူးလိုက်တာ ... ကလေး ... မူး ... မူး"

သည်တစ်ခါလည်း ပြဿနာက တည့်တည့်တိုးပြန်ပြီလို့။ အဘိုးကြီးပေါက်စခမျှာ ပါးစပ်က တတွတ်တွတ်ပြောရင်းက ခုံတန်းလျားမှာ လဲကျသွားသည်။

လင်းခန့် စားနေသော နေကြာစေ့ထုပ်ကို လွှင့်ပစ်လိုက်သည်။ နားခေါင်းမှာ စွပ်ထားသော ရှဆေးဘူးကို ချွတ်လိုက်သည်။ ပြဿနာကတော့ ဖြစ်ပြီလို့။ မတော်တဆ အင်တာနက်ဆာဗီ ပြောသလို တစ်ခုခုဖြစ်ရင် အနီးနားမှာ သူပဲရှိတာ ... ဒုက္ခတော့ ဖြစ်ပြီလို့။

အဘိုးကြီးပေါက်စ ရှိရာသို့ လင်းခန့် သွားလိုက်သည်။

"အဘကြီး ... အဘကြီး ... "

"ငါ့ကို အဘကြီးလို့ မခေါ်နဲ့ ... ငါ့အသက် မကြီးသေးဘူး _ ငါ့နာမည် ဦးချစ်ကိုကိုကြ ... "

အရေးထဲ ကြော်ငြာက ဝင်နေသေးသဖြင့် လင်းခန့် စိတ်ပျက်သွားသည်။

"မူးတယ် ... မူးတယ်ကွာ ... မင်းရဲ့ ရှဆေးလေး ပေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့် ပေးတောင်မပေးရသေးဘဲ ဖြစ်နေတုန်း ဦးချစ်ကိုကို ဆိုသော အဘိုးကြီးက ရှုဆေးဘူးကို လင်းခန့် လက်ထဲမှ ဆွဲယူလိုက်သည်။

"ငါ့ကို ထူပါဦးကွာ ... "

စောစောက ကောင်မလေးကို ပြောသောလေသံမျိုးမဟုတ်ဘဲ တင်းစီးသောလေသံဖြင့် ... လင်းခန့်ကို ဦးချစ်ကိုကို ဆိုသောအဘိုးကြီးက ပြောလိုက်သဖြင့် လင်းခန့် နည်းနည်းတော့ ဘုသွားသည်။ သို့သော် ... မကောင်းပါဘူးဆိုပြီး လက်ဖြင့် ဆွဲထူပေးလိုက်သည်။

"ရင်တွေတုန်ပြီး မူးလိုက်တာကွာ ... မင်း လက်နဲ့ ငါ့ရင်ဘတ်ကို ဖိထားပေးပါလားကွာ ... "

ရှုဆေးဘူးကို ရှုနေသော ဦးချစ်ကိုကိုက လင်းခန့်ကို ထပ်ခိုင်းပြန်သည်။ သည်အဘိုးကြီးက သူ့အခိုင်းအစေလိုမျိုး လင်းခန့်ကို ထင်နေသလား မသိ။

"လုပ်ပါကွာ ... ငါလေ ... ကလေးကို သိပ်ချစ်တာ ... သူ ဒီလို တစ်ခုခုတောင်းတိုင်း ငါ့မှာ ဒီလိုခံစားရတာ ... ငါ ... ငါလေ ... အား ... ရင်ဘတ်က အခုမှ အောင့်လာတယ် ... လုပ်ပါကွာ ... ဖိပေးပါ ... "

လင်းခန့် ခေါင်းကို ကုပ်လိုက်သည်။ ဒေါသလည်း နည်းနည်းတော့ ထွက်သွားသည်။

"ဒီမှာ အဘကြီး ... ငွေတစ်သိန်းပေးထားတဲ့ ကိုယ့်ကောင်မလေး ကို ပြေးခေါ်ပြီး အဘကြီးရဲ့ ရင်ဘတ်ကို သူ့လက်နဲ့ ဖိခိုင်း ... အဘကြီး ညောင်းရင် သူ့ကို နှိပ်ခိုင်း ... အဘကြီးအရွယ်က ရိပ်သာဝင် ဥပုသ်စောင့် ရမဲ့ အရွယ်ဗျ ... မှားပါတယ်ဗျာ ... ကျွန်တော်ကိုက ... "

"ဟေ့ကောင် ... မင်း ... ငါ့ကို ဘာပြောတာလဲ ... မင်းမင်း"

ဒေါသတကြီးဖြင့် ပြောဆိုနေသော အဘိုးကြီး ဦးချစ်ကိုကိုအား လင်းခန့် လှည့်ပင်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ သူ့အဘသာသူ ဒေါသပဲ

www.burmeseclassic.com



ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်။

စဉ်းစားကြည့်လေ။ ကိုယ်က တစ်ခုခုဖြစ်ပြီမှတ်လို့ သွားကူညီပေးတာ။ ဒင်းက သူ၏ သူနာပြုဆရာမ မှတ်နေလားမသိ။

..... ❦ .....

ပိုဆိုးတာက သည်လိုဖြစ်အောင် ဘာဖြစ်လို့ နှာခေါင်းပိတ်နေသည့်ကြားက သည်နေရာကိုမှ လာမိသလဲလို့ လင်းခန့် ကိုယ့်ဘာသာကိုယ်အပြစ်တင်လို့ မဆုံးပါ။ ဝီရိယက ကိုယ့်အလုပ်ထက် သည်နေရာမှ လာကောင်းနေရတာ ဆိုးလိုက်တာလို့။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ...
ကမ္ဘာမြေပေါ်မှာ
မိန်းမတွေမရှိရင်
ဘာဖြစ်သွားမယ်
ဟုတ်လား ... ??
လူတွေ ရှားသွားမှာပေါ့
အသက်ရှားသွားမှာ ... "

မော့ခ်တွိန်း

www.burmeseclassic.com

www.burmeseclassic.com

## (၉)

လင်းခန့်တစ်ယောက် ကိုတိုးနှင့်အတူ လိုက်သာ လိုက်ခဲ့ရပေမဲ့ စိတ်က မဝင့်မရဲ ဖြစ်နေသည်။ ရုပ်ပါဝတ်မှုန့်တို့ အလုပ်ခန်းရှိရာသို့ ကိုတိုးနှင့် သိန်းထွတ်ဝင်း စုံစမ်းလို့သိရသဖြင့် အလုပ်ကိစ္စအကြောင်း ပြောရမှာလည်း ဖြစ်သဖြင့် တော်ကြာ ရုပ်ပါဝတ်မှုန်က အဖြစ်မှန်မသိဘဲ ကန်တော်ကြီး ပန်းခြံ ထဲကလို ဘုတောရင်ဖြင့် ခက်ပြီလို့။

"ခဏလေး ထိုင်ပါဦးနော် ... မမ လာပါလိမ့်မယ် ..."

ရုပ်ပါဝတ်မှုန့်တို့ အလုပ်ခန်းရောက်ရောက်ချင်း ကိုတိုးက ပြောပြ သဖြင့် ဝန်ထမ်းကောင်မလေးတစ်ဦးက အခန်းထဲ ဝင်သွားပြီး ပြန်ထွက် လာရင်းမှ ပြောလိုက်သည်။

လင်းခန့်က ရုပ်ပါဝတ်မှုန့်၏ 'ခေတ်' အနုပညာရိုက်ကူးထုတ်လုပ်ရေး ရုံးခန်းကို အကဲခတ်နေမိသည်။ စိတ်ထဲကလည်း ရုပ်ပါဝတ်မှုန်တစ်ယောက် သူ့လိုပဲ ရုံးခန်းတစ်ခန်းကို လှပအောင် ပြင်တတ်ဆင်တတ်ပါလားဟု စိတ် ထဲက ချီးကျူးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အလုပ်ကိစ္စဆိုလို့ ဘာများလဲလို့ ရှင်ကိုး ... "

အခန်းတံခါးကို ဖွင့်ပြီး ထွက်လာသော ရူပါဝတ်မှုန်၏ ရုပ်သွင်က ဟိုတစ်ခါတွေ့တုန်းကလိုမျိုး မဟုတ်။ ကန်တော်ကြီးပန်းခြံမှာ ကြော့ ကြော့ရှိက်နေတုန်းက ဘောင်းဘီရှည်၊ တီရှပ်နှင့်ဆိုတော့။ အခုဟာက မြန်မာ ဆန်ဆန် ထဘီနှင့် လက်တိုအင်္ကျီနှင့်ဆိုတော့ ပိုပြီးလို့တောင် ကျက်သ ရေရှိရှိလေး လှနေသည်။

"ဘာကိစ္စလဲ ... ဆိုပါဦး"

"ဒီလိုပါ ... ကျွန်တော်တို့ ...နှစ်သမီးဆိုပြီး ဂျပန်က အ ကုန်ပစ္စည်းတွေကို ဒီမှာဖြန့်ဖို့ ကုမ္ပဏီလုပ်ထားတယ် ... ဒီတော့ ကျွန်တော် တို့ ကုန်ပစ္စည်းတွေကို တီဗီမှာလွှင့်ဖို့ ကြော်ငြာရှိက်ချင်လို့ ... အဲဒါ ဆွေးနွေးတာပါ ... "

ရူပါဝတ်မှုန်က လင်းခန့်စကားကို မယုံသလို အမူအရာမျိုးဖြင့် ထောင်လို့နေသည်။ ထိုအချက်ကို လင်းခန့်ကလည်း သဘောပေါက်သ

"ခင်ဗျားကတော့ ထင်မှာပဲ ... "

"ဒီမှာ ... ကျွန်မနာမည် ခင်ဗျားမဟုတ်ဘူး ... ရူပါဝတ်မှုန်"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က လင်းခန့်ပါ၊ ဒီဘက်က ကိုတ

အရေးထဲ အလုပ်စကားအတွက် သေသေချာချာ စကားမပြော သေးဘဲ သူတစ်ပြန် ကိုယ်တစ်ပြန် မိတ်ဆက်နေရသေးသည်။

"ကျွန်တော်ဟာ ဟောဒီက ရူပါဝတ်မှုန်နဲ့ ကန်တော်ကြီးမှာ ခဲ့တော့ ကျွန်တော့်ကို အတွဲချောင်းတဲ့လူလို့ ထင်မှာအမှန်ပဲ ... အခု ထင်နေဦးမှာပဲ ... တကယ်တော့ ကန်တော်ကြီးပန်းခြံ သွား,သွားနေ အတွဲချောင်းဖို့ မဟုတ်ဘူး ... ကိုယ့်ဘာသာကိုယ် ဘစ်ယောက်တ ခုံတန်းလျားမှာထိုင်ပြီး သွားအပန်းဖြေတာပါ ... ပန်းခြံထဲလာတဲ့လူ ရဲ့အကြောင်းကို ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း စဉ်းစားရ

www.burmeseclassic.com



သဘောကျလို့ပါ ... ”

“နေပါဦး ... ရှင့်ကို ဘယ်သူက ရိုက်စစ်လို့ ရှင်က ဒါတွေ လာရှင်း နေရတာလဲ ... ”

“ဪ ... တစ်မျိုးထင်နေမှာစိုးလို့ပါ ... ”

အရိပ်အခြေအနေကို အကဲခတ်နေသော ကိုတိုး မနေနိုင်တော့ပါ။

“ကဲပါ ... တစ်ယောက်နဲ့တစ်ယောက် မသိလို့ လွဲချော်ကြတာ ားပါ ... အခု ကျွန်တော်တို့ရဲ့ အလုပ်ကိစ္စကိုပဲ ပြောရအောင် ... ”

လင်းခန့် သည်နေရာမှာတော့ ကိုတိုးကို ကျေးဇူးတင်မိပါသည်။ တိုး ဝင်ကယ်ပေလို့သာလို့။ နို့မို့ ပွဲပျက်ချင် ပျက်သွားနိုင်သည်။ အဲဒီလို ာ ပွဲပျက်လို့ကတော့ ပြီးပြီ။

“ရှင်က အလှကုန်ပစ္စည်းအတွက် ကြော်ငြာရိုက်မယ်ဆိုတော့ ဘယ် းသမီး၊ ဘယ်မော်ဒယ် ... ဒါမှမဟုတ် မင်းသား မင်းသမီး ဘာလုပ်ထား ... ပြီးတော့ မဂ္ဂဇင်း ဂျာနယ်တွေမှာကော ဘာလုပ်ပြီးပြီလဲ ... ကြော် တို့၊ မိတ်ဆက်တာတို့ လုပ်ပြီးပြီလား ... ”

“ဘာမှ မလုပ်ရသေးဘူး ... ”

“ရှင် ... ”

မေးခွန်းတွေ တရစပ် မေးပြီး လင်းခန့် စကားကြောင့် ရုပ်ဝတ်မှုန် ပျက်သလို ဖြစ်သွားသည်။

“ဒီလိုပါ ... ဘာမှမလုပ်ရသေးဘူး ဆိုတာက ကျွန်တော်တို့က နိတော်တို့ အလှကုန်ပစ္စည်းအတွက် ဘယ်သရုပ်ဆောင်နဲ့ ရိုက်သင့်တယ် ော်ငြာတွေအတွက်ကော ... ကိုယ် ရိုက်တဲ့ သရုပ်ဆောင်တွေရဲ့ ဓာတ်ပုံ ရိုက်ဖို့ ဒီဇိုင်းတွေလုပ်ဖို့က ဒီက မရုပ်ဝတ်မှုန်တို့လို ဒါရိုက်တာတွေ ဖို့သိမှာပေါ့ ... ဒါလည်း တိုင်ပင်ချင်လို့ပါ ... ”

“ဒါက ရှင်တို့ရဲ့ ငွေကြေးအပေါ်မှာ မူတည်ပြီးလုပ်ရမှာ ... တစ်မိနစ်

www.burmeseclassic.com



စာ ရိုက်မှာလား၊ နှစ်မိနစ်လား၊ စက္ကန့်သုံးဆယ်စာလား၊ ဘယ်နှစ်ကြိမ် လွှင့်မှာလဲ ... ပြီးတော့ သီချင်းရေးဆရာက တွက်ချက်ရေးရတာလည်း ပါတယ် ... "

"ငွေကြေးကတော့ ကုန်မှာပဲ ... ဒီတော့ လူစိတ်ဝင်စားဖို့လို့ သရုပ်ဆောင်ကောင်းကောင်း အိုင်ဒီယာကောင်းကောင်းပဲ လိုတယ် ... "

"ဒီလိုဆို ကျွန်မ စဉ်းစားထားမယ် ... ရော့ ... ဒီမှာ ကျွန်မရဲ့ ဗစ်စစ်တင်းကတ် ... "

ရူပါဝတ်မှုန်က လိပ်စာကတ်[illegible]ပေးလိုက်သဖြင့် လင်းခန့်က လှမ်းယူပြီး သူကလည်း အင်္ကျီအိတ်ကပ်ထဲမှ လိပ်စာကတ်ကို ရူပါဝတ်မှုန်အား ပေးလိုက်သည်။

"ဒီလိုဆို ပြန်ခွင့်ပြုပါဦး ... ကျွန်တော့်ကို ဖုန်းဆက်ပေးပါ"

လင်းခန့်က ကိုတိုးကို ပြန်ဖို့ အချက်ပြလိုက်ပြီး 'မေတ်' အနုပညာထုတ်လုပ်ရိုက်ကူးရေး ရုံးခန်းမှ ထွက်လာခဲ့သည်။

..... ❀ .....

"မမကလည်း ... ကိုယ့်ဆီ အလုပ်လာအပ်တဲ့ သူကို ဟောက်ရတယ်လို့ ... ကိုလင်းခန့်ကို အားနာစရာကြီး ... "

လင်းခန့်နှင့် ကိုတိုး ထွက်သွားသွားချင်း ရူပါဝတ်မှုန်၏ ဝန်ထမ်းကောင်မလေးက ပြောလိုက်သည်။

"မသိပါဘူး သီတာရယ် ... ငါ့ကို သူက လာလိုမ့်တယ်မှတ်လို့"

"မဟုတ်သေးဘူးနော် မမ ... သီတာ အကဲခတ်[illegible]သလောက်က အဲဒီ ကိုလင်းခန့်ဟာ အလုပ်တစ်ခုကို လုပ်ရင် တိတိကျကျ လုပ်မဲ့ပုံမျိုး သူ့မျက်လုံးတွေကို အကဲခတ်ကြည့်တာနဲ့ သိတယ် ... ဒါနဲ့ မမနဲ့က ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်ကြတာလဲ ... ”

မထူးတော့ပါဘူးဆိုပြီး ရူပါဝတ်မှုန်က ဖြစ်သမျှကို သီတာအား ပြန်ရှင်းပြရတော့သည်။

“မမပြောသလိုဆို ဒီကိုလင်းခန့်က ကြော်ငြာရိုက်တာတောင် မသိဘူးဆိုတော့ အူကြောင်ကြောင်နိုင်တာက အခုလို သူ့အလုပ်ကြော်ငြာရိုက်ဖို့တွေ ဖြစ်လာတာဆိုတော့ ... ဧကန္တ မမတစ်ယောက်တော့ ရည်းစားမထားဘဲ တစ်နေ့ အမျိုးသမီးဒါရိုက်တာတစ်ဦး ဖြစ်လာရမဲ့ ရည်ရွယ်ချက်တွေ အနည်းနဲ့အများ စွန့်လွှတ်ရတော့မယ် ထင်တယ် ... ”

“သီတာ ... ညည်းစကားက ဘာစကားလဲ ... ”

“မမကလည်း ... မမနဲ့ ကိုလင်းခန့် ဒီလို ဆုံအောင် ဖူးစာက ဖန်တီးပေးလိုက်တယ်လေ ... အဲဒါကို မမ သတိထားမိလား ... ”

“အို ... ဘာဆိုင်လဲ ... ဒီလိုပဲ အလုပ်ကိစ္စတွေ လာအပ်ကြတာပဲ၊ ဆိုင်ပါဘူး”

“ဆိုင်တာပေါ့ မမရဲ့ ... ဟိုက မမေးဘဲ မမက မမရဲ့ နာမည်ကို ပြောပြတယ် ... ပြီးတော့ ဟိုက သူ့အလုပ်ကိစ္စအတွက် မမကို စဉ်းစားခိုင်းတယ် ... ပြီးတော့ ဟိုက လိပ်စာကတ်မပေးရသေးဘူး မမက အရင်စ,ပေးတယ်၊ ဒီပွဲကိုတော့ သီတာ စိတ်ဝင်စားသွားပြီ ... သေချာပါတယ် ... မမတော့ အပျိုကြီးဘဝကို စွန့်လွှတ်ရတော့မယ်”

“သွားစမ်းပါ သီတာရယ် ... ”

သီတာ့စကားကို လက်မခံသည့်ပုံစံမျိုးနှင့် ရူပါဝတ်မှုန်တစ်ယောက် သူမ အခန်းထဲသို့ ဝင်လာပြီး ဆုံလည်ကုလားထိုင်မှာ ထိုင်ချလိုက်သည်။

ပြီးတော့ လက်ထဲမှာ ကိုင်ထားသည့် လင်းခန့် လိပ်စာကတ်ပြားကို စားပွဲပေါ် ပစ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက သီတာ့ကို ပြောလို့သာ ပြောလိုက်တာ။ ဘာဖြစ်
များ လင်းခန့်၏ လိပ်စာကတ်ပြားကို စားပွဲပေါ် တင်ထားတာ သူမ မျက်
နှစ်လုံးက ကြည့်မိအောင် ကြည့်မိသွားသလဲလို့။

တော်ပါသေးရဲ့ ... သီတာ မသိလို့။

..... ❦ .....

လင်းခန့်ကတော့ ကိုတိုးကို ကားမောင်းခိုင်းရင်းမှ သူ့လက်ထဲ
ကိုင်ထားသော ရှုပါဝတ်မှုန်၏ တယ်လီဖုန်းနံပါတ်တွေကို အလွတ်ကျ
နေမိသည်။

..... ❦ .....

ဘဝမှာ ကျောင်းစာမှ မဟုတ်ပါဘူး။ အချစ်နှင့် ပတ်သက်သ
အကြောင်းအရာတွေကို ကျက်မှတ်လေ့လာသင်ယူရတာကလည်း လ
ခန့်အဖို့ အလွယ်ရေးချ မလွယ်ပါ ... ။

..... ❦ .....

အချစ်ဆိုသည်မှာ ကျောင်းသင်ခန်းစာတွေ မဟုတ်တာက
အမှန်ပင်ဖြစ်ပါသည် ... ။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

"စကြဝဠာထဲမှာ
ခင်မျှားကို
ပြုပြင်ကောင်းမွန်စေနိုင်တဲ့
ချောင်းငယ်လေးတစ်ခုပဲ ရှိတယ် ... ။
အဲဒီချောင်းကလေးက
ခင်မျှားကိုယ်တိုင်ပဲလေ ... "

အဒပ်ဟာပ်စလေ

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

စားပွဲပေါ်မှာ တင်ထားသော အလှကုန်ပစ္စည်းများကို ကိုင်ဆောင်ပြီး ရိုက်ကူးထားသော မော်ဒယ်သရုပ်ဆောင်များ၏ ဓာတ်ပုံတွေကို ကြည့်ပြီး လင်းခန့် ကျေနပ်နေမိသည်။

မိမိကုန်ပစ္စည်းနှင့် လိုက်ဖက်မည့် အဝတ်အစားကို ဝတ်ခိုင်းပြီး မော်ဒယ်သရုပ်ဆောင် ကောင်မလေးများအား လှအောင် ရိုက်ပေးသည့် ဓာတ်ပုံဆရာကော အကြံဉာဏ်ပေးသည့် ရူပါဝတ်မှုန်ကိုပါ ကျေးဇူးတင်နေမိသည်။

ထိုအချိန်မှာပဲ လင်းခန့်ဟမ်းဖုန်းက မြည်သဖြင့် ကြည့်လိုက်တော့ ရူပါဝတ်မှုန် ဖုန်းနံပါတ် ဖြစ်နေသည်။

"ပြောပါ ... လင်းခန့်ပါ ... "

"ရူပါဝတ်မှုန်ပါ ... ရှင် ဓာတ်ပုံတွေ ရပြီမို့လား ... အဲဒီပုံတွေနဲ့ မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ ကြော်ငြာထည့်ရမှာဆိုတော့ ကျွန်မ ပြောတဲ့ ဒီဇိုင်းဆရာဆီသွားလိုက်ဦး ... ကြော်ငြာရိုက်ကူးဖို့က ပြီးမှ ဘယ်မှာရိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလဲ ကြည့်ကြတာပေါ့ ... အခု ကျွန်မ ဗီစီဒီကာရာအိုကေ သီချင်းခွေခ်ပ္ပဒ်ခွဲစာ ကျန်လို့ ရိုက်ရဦးမယ်၊ ဒီတစ်ပတ်ထဲ အားဦးမှာ မဟုတ်သေးဘူး ... ဒါပဲနော် ... ”

လင်းခန့် ဟမ်းဖုန်းကို ပိတ်လိုက်ရင်းမှ ရှုပါ၀တ်မှုန်အား ချီးကျူးနေမိသည်။ ကိုယ့်အလုပ်ပေါ် တန်ဖိုးထားပါလားလို့ ... ။ တိုင်ကပ်နာရီကို လှမ်းကြည့်တော့ နေ့လယ်တစ်နာရီရှိပြီ ဖြစ်သည်။ မရောက်တာကြာပြီဖြစ်သော ကန်တော်ကြီးပန်းခြံကို သွားဦးမှပဲ ဆုံးဖြတ်လိုက်သည်။

ကားကို မောင်းလာရင်း ကုမ္ပဏီနှင့် မျက်နှာချင်းဆိုင်အိမ်ကို လှမ်းကြည့်လိုက်တော့ ရှားရှားပါးပါးမြင်ကွင်းကို တွေ့ရသည်။

ကိုချစ်ခေါင်က မမွေးသောက်ဖို့ ... လက်ဖက်ရည်တွေ ဘာတွေသယ်ဆွဲလာတာ မြင်နေရသည်။

မမွေးမျက်နှာကလည်း နေဆယ်စင်း ထွန်းလင်းဝင်းပသလို ဖြစ်နေသည်။

ကိုချစ်ခေါင်နှင့် မမွေးတို့၏ အိမ်တွင်းစစ် ဖြစ်ပွားသံ မကြားရတာကြာတော့ နည်းနည်း ပျင်းသလိုရှိပါလားလို့ ကားမောင်းရင်းက လင်းခန့်တွေးမိသေးသည်။

..... ❦ .....

ကန်ရေပြင်ထဲမှ ရေကြက်နှစ်ကောင် ခပ်ဝေးဝေးဆီသို့ ထပျံသန်းသွားသည်ကို လင်းခန့် ခုံတန်းလေးမှာထိုင်ရင်းက မြင်နေရသည်။ ကန်တော်ကြီးပန်းခြံသည် အရင်လိုပါပဲ။ ပန်းတွေကလည်း ပွင့်လို့၊ ဥယျာဉ်ကလည်း စိမ်းလို့။ ကလေးတွေကလည်း ဆော့လို့။ အတွဲတွေကလည်း ကိုယ့်ကမ္ဘာကိုယ် တည်ဆောက်နေကြလို့။

www.burmeseclassic.com

www.burmeseclassic.com



"အာရေး အစ်ကို ... ပျောက်နေပါလား ..."

"ဟာ ... ဆာမိ"

အရင်လိုပါပဲ။ အင်တာနက်ဆာမိတစ်ယောက် ဈေးရောင်းနေကျ ကြိမ်ဆွဲခြင်းကိုဆွဲပြီး ရောက်လာသည်။ သူ့ပုံစံကြည့်ရသည်မှာ သည်နေ့ ဈေးတော်တော်ရောင်းကောင်းပုံရသည်။

"ဆာမိ ... ဈေးရောင်းကောင်းတယ် ထင်တယ် ... မင်းမျက်နှာ ရွှင်နေတာပဲ"

"ဈေးရောင်းကောင်းတာပေါ့ အစ်ကိုရယ် ... ကျွန်တော်က ဒီပန်းခြံ ထဲမှာ ဈေးလိုက်ရောင်းရတာဆိုတော့ ဒီပန်းခြံထဲမှာ ကျွန်တော့်ဆီကနေ အများဆုံး အားပေးတဲ့ အတွဲတွေ ကျန်းမာပါစေ ချမ်းသာပါစေလို့ ဆု တောင်းတာက နေ့တိုင်းဆိုတော့ ... ကျွန်တော့်စေတနာက အကျိုးပေး တာပေါ့ ... ဒီနေ့ ဈေးရောင်းကောင်းတာကတော့ နည်းနည်းဆန်းတယ် အစ်ကိုရေ ..."

"ဘယ်လိုဆန်းတာလဲ ..."

"အာရေး အစ်ကို ... ခါတိုင်းလာနေကျ ဝိပဿနာအကြောင်း ဆွေး နွေးတဲ့အတွဲက အခုရက်တွေမှာ နေ့လယ်နှစ်နာရီလောက် ရောက်လာပြီး ဆွေးနွေးလို့ ဈေးပိုရောင်းကောင်းလား မသိဘူး ..."

အင်တာနက်ဆာမိက သူ့စကားသူ သဘောကျရင်း ရယ်နေသည်။

"မင်းပြောတာကို ငါ စိတ်ဝင်စားချင်ပါရဲ့ကွာ ... ဒါပေမဲ့ တစ်မျိုး ပြီးတစ်မျိုး ကမောက်ကမဖြစ်ရတာ ... ဟိုအဘိုးကြီးတုန်းကဆိုလည်း ငါ့မှာ အနိုပ်သည် ဖြစ်တော့မလို့ ..."

"အာရေး ... ဒါလည်း အစ်ကို့အတွက် အတွေ့အကြုံသစ်ပဲပေါ့ ... အစ်ကို တစ်နေ့ ဒီပန်းခြံကြီးကို ကျေးဇူးတင်မှာပါ ..."

"မင်းစကားက ဘာစကားလဲကွ ..."

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကားပါ အစ်ကို ... ဆာမိ မြန်မာလို ပြောတာပါ ... အစ်ကို ဒါနဲ့ ဝိပဿနာအတွဲကို စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော် လိုက်ပို့မယ်၊ သူတို့အတွဲက တည်ငြိမ်ပါတယ် ..."

"ဒီတစ်ခါတော့ ကမောက်ကမ မဖြစ်တန်ကောင်းပါဘူးကွာ"

"ကုလားလေး သိပါတယ် အစ်ကိုရာ ... လာ ..."

သည်တစ်ခါလည်း အရင်လိုပါပဲ။ အင်တာနက်ဆာမိ ခေါ်ဆောင်ရာသို့ လင်းခန့် လိုက်လာခဲ့ရပါသည်။

..... ❀ .....

သည်တစ်ခါ ဆာမိပြသော ခုံတန်းလျားမှာ ထိုင်ရတာ လင်းခန့်အဖို့ ကိုယ့်စိတ်ကို သိပ်မလုံဖြစ်နေသည်။ ဘာဖြစ်လို့လဲဆိုလျှင် ဘေးနားက ခုံတန်းလျားနှင့်က သိပ်မကွာဘဲ ဖြစ်နေသည်။ သစ်ပင်ကြီးအောက်တွင် ရှိသဖြင့် အရိပ်ကောင်းကောင်းရပြီး အေးမြလို့နေသည်။

အကယ်၍များ အတွဲချောင်းမည့်သူတွေ ရှိမည်ဆိုလျှင်လည်း သစ်ပင်ကြီးကို အကာအကွယ်ယူပြီး ကောင်းကောင်းချောင်းကြည့်နိုင်သည်။

ထိုစဉ်မှာပဲ ... ကြိမ်ဆွဲခြင်းကို လက်က ဆွဲလာသော အသက်လေးဆယ်ကျော် အမျိုးသားတစ်ဦးနှင့် ထိုအမျိုးသားနှင့် အသက်မတိမ်းမယိမ်း ရှိမည့် အမျိုးသမီးတစ်ဦးတို့က လင်းခန့်အနီးနားရှိ ခုံတန်းလျားဆီသို့ ရောက်လာကြသည်။

ဝိပဿနာအကြောင်း ဆွေးနွေးသည့် အတွဲပဲ ဖြစ်ရမည်ဟု လင်းခန့် ကောက်ချက်ချမိသည်။

"ချစ်ဦးရေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ချစ်လေး ... "

"ဆွဲခြင်းထဲက ကိတ်မုန့်လေး ချစ်လေးကို ကျွေးပါဦး ... "

"ချစ်ဦးက ချစ်လေးကို ကျွေးရမှာပေါ့ ... "

ဘေးနားက ခုံတန်းလျားမှာ ထိုင်ရင်း ဟိုကြည့်ဒီကြည့်သလို လုပ်နေသော လင်းခန့် အသံတွေကို ကြားလည်း ကြားနေရ မြင်လည်းမြင်နေရပြီး ဤအသက်အရွယ်တွေနှင့် တစ်ဦးကိုတစ်ဦး နုနေကြတာကို မြင်ပြီး အတော်ရယ်ချင်သွားပါသည်။

"ရော့ ... ချစ်လေး စား ... "

"ဟုတ်ကဲ့ ချစ်ဦး ... ချစ်ဦးက သိပ်သိတတ်တာပဲ ... "

ဆွဲခြင်းထဲက ကိတ်မုန့်ကိုယူပြီး ချစ်ဦးဆိုသည့် အမျိုးသားက ချစ်လေးကို ပေးလိုက်သည်။ ပြီးတော့ ရေသန့်ဘူးကိုပါ အဆင်သင့် ကိုင်ထားသည်။

"ချစ်လေး ... ရေသောက်လိုက်ဦး နင်နေမယ် ... "

ချစ်လေးဆိုသည့် အမျိုးသမီးကလည်း စကားနားထောင်သည်။ ကိတ်မုန့်ကို စားလိုက် ရေသန့်ဘူးကို ဖွင့်သောက်လိုက်နှင့်။ ယခုအချိန်ထိ အင်တာနက်ဆာမိ ပြောသလို ... ဝိပဿနာအကြောင်း ဆွေးနွေးနေတာ တစ်လုံးတစ်ပါဒမျှ မကြားရသေး။ တစ်ယောက်နှင့်တစ်ယောက် အကြင်နာတွေ ပိုနေကြတာကိုပဲ တွေ့နေရသည်။ ပတ်ဝန်းကျင်မှာ လူရှိသလား မရှိသလားကိုပင် သတိမထားမိကြ။

"ချစ်ဦးနဲ့ချစ်လေးတို့ ဟောဒီလောကီနယ်ပယ်မှာ ဘဝခရီးအတူ လျှောက်လှမ်းဖို့ ... ဘဝရဲ့ ငြိမ်းအေးရာ ရှာဖွေတဲ့ ရိပ်သာကနေ အချစ်ဆိုတဲ့အရာကို တွေ့လာတာက တရားစမ္မကျေးဇူးကြောင့်ပဲနော် ... "

"ဒါပေါ့ ချစ်လေးရဲ့ ... ချစ်ဦးတို့ရဲ့ စိတ်သဏ္ဍာန် အစွမ်းတွေက ဖြူစင်တာကိုး ... "

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့် အသစ်တွေ ကြားရပါပြီ။ အင်တာနက်ဆာမိ ပြောသလို ဖြစ်လာတော့မည် ထင်ပါသည်။ သမီးရည်းစားတွေ ပြောသလိုမျိုး ပြော ရှိုးပြောစဉ် မဟုတ်သဖြင့် နည်းနည်းသစ်နေပါသည်။

"ချစ်လေး စဉ်းစားကြည့်စမ်း ... ချစ်ဦးတို့လို ချစ်သူမျိုး ကမ္ဘာပေါ် မှာ ရှိလားလို့ ... နေ့စဉ် ဘုရားတက်၊ ပြီးရင် ပောဒီ ပုထုဇဉ်တွေ နွယ်ပင် လို ရစ်ပတ်တွယ်ငင်နေတဲ့ ဒီပန်းခြံကြီးထဲလာပြီး တရားဓမ္မရဲ့ ဖြစ်ပျက် သဘောတွေကို ရှုမှတ်ရင်း ဝိပဿနာအကြောင်း ဘယ်သူတွေ ပြောဖူးလဲ"

"ဒါပေါ့ ချစ်ဦးရယ် ... တရားဆိုတာ ပန်းခြံထဲမှာလည်း ရှာရင်ရတာ ပဲနော် ... "

ချစ်ဦးနှင့် ချစ်လေးဆိုသော အတွဲက သူတို့ဘေးနားမှာ လင်းခန့် ရှိနေသဖြင့် သိသိကြီးနှင့်များ တစ်ဦးနှင့်တစ်ဦး ဂိုယ်ရည်သွေး ကြွားဝါ နေလေသလားလို့ လင်းခန့် ထင်နေမိသည်။

"ကဲ ... ချစ်လေး ... ဘယ်လိုလဲ ... မနေ့က တရားဓမ္မနဲ့ ပတ်သက် တဲ့စာ ချစ်ဦးက အလွတ်ဆိုပြပြီး ... ဒီတော့ ဒီနေ့ ချစ်လေးဆိုဖို့ အကြွေး ကျန်နေတယ် ... "

"ရတာပေါ့ ချစ်ဦးရဲ့ ... "

"ကဲ ... ဒါဆို ဘုရားလောင်းရက္ခိတရသေ့ပညာရှိ ဟောကြားအပ် တဲ့ မဟာမင်္ဂလာကြီးရှစ်ပါးကို ဆိုတော့ ... "

"ဒါများ ချစ်ဦးရယ် ... နားထောင် ... တစ်–မေတ္တာပွားများခြင်း၊ နှစ်– သည်းခံခြင်း၊ သုံး–အဆွေခင်ပွန်းကို မရှိမသေ မလေးမစား မထေမဲ့မြင် မဖြစ်ခြင်း၊ လေး–အဆွေခင်ပွန်းကောင်းရှိခြင်း၊ အဆွေခင်ပွန်းနှင့် မျှတာစွဲဝေ သုံးဆောင်ခြင်း၊ ငါး–မယားကောင်းရှိခြင်း၊ ခြောက်–မင်းစစားယောကျ်ားရဲ့ စင်ကြယ်သော ကိုယ်နှုတ်စိတ်ရှိခြင်း၊ လုံ့လရှိခြင်း၊ ခုနစ်–ဒါနပြုခြင်း၊ ရှစ်ကတော့ အ[illegible]ဖိုယ် တရား ... ပေါင်း ရှစ်ပါးလေ ... ကဲ ... ဟုတ်တယ်မို့လား ချစ်ဦး ... "

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ... ချစ်လေးက သိပ်တော်တယ် ... ဒီတော့ ဒီတစ်ခါ သကြားလုံးစား ..."

လင်းခန့်ဘဝမှာ သည်လိုမျိုး တစ်ခါမှ မကြုံဘူးပါ။ ပန်းခြံထဲလာပြီး သမီးရည်းစားနှစ်ယောက် တစ်ယောက်ကဘုရားဟော တရားစာ မေးတာကို တစ်ယောက်က အထစ်အငေါ့မရှိဖြေတာ ကမ္ဘာပေါ်မှာ သည်စုံတွဲပဲ ရှိလိမ့်မည်လို့။

အဘယ်သို့သောအကြောင်းရယ်ကြောင့် ဤကန်တော်ကြီးပန်းခြံထဲ နေရာမှားရောက်လာသလဲမသိပါ။

ချစ်လေးဆိုသည့် အမျိုးသမီးကတော့ ချစ်ဦးဆိုသည့်အမျိုးသားကျွေးသော သကြားလုံးကို ပါးစပ်ထဲထည့်ပြီးစုပ်နေလို့။

ရိပ်သာမှာ သမီးရည်းစားဖြစ်လာတာ မဟုတ်မှသာလွဲပါလိမ့်မည်။ သူတို့နှစ်ယောက်ပါဠိလိုများ ရည်းစားစကားပြောခဲ့လေသလားမသိ။

"ကဲ ... ချစ်လေးကတော့ စာဆိုပြီးတာ ဟုတ်ပါပြီ ချစ်ဦးကကော ခန္ဓာငါးပါးပသာဒရုပ်ငါးပါးရဲ့ ဥပမာတွေကောရပြီလား"

"ရတာပေါ့ ..."

"ဒါဆို ချစ်ဦးအရင်ဆို"

"မဟုတ်ဘူး ... ချစ်လေးအရင်ဆို"

"ဒီလိုဆို နှစ်ယောက်အတူတူဆိုမယ်"

"ချစ်လေးနဲ့ချစ်ဦးနှစ်ယောက် ပြိုင်တူဆိုတော့ ကိုယ်က စာဆိုနေလို့ မှားတာမှန်တာ ဘယ်သူကသိမှာလဲ ... မညစ်ကြေးနော်"

မသိမသာ အကဲခတ်နေသော လင်းခန့်ခေါင်းကုတ်မိပါသည်။ အင်တာနက်ဆာမိပြောသလို သူတို့နှစ်ယောက်စကားနားထောင်နေရင်း ကိုယ်တောင် ဘုန်းကြီးပြေးဝတ်ရမည့်ကိန်းဆိုက်နေပါသည်။

"နေဦး ချစ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်ဆိုးကတော့ လင်းခန့်ဆီ တည့်တည့်ဝင်ဆောင့်ပြီလို့။ ကြည့်ဦးလေ။ ချစ်ဦးဆိုသောလူက လင်းခန့်ရှိရာသို့လာနေသည်။

"ဒီမှာဗျာ ... ခဏလောက် ... ကျွန်တော်တို့ကိုကူညီပါ"

"ဗျာ ... ဘာဖြစ်လို့လဲ ... "

"ကျွန်တော်တို့နှစ်ယောက် ခင်ဗျားရှေ့မှာ စာဆိုချင်လို့ပါ ... နို့မို့ဆို နက်ဖြန်အကြွေးပါသွားမှာစိုးလို့ ... "

"လာပါဗျာ ... ခဏပါ"

ချစ်ဦးဆိုသောလူက လင်းခန့်ကိုထိုင်နေရာမှ အတင်းလက်တွဲကာ သူတို့ထိုင်နေသော ခုံတန်းလျားဆီသို့ခေါ်လာပါသည်။

"ရော့ ... ခင်ဗျားက အဲဒီစာမျက်နှာကိုကြည့်ထား ... ကျွန်တော်တို့နှစ်ယောက်ဆိုတာ တစ်ယောက်ယောက်မှားရင် ရပ်နိုင်းပြီး ပြန်ဆိုခိုင်း"

"ဟုတ်တယ် ... ဒီက အစ်ကိုကြီး ... ကူညီပါ"

လင်းခန့်ဘစ်ယောက် ချစ်လေးဆိုသော အမျိုးသမီးက ပြောလိုက်မှ သူ့ရုပ်ရည်က တော်တော်ရင့်သွားပြီလားလို့ ထင်နေမိသည်။ အသက် နှစ်ဆယ့်ခုနစ်နှစ်အရွယ် သူ့အရွယ်က တော်တော်ရင့်သွားပြီလားမသိ။

"မဟုတ်ပါဘူးဗျာ ... ကျွန်တော်က ပန်းခြံထဲ အေးအေးဆေးဆေး လာထိုင်တာ ... "

လင်းခန့်က ငြင်းပါသည်။

"မဟုတ်ပါဘူးဗျာ ... ကုသိုလ်ရပါတယ် ... ရော့ ... ဒီစာအုပ်ကြည့်ထား ... "

ချစ်ဦးဆိုသောလူက လင်းခန့်လက်ထဲဖွင့်ထားသော တရားစာအုပ်တစ်အုပ်ကို အတင်းပေးပါသည်။

နောက်ဆုံးတော့ လင်းခန့်တစ်ယောက်လည်း မထူးတော့ပါဘူးဆိုပြီး စာအုပ်ကိုယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဆိုဗျာ"

"ဆိုမယ် ... ပြိုင်တူကိုဆိုမှာ ကဲ ချစ်လေးတရားစာဆိုရအောင်"

တရားစာအုပ်ကို ကိုင်ထားသော လင်းခန့်အနီးအနားမှာ ချစ်ဦးနှင့် ချစ်လေးတို့နှစ်ယောက်က ကျောင်းသားနှစ်ဦး စာဆိုသလိုမျိုး အသင့်အနေအထားဖြစ်လို့နေသည်။

"ခန္ဓာငါးပါးမှာ တစ် ရူပကခန္ဓာသည် ရေမြှုပ်နှင့်တူ၏။ နှစ် ဝေဒနာက ခန္ဓာသည် ရေပွက်နှင့်တူ၏။ သုံး သညာကခန္ဓာသည် တံလျှပ်နှင့်တူ၏။ လေး သင်္ခါရကခန္ဓာသည် ငှက်ပျောပင်နှ ါး ဝိညာဏကခန္ဓာသည် မျက်လှည့်နှင့်တူ၏။"

နှစ်ယောက်သား တရားစာဆိုနေရင်းမှ ပြိုင်တူရပ်လိုက်ကြသည်။ လင်းခန့် ချီးတွေချီးကျူးမိသည်။ ချစ်ဦးနှင့်ချစ်လေး တရားစာဆိုတာ တရားစာအုပ်ကိုင်ပြီး မှားသလား မှန်သလားကြည့်တာ လုံးဝမမှား။

"ဘယ်လိုလဲ ကျွန်မတို့ ချစ်သူနှစ်ဦးဆိုတာ မှန်တယ်မဟုတ်လား"

"မှန်ပါတယ်ခဗျာ ... "

"ကလင် ... ကလင် ... ကလင် ... "

အရေးထဲ ဟမ်းဖုန်းကလာသဖြင့် ကြည့်လိုက်သောအခါ ရူပါဝတ်မှုန်ဆီက ဖြစ်နေပါသည်။

"ပြောပါ ... "

"ရှင် ... ဘယ်ရောက်နေတာလဲ ... "

"ကျွန်တော် ... ကုမ္ပဏီမှာပါ ... ဘာကိစ္စရှိလို့လဲ ... "

"ကုမ္ပဏီမဟုတ်ပါဘူး ... ကျွန်မတို့ကို တရားစာအလွတ်ဆိုအောင် ဒိုင်လုပ်ပေးနေတာပါ ... "

ချစ်လေးဆိုသည့်အမျိုးသမီးက ဝင်ပြီး အမှန်အတိုင်းပြောနေလို့ လင်းခန့်ခမျာ လက်ဖြင့်နှုတ်ခမ်းကိုပိတ်ရင်း သတိထားပေးလိုက်ရသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ တော်ကြာ ရှုပါဝတ်မှုန်က ပန်းခြံထဲရောက်နေသောသူ့ကို တစ်မျိုး ထင်သွားမှာစိုးလို့ဖြစ်ပါသည်။

"ပြောပါ မရှုပါဝတ်မှုန် ... ကိစ္စက ဘာအရေးကြီးသလဲမသိဘူး"

"နေပါ ... မအားလည်းနောက်မှဆက်တော့မယ်"

ရှုပါဝတ်မှုန်က ဖုန်းပိတ်လိုက်သဖြင့် လင်းခန့်လည်း တယ်လီဖုန်း ပိတ်လိုက်သည်။

"ဒီကအစ်ကိုက ဘာဖြစ်လို့ လိမ်ပြောတာလဲ"

အရေးထဲ ချစ်လေးဆိုသည့်အမျိုးသမီးက စပ်စုနေပြ ...းသည်။

"အလုပ်ကိစ္စမို့ပါ ... ကျွန်တော့်ဘာသာ ပန်းခြံထဲလာအနားယူတာ တစ်မျိုးထင်မှာစိုးလို့ ... ကဲ ... ဘာကျန်သေးလဲ ... "

"ဟို ... ဟို ... ပသာဒရုပ်ငါးပါးလေ ... "

"ကဲ ... ဆိုဗျာ"

ချစ်ဦးကို လင်းခန့်က စိတ်မရှည်သည့်လေသံနှင့် မေးလိုက်သည်။

"နံပါတ်တစ် စက္ခုပသာဒသည် မြေနှင့်တူ၏။ နှစ် သောတပသာဒ သည် မိကျောင်းနှင့်တူ၏။ သုံး ဃာနပသာဒသည် ငှက်နှင့်တူ၏။ လေး ဇိဝှါပသာဒသည် အိမ်ခွေးနှင့်တူ၏။ ငါး ကာယပသာဒသည် တောခွေးနှင့် တူ၏။ အဓိပ္ပာယ်ကို ရှင်းရသော ... ။"

ဆက်လက်ပြီး လင်းခန့် စိတ်မရှည်နိုင်တော့ပါ။ သူတို့နှစ်ယောက် ဆိုနေသော တရားစာတွေက စာမျက်နှာတွေကျန်သေးသည်။

"ကဲ ... ခင်ဗျားတို့ဘာသာ အဓိပ္ပာယ်တွေတစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီးရှင်းပေတော့ ... ဘယ့်နှယ်ဗျာ ... ပန်းခြံထဲလာတဲ့လူကို တရားစာအလွတ်ကျက်ပြီးရွတ်တာ မှန်သလား မှားသလားလုပ်ခိုင်းတယ် လို့ ... "

ချစ်ဦးဆိုသူလက်ထဲစာအုပ်ကိုပေးရင်းလင်းခန့်ပြေးထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါ အင်တာနက်ဆာမိကိုတွေ့လျှင်တော့ ပြောရဦးမည်။ နောက်တစ်ခါ မည်သည့်အတွဲအကြောင်းမှ ဘာကြီးပဲဖြစ်ဖြစ် လာမပြော ပြနိုင်တော့လို့။

တော်ပါသေးသည်။ အရှင်လတ်လတ် တစ်မဂ်၊ တစ်ဖိုလ်ရတော့ မလို့။

ပြဿနာက သည်မှာပင် ပြီးပြီဟု လင်းခန့်ကထင်နေမိတာ ...

..... ♣ .....

"ကိုလင်းခန့် ... ရှင်မဆိုးဘူး ... ဈာန်ရတယ်ထင်တယ်"

"ဟာ ... မရူပါဝတ်မှုန်"

ချစ်ဦးနှင့်ချစ်လေးတို့အနားကနေ လင်းခန့် ဘာကိုမှ သတိမထားမိ ဘဲ ညစ်ညစ်နှင့်ထွက်လာသော လင်းခန့်အား ရပ်ထားသော 'ပရာဒို'ကား ပေါ်မှ ရူပါဝတ်မှုန်က ရယ်ရင်းမှ ပြောလိုက်သဖြင့် လင်းခန့် အံ့အားသင့်ရင်း က ဘာပြန်ပြောရမှန်းမသိ။

"ကုမ္ပဏီရုံးခန်းကနေ ဟောဒီကန်တော်ကြီးပန်းခြံထဲကို ချက်ချင်း ရောက်လာတာ ဈာန်ရလို့ပေါ့"

"မဟုတ်ပါဘူးဗျာ ... ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးထိုင် နေတာ ဟိုအတွဲကဗျာ တရားစာအုပ်ကြည့်နိုင်းပြီး သူတို့ကအလွတ်ဆိုတယ် လေ ... တစ်ခါဖူးမှ မကြုံဖူးပါဘူးဗျာ ... တော်ကြာ ပန်းခြံထဲကလို့ပြောရင် မရူပါဝတ်မှုန်အထင်သေးမှာစိုးလို့ပါ ... "

မထူးတော့ပါဘူးဆိုပြီး လင်းခန့်ကလည်း အမှန်အတိုင်း ပြောလိုက် သည်။

"ကျွန်မလည်း ဒီပန်းခြံထဲမှာ ဗီစီဒီကာရာအိုကေအတွက်ရိုက်ပြီးလို့

www.burmeseclassic.com



တခြားနေရာပြောင်းရိုက်ရမှာ ပြန်မလို့ ... ရှင့်ကို အတွဲရှေ့မှာ စာအုပ်ကိုင်ပြီး ရပ်နေတာတွေ့လို့ ဘာဖြစ်တာလဲဆိုပြီး ကားရပ်ရင်းက ဖုန်းနဲ့လှမ်းဆက်ပြီး နောက်လိုက်တာ ... ကြည့်ကောင်းတာနဲ့ကြည့်နေတာ ရှင်က ကျောင်းဆရာလုပ်စားရမှာ ... အမှုအရာသိပ်ကောင်းတယ် ... "

"ဟာဗျာ ... ကျွန်တော့်ကို နောက်နေသေးတယ် ... ဒီမှာ တော်တော်စားသွားတာ ... "

"ကဲ ... ကျွန်မသွားမယ် ... ကားပါတယ်မဟုတ်လား ... ဩော်ဒိုင်းဆရာဆီလည်းသွားဦး ... သူကတော့ စာမေးမှာမဟုတ်ဘူး"

ရူပါဝတ်မှုန်က လင်းခန့်ကို ကလိပြီး ကားကို မောင်းထွက်သွားသည်။

..... ❀ .....

သည်လိုဖြစ်ရတာ ဟိုဝိပဿနာအတွဲကြောင့်လို့။ တော်ပါသေးရဲ့။ ရူပါဝတ်မှုန်က တစ်မျိုးမမြင်ဘဲ အထင်မသေးတာ ကံကောင်းဟ။

..... ❀ .....

အံမယ် ဟိုတစ်မင်္ဂ၊ တစ်ဖိုလ်ရသလိုမျိုး ခုံတန်းလျားသွားထိုင်နေသော စုံတွဲက အခုချိန်ထိ ပတ်ဝန်းကျင်ကို မေ့လျော့ပြီး တစ်ယောက်တစ်လှည့်စာတွေဆိုနေတာ လှမ်းမြင်နေရသည်။

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးနှင့်ချစ်လေးတို့ ကျောင်းနေတုန်းကသာ သည်လိုတရားစာကျက်ပုံမျိုးနှင့်ဆို ဘာသာစုံဂုဏ်ထူးထွက်လို့ တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ ရမှာအမှန်။

ကေန်မလွဲ။

အခုတော့ နေရာမှားနေလိုက်ကြတာ ...

..... ✤ .....

www.burmeseclassic.com

www.burmeseclassic.com

"အနုပညာဆိုတာ
ဘဝအတိုင်းပဲ။
လွတ်လွတ်လပ်လပ်
ရှိသင့်တယ်။
ဘာကြောင့်လဲဆိုတော့
ဒီနှစ်မျိုးစလုံးက
စမ်းသပ်စရာနေရာတွေလေ"

ရျော့ချ်ဆန်းတာယားနား

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ရှုပါဝတ်မှုန်ခမျာ တော်တော်ပင်ပန်းနေပါသည်။ နဖူးပြင်ထက်ဝယ် ချွေးကလေးတွေဘောင်စို့နေသည်။

မနက်ကတည်းက တစ်နေ့လုံး အလှကုန်ပစ္စည်းကြော်ငြာတွေအတွက် မဂ္ဂဇင်းထဲမှာထည့်ဖို့ မော်ဒယ်တွေနှင့်ဓာတ်ပုံစတူဒီယိုမှာ ဓာတ်ပုံရိုက်ကူးနေသည်ကို ဘေးနားကနေ မကြိုက်မချင်း လမ်းညွှန်နေသောကြောင့်ဖြစ်သည်။

ပထမရိုက်ထားသော ဓာတ်ပုံတွေနှင့် ဒီဇိုင်းကို ရှုပါဝတ်မှုန်က မကြိုက်သဖြင့် ပြန်လုပ်ခိုင်းသောကြောင့် လင်းခန့်က စီစဉ်ပေးရခြင်းဖြစ်သည်။

"ကိုယ်က အခုမှစလုပ်တဲ့လုပ်ငန်းတစ်ခုအတွက် ပရိသတ်သိအောင် စားသုံးသူသိအောင် ဆွဲဆောင်နိုင်ဖို့က အရေးကြီးတယ် ... ဒီတော့အခုလို မဂ္ဂဇင်းတွေကို ကြော်ငြာထည့်ဖို့ ဒီဇိုင်းပြန်လုပ်ဖို့ ပိုက်ဆံကုန်တာက တစ်ချိန်မှာ ကိုယ့်ပစ္စည်းအတွက် အကျိုးအမြတ်တွေရမယ်လို့ ကျွန်မထင်တယ် ..."

www.burmeseclassic.com



ရုပါဝတ်မှုန်က မော်ဒယ်ကောင်မလေးများကို ဓာတ်ပုံရိုက်ပြီးသွား သောအခါ ကျေနပ်အားရသောအမူအရာနှင့် လင်းခန့်ကိုပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် မရုပါဝတ်မှုန်ရယ် ... ရော့ _ [illegible] တွေကို ဟောဒီစနိုးတာဝါနဲ့သုတ်လိုက်ပါဦး ... ကျွန်တော် [illegible] ဒီစတူဒီယိုကကောင်လေးကိုသွားဝယ်ခိုင်းလိုက်တာ ..."

"ကျေးဇူးပဲ ကိုလင်းခန့်"

လင်းခန့်ပေးသော စနိုးတာဝါကိုယူရင်းမှ ရုပါဝတ်မှုန်က ကျေးဇူး တင်သောအကြည့်ဖြင့်ကြည့်ရင်းက စနိုးတာဝါပလတ်စတစ်အိတ်ကိုဖောက် ပြီး နဖူးပြင်နှင့်တကွ မျက်နှာကိုသုတ်လိုက်သည်။

"ဒီညစာ ကျွန်တော် မရုပါဝတ်မှုန်ကို လိုက်ကျွေးပါရစေ ... တစ်မျိုး မထင်ပါနဲ့ ..."

"မလိုပါဘူးကိုလင်းခန့်ရယ် ... ဒါက ကျွန်မအလုပ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတာပဲ ..."

"ဟာ ... မဟုတ်တာဗျာ ... ငြင်းမနေပါနဲ့ ကျွန်တော်ကျွေးပါရစေ"

ရုပါဝတ်မှုန်က ဘာမှမပြောတော့ဘဲ စနိုးတာဝါကို သူ့ပါးပြင်အနံ့ လက်နှင့်ပွတ်နေသည်။

ထို့နောက်တော့ ဓာတ်ပုံရိုက်ခြင်းကိစ္စများပြီးသည်အထိ စတူဒီယို ထဲမှာနေကြပြီး လင်းခန့်နှင့် ရုပါဝတ်မှုန်တို့နှစ်ယောက်သား ဓာတ်ပုံစတူ ဒီယိုထဲမှထွက်လာခဲ့ကြသည်။

..... ❀ .....

မီးရောင်စုံများ ထိန်လင်းနေသော စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့ မှာ လင်းခန့်မောင်းလာသောကားနှင့် ရုပါဝတ်မှုန်မောင်းလာသောကား

www.burmeseclassic.com

www.burmeseclassic.com



နှစ်စီး အေးချင်းယှဉ်ရပ်လိုက်ပြီး သီးသန့် အေးအေးလူလူထိုင်ပြီး စကားလည်းပြောလို့ရသောစားပွဲဝိုင်းဆီသို့ လာခဲ့ကြသည်။

"ဘာမှာမလဲအစ်ကို ... ဟောဒီ MENU ကို ကြည့်ပါခင်ဗျာ"

စားပွဲထိုးကောင်လေးက MENU ကိုပေးသဖြင့် လင်းခန့်က ...

"ကဲ ... မရူပါဝတ်မှုန်ကြိုက်တာသာမှာပေတော့ ... "

"စားမှာကနှစ်ယောက်တည်းပဲဟာ သင့်ရုံပဲကောင်းပါတယ် ... ဘာလုပ်မှာလဲ ပိုနေရင် အလကားပဲ ... "

လင်းခန့်က MENU စာရွက်ကိုကြည့်ပြီး ပုဇွန်ချိုချဉ်စပ်၊ ကတ်ကတစ်အချိုပေါင်း၊ ဆိတ်နှစ်မျိုးဟင်းချို၊ ကျောက်ပွင့်သုပ်တို့ကိုမှာလိုက်သည်။ ပြီးတော့ ကိုကာကိုလာနှစ်ဘူးအရင်ယူလာခိုင်းသည်။

"ဘယ်လိုဖြစ်လို့ ဒီလို ဒါရိုက်အလုပ်ကို စိတ်ဝင်စားသွားတာလဲ ... နည်းနည်းဆန်းနေသလားလို့ ... "

လင်းခန့်က ကိုကာကိုလာတစ်ငုံကိုသောက်ရင်းမှ မေးလိုက်သည်။

"ကျွန်မက ဖန်တီးသူပဲဖြစ်ချင်တယ်လေ ... အဖန်တီးခံတဲ့သူမှမဖြစ်ချင်တာ ... ကျွန်မဖန်တီးတဲ့ဟာတွေကြည့်ပြီး ကျွန်မက ကျေနပ်နေတာလေ ... "

"ဒါဆို ... ရုပ်ရှင်တွေ ဗီဒီယိုတွေ ဘာတွေရိုက်မှာပေါ့ ဟုတ်လား"

ရူပါဝတ်မှုန်က ပြန်မဖြေသေးဘဲ ဟိုဘက်ခပ်လှမ်းလှမ်းက မီးလုံးလေးတွေ ထွန်းညှိချိတ်ဆွဲထားသောသစ်ပင်ကိုကြည့်နေသည်။

"ပိုက်ဆံရဖို့တစ်ခုတည်းနဲ့ ကိုယ်နာမည်ကြီးဖို့အတွက်လောက်နဲ့တော့ ဒါရိုက်တာတစ်ယောက်အဖြစ် ကျွန်မအသက်မွေးဝမ်းကျောင်းမပြုချင်ပါဘူး၊ ကျွန်မတင်ပြချင်တဲ့အနုပညာဟာ တစ်ကားဆိုတစ်ကား အနုပညာမြောက်တာမျိုးပဲဖြစ်ချင်တယ် ... "

နှစ်ယောက်သား စကားကောင်းနေတုန်းမှာပဲ ... မှာထားသော

www.burmeseclassic.com

www.burmeseclassic.com



စားစရာများက ရောက်လာသည်။

"ကဲ ... စားလိုက်ဦးဗျာ ... "

လင်းခန့်က ရှုပါဝတ်မှုန်ပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။ ရှုပါဝတ်မှုန်က မငြင်းပါ။

"ဒါနဲ့ ရှင်ကကော ဘယ်လိုဖြစ်လို့ အင်ဂျင်နီယာဘွဲ့ရထားတာ ဒီအလှကုန်လုပ်ငန်းကိုလုပ်ဖြစ်တာလဲ ... သင်ထားတဲ့ပညာတွေ နှမြောစရာကြီး ... "

"အလှအပကို စိတ်ဝင်စားလို့ပါ ... ဒီထက်အလွယ်ကူဆုံးပြောရရင်တော့ ကလေးနဲ့မိန်းမကြိုက်တဲ့ပစ္စည်းသာ စီးပွားရေးလုပ် အောင်မြင်တယ်လို့ ပြောကြတာရှိတယ် ... ဒီလိုအလှကုန်လုပ်ငန်းဆိုတာက အမျိုးသမီးတွေအတွက် မရှိမဖြစ် ဆိုတော့ စိတ်ဝင်စားတာလည်းပါတာပေါ့ ... ဒါနဲ့ သူငယ်ချင်းတွေနဲ့စုလုပ်ဖြစ်တာ ... လုပ်ရင်းနဲ့မှ တကယ့်ကို Operation နဲ့လုပ်ရတဲ့ လုပ်ငန်းဖြစ်လာမှန်းသိလာရတာ ... "

ထို့နောက်တော့ နှစ်ယောက်သား ဘာစကားမှမဆိုဘဲ စားစရာရှိတာကို စားနေကြသည်။ လင်းခန့်အဖို့တော့ သက်တူရွယ်တူအမျိုးသမီးတစ်ဦးနှင့် ဘဝမှာ မျက်နှာချင်းဆိုင် နှစ်ယောက်တည်းစားဖူးသောက်ဖူးတာ ပထမဦးဆုံးမို့ အတော့်ကို ကျေနပ်နေသည်။

ကောင်းကင်ထက်မှာထွက်ပေါ်လာစ လမင်းက စားသောက်ဆိုင် အဝင်ဝရှေ့က ပိတောက်ပင်ကြီး၏ ပိတောက်ရွက်တွေကြားမှာ ရေးရေးလေး ထွန်းပလို့နေသည်။

လင်းခန့်က နာရီကိုကြည့်လိုက်သည်။ ပြီးတော့ စားပွဲထိုးကိုခေါ်ပြီး ဘီလ်စာရွက်ယူခိုင်းလိုက်သည်။

"ဘယ်လောက်ကျလဲညီလေး ... "

"နှစ်သောင်းသုံးထောင့်နှစ်ရာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘီလ်စာရွက်လာပေးသောစားပွဲထိုးကို လင်းခန့်ကမေးပြီး စာရွက်ကို ကြည့်တုန်း စားပွဲထိုးကပြောလိုက်သည်။

"နေ ... နေ ... ကိုလင်းခန့် ကျွန်မရှင်းမယ်"

"ဟာ ... မဟုတ်တာပဲဗျာ ... ကျွန်တော် ရှင်းမှာပေါ့ ... ကျွန်တော် ကျွေးမယ်ပြောထားတာပဲ ... "

"နေပါ ... နောက်တစ်ခါမှကျွေး ... "

ပိုက်ဆံထုတ်ရှင်းဖို့လုပ်နေတုန်းမှာ ရူပါဝတ်မှုန်က သူမရှင်းမည်ဆိုပြီး စလင်းဘက်အိတ်ထဲက ပိုက်ဆံတွေကိုထုတ် ပိုက်သည်။ ငွေတစ်ထောင်တန်နှစ်ဆယ့်သုံးရွက်တိတိကို ရေလို...ည်။

"ကဲပါ ... အစွန်းထွက်နှစ်ရာတော့ ကျွန်တော်စိုက်ပါ့မယ်"

လင်းခန့်က ရူပါဝတ်မှုန်ဆီမှပိုက်ဆံကိုယူပြီး သူ့အကျႌအိတ်ကပ်ထဲက ငါးရာတန်တစ်ရွက်ကိုယူပြီး စားပွဲထိုးအား ...

"ညီလေး ပိုတဲ့သုံးရာ မင်းယူလိုက် ... ပြန်မအမ်းနဲ့"

လင်းခန့်ဆီမှပေးသောပိုက်ဆံကိုစားပွဲထိုးကယူလိုက်ရင်းမှ ကျေးဇူးတင်သည့်အပြုံးဖြင့် ပြုံးပြရင်းမှ ပိုက်ဆံတွေကိုရေနေသည်။

လင်းခန့်ကော ရူပါဝတ်မှုန်ပါ စားပွဲဝိုင်းကနေ ကားရပ်ထားရာဆီသို့ ထွက်လာခဲ့သည်။

"အစ်ကို ... အစ်ကို"

သူတို့နှစ်ယောက်နောက်ကနေ စားပွဲထိုးကောင်လေးက ပြေးလိုက်လာသည်။

"ဘာကျန်ခဲ့လို့လဲညီလေးရ ... "

"ဘာမှကျန်ခဲ့တာမဟုတ်ပါဘူး ... အစ်ကိုက ဒီကအစ်မကြီးပေးတဲ့ ပိုက်ဆံထဲမှာ စိုက်ပေးတဲ့ငါးရာတန်က နံပါတ်တွေပြဲနေလို့ သုံးလို့မရဘူး၊ အသစ်လဲပေးပါအစ်ကို ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟုတ်လား"

လင်းခန့်ခမျာ စားပွဲထိုးကောင်လေးလက်ထဲမှ ငါးရာတန်ကို ယူလိုက်ပြီးကြည့်မိတော့ စားပွဲထိုးကောင်လေးပြောသည့်အတိုင်း ဖြစ်နေသည်။ အင်္ကျီအိတ်ကပ်ထဲမှ ငါးရာတန်တစ်ရွက်လဲပေးလိုက်သည်။

"ကိုလင်းခန့် ... နောက်ဆို ကိုယ့်ဆီမှာရှိတဲ့ပိုက်ဆံ ပြလား မပြလား သေသေချာချာကြည့်နော် ... တော်ကြာ ကိုယ့်ရည်းစားနဲ့ကိုယ်သွားလို့ ကိုယ်ကပိုက်ဆံရှင်းပေးတဲ့အခါ ဒီလိုမျိုးဖြစ်ရင် ကိုယ့်ရည်းစားကို အားနာနေရဦးမယ်နော် ... "

ရှုပါဝတ်မှုန်ကရယ်ရင်းမှ လင်းခန့်ကိုပြောပြီး ကားကိုမောင်းထွက်သွားသည်။

ငွေငါးရာတန်အပြကိုကိုင်ရင်း လင်းခန့်က ကားနားမှာ ကျန်ရစ်ခဲ့သည်။ သူ့လက်ထဲမှာကိုင်ထားသော ငါးရာတန်က သူ့ကိုလှောင်နေသလိုပင်ဖြစ်သည်။

စိတ်ပေါက်ပေါက်နှင့် ကောင်းကင်ကြီးကိုမော့ကြည့်တော့ ... ဝိတောက်ပင်ထိပ်ဖျားမှာ သာစပြုနေသော ဖိုးလမင်းဟာလည်း သူ့ကြည့်ပြီး ရယ်နေသလိုမျိုးဖြစ်နေတာကို တွေ့လိုက်ရပါသည်။

...... ❁ ......

"မင်း တော်တော်အသုံးမကျတဲ့အကောင်ပဲ လင်းခန့်ရ _ ပိုက်ဆံလေးဘာလေး ပြလား မပြလား သေဖသေချာချာကြည့်သင့်တယ်_"

"ဟုတ်တယ် သိန်းထွတ်ဝင်း ... ကားနားမှာ ပြန်ခါနီးကာနီး နည်းနည်း talking ပေးရမှာ ဟိုက. ခတ်ပုံရိုက်တာ အနီးကပ်ညွှန်ကြားပေး _ လမ်းပြနဲ့ဟုတ်ဖိနေတာပဲ ... ",

www.burmeseclassic.com



ဖြစ်ပျက်သမျှ အသေးစိတ်ကိုပြောပြပြီးသည့်နောက် လင်းခန့်ကို သိန်းထွတ်ဝင်းကော ကိုတိုးကပါ ဝိုင်းဝေဖန်ကြသည်။

"မဟုတ်သေးဘူးကွ ... ရူပါဝတ်မှုန်က အလုပ်သဘောအရ ငါ့ကို ကျေးတာလားမသိဘူး ... ဘာဖြစ်လို့လဲဆို ကိုယ့်ရည်းစားနဲ့ကိုယ်သွားရင် ဘာညာဆိုပြီး ပြောတာကကွာ ..."

"ဒါကတော့ လင်းခန့်ရာ ... မိန်းကလေးပဲ ဒီလိုပဲ စ,မှာပေါ့ ..."

ကိုတိုးက အနီးနားရှိ စာရွက်စာတမ်းအချို့ကို ယူလိုက်သည်။

"အခုအတိုင်းဆိုရင် အခြေအနေက မဆိုးဘူးပဲ ... မင်း ဆက်ကြိုး စားပေတော့ ..."

"ဟုတ်တယ် သိန်းထွတ်ဝင် ... ငါတို့ အလှနတ်သမီးအလှကုန် ပစ္စည်းတွေ စားသုံးသူ မသုံးစွဲရသေးခင်မှာ ဒီကောင်နဲ့ ရူပါဝတ်မှုန်တို့ ညားကြမလား မသိဘူးဟေ့ ..."

သည်နှစ်ကောင် ပြောသည့်စကားတွေထဲမှာ သည်စကားလောက် ချိုမြတာ မရှိဟု လင်းခန့်က နားထောင်နေရင်းမှ အပီခံစားလို့နေမိသည်။

"လင်းခန့် ... ဒါနဲ့ ငါတို့ အလှကုန်ပစ္စည်းကြော်ငြာကိုကော ဘယ် တော့လောက် ရိုက်မှာလဲ ..."

"ရူပါဝတ်မှုန် ပြောတာကတော့ ငါတို့ ကုန်ပစ္စည်းတွေကို စာနယ် ဇင်း အသိပေးမိတ်ဆက်ပွဲလုပ်၊ မဂ္ဂဇင်းဂျာနယ်တွေ၊ လမ်းဆုံလမ်းခွမှာ ဗီနိုင်းကြော်ငြာတွေ ဘာတွေလုပ်ပြီး စားသုံးသူက ငါတို့ရဲ့တံဆိပ်နဲ့ ကုန် ပစ္စည်းကို မျက်စိထဲ စွဲပြီဆိုမှ ကြော်ငြာကို ရိုက်ရမယ်တဲ့ ... စားသုံးသူကို ဘစ်ခုချင်း စိတ်ဝင်စားအောင် လုပ်တဲ့ ..."

ကိုတိုးက ဘာမှ ငြင်းဆိုခြင်း မပြုပါ။

"ဒါဆို ... ငါတို့ စီစဉ်ထားတဲ့အတိုင်း ငါတို့ပစ္စည်းတွေ စားသုံးသူ သိဖို့ လုပ်နေတုန်းအချိန်မှာ မင်းလည်း မင်းကိစ္စကို အောင်မြင်အောင် လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ ... ဒီမှာ လင်းခန့် ... ကိုယ်မြတ်နိုးတဲ့သူဆီက မေတ္တာရဖို့ သူနားမှာ အရိပ်မဗာ လိုက်နေတာကိုက ကိုယ့်အတွက် အခွင့်အရေးပဲ ... "

"အမြတ်တမ်းကြီး လိုက်နေရင် ငါ့ကို ကောမှာပေါ့ကွာ ... "

ကိုတိုးက လင်းခန့်ကို မျက်စောင်းထိုးလိုက်ရင်းမှ ...

"လင်းခန့် ... မင်းဟာလေ တော်တော် အ,တာပါလားကွာ ... ခင်းကို ရှုပ်ဝတ်မှုန်နောက်က လိုက်နိုင်းတယ်ဆိုတာက သူ အ ားကြီးတဲ့ ကိစ္စ ရှိတဲ့အခါမျိုးမှာ ကိုယ်က သူ့ကို အကူအညီပေးဖို့ အသင့်ရှိ ဦး ကို ပြောတာ ... "

"သြော် ... ဒါလား ... စိတ်ချ ... ရှုပ်ဝတ်မှုန် ဘယ်သွားသွား သူ့ရဲ့ ရှေ့မှာ အမြဲတမ်း ရှိနေရမှာက ငါပဲ ဖြစ်စေရမယ် ... "

လင်းခန့်က လက်ဖျောက်တီးရင်း ကြွေးကြော်လိုက်သည်။

"သြော် ... လင်းခန့် ... မေ့နေလို့ ... ငါ ပြောရဦးမယ် ... မင်းရဲ့ ကျောက်မြောင်းကဦးလေး မနေ့က လာတယ် ... နိုင်ငံခြားမှာရှိတဲ့ မင်း ညီဝမ်းကွဲက နောက်ဆုံးပေါ် ဟမ်းဖုန်းတစ်လုံး လက်ဆောင်ပို့လိုက်တယ်တဲ့ ... အဲဒါ မင်းဦးလေးက အိမ်လာယူပါဦးတဲ့ ... "

"ကောင်းတာပေါ့ကွာ ... ငါကလည်း ငါ့ဟမ်းဖုန်းက နည်းနည်းပုံဟောင်းနေတာ လဲချင်နေတာနဲ့ အတော်ပဲ ... ဒီနေ့ပဲ သွားမယ် ... "

လင်းခန့်က သူတို့ စကားပြောနေသော အခန်းထဲကနေ ကုမ္ပဏီဝန်ထမ်းတွေကို လှမ်းကြည့်လိုက်သည်။ လုပ်ငန်းခွင်မှာ အားလုံး တက်တက်ကြွကြွနှင့် ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည်။

လက်မှ နာရီကိုကြည့်ပြီး လင်းခန့်လည်း ကိုယ့်အလုပ် ကိုယ်လုပ်တာ အကောင်းဆုံးပဲဆိုပြီး ကားမောင်းကာ ထွက်လာခဲ့သည်။

..... ❀ .....

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရင်း စဉ်းစားမိတာက လင်းခန့် ပြောဖို့ပင် လိုမည် မထင်ပါ။

ဘယ်သူ့အကြောင်း ဖြစ်ရမှာလဲ။ ရုပ်ဝတ္ထုမှန်အကြောင်းပဲ ဖြစ်တာ ပေါ့ ... ။

----- ❀ -----

ကိုတိုး ပြောသလိုမျိုး ရုပ်ဝတ္ထုမှန် အကူအညီ လိုအပ်သည့်အခါ မျိုးမှာ ဘေးနားမှာ အားကိုးအားထား ပြုရသည့်လူမျိုး အခါအခွင့်ကြုံလျှင် မဖြစ်လာဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲလို့ ... ။

ထိုအခါမျိုးကျမှ ... ဘယ်လို ကူညီပြမလဲဆိုတာ သူငယ်ချင်းနှစ် ယောက် အံ့အားသင့်သွားစေရမည်ဟု လင်းခန့် စိတ်ထဲက ကြုံးဝါးရင်း ကားကို အရှိန်တင်မောင်းကာ ကံကောင်းလို့ မီးနီပြထားသည့် မီးပွိုင့်ကို ကျော်သွားမလို ဖြစ်သွားရပါသေးသည်။

----- ❀ -----

www.burmeseclassic.com

www.burmeseclassic.com

"ချစ်ခြင်းမေတ္တာရယ်
အချိန်ကာလရယ်က
ကမ္ဘာတစ်ဝန်းလုံးပဲဖြစ်ဖြစ်
ဘဝတွေအားလုံးမှာပဲဖြစ်ဖြစ်
ဝယ်လို့ မရပါ ... ။
သုံးစွဲလို့ရတဲ့
ပစ္စည်းနှစ်ခုပဲ ဖြစ်တယ် ..."

ဂယ်ရီဂျနင်းစ်

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

သည်နေ့ညနေ ရိုက်မည့် ဗီစီဒီကာရာအိုကေသီချင်းအတွက် စိတ်တိုင်းကျ ရေးထားသော ရိုက်ညွှန်းအခန်းစဉ်တွေကို ... ရူပါဝတ်မှုန်တစ်ယောက် အသေအချာ ဖတ်နေမိသည်။

"မမ ... ဒီမှာ ကော်ဖီသောက်လိုက်ဦး ... "

ကော်ဖီခွက် လာချပေးသော သီတာက ရယ်ရင်းမှ ပြောလိုက်သဖြင့် ရူပါဝတ်မှုန်က ...

"ဟဲ့ ... သီတာ ဘယ်လိုဖြစ်လို့ ရယ်တာလဲ ... "

"မမကလည်း ... ဒီလောက် အပင်ပန်းခံနေစရာ မလိုပါဘူး ... အချိန်တန်ရင် ကိုယ့်ကို နှစ်သက်တဲ့ ကိုယ့်ကိုယူမဲ့ယောကျ်ားက လုပ်ကိုင်ကျွေးမွေးမဲ့ဟာ ... "

ရူပါဝတ်မှုန်က ကော်ဖီကို တစ်ကျိုက်သောက်ချလိုက်သည်။ ပြီးတော့ ... သူမ ဖတ်နေသော ရိုက်ညွှန်းစာရွက်များကို စနစ်တကျ ပြန်စီရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာဦး အစကတည်းက ... နစ်တို့ ငါတို့လို မိန်းမသားတွေဟာ ရောစောက နှင်ပြောသလိုမျိုးပဲ အတွေးတိမ်တိမ် တွေးခဲ့ကြရင် ခေတ်အဆက်ဆက် ငါတို့လို မိန်းမသားတွေရဲ့ တိုးတက်ဖြစ်ထွန်းမှုဟာ ကမ္ဘာဦးအစအတိုင်း တန့်နေမှာပေါ့ဟ ... "

"မဟုတ်ပါဘူး မမရာ ... မမက ဒီလောက် မိဘတွေကလည်း ပိုက်ဆံချမ်းသာ၊ ကိုယ့်ကိုကြိုက်မဲ့သူ ယူမဲ့သူကလည်း မရှား ... ဒါကို မမက ခေါင်းထဲမထည့်ဘဲ ဘာဖြစ်လို့ ဒါရိုက်တာအလုပ်ကိုမှ ရွေးချယ်ရသလဲဆိုတာလေ ... သီတာသာဆို ဘာမှမလုပ်ဘဲနေမှာ ... "

ရူပါဝတ်မှုန်က ကော်ဖီကို ကုန်အောင်သောက်လိုက်ပြီး လက်ထဲမှာ ကိုင်ထားသော ရိုက်ညွှန်းအခန်းစဉ် စာရွက်တွေကို ပလတ်စတစ်ဖိုင်ထဲသို့ ထည့်လိုက်သည်။

"ဘဝမှာ ဘယ်သူပဲမဆို သေရင် အားလုံး ထားခဲ့ရတာပဲ ... ဘာတွေ လူ့လောကကြီးအတွက် ထားခဲ့မှာလဲ ... ငါလည်း ရှင်သန်နေချိန်မှာ ငါ ဖန်တီးခဲ့တဲ့ဟာအချို့ကို ငါ့အသက်မွေးဝမ်းကျောင်းမှုနဲ့ အတူ ငါထားခဲ့ချင်တယ် ... ငါ ဖန်တီးတဲ့ ငါ့အနုပညာတွေကို ငါ့အလုပ် နားလည်မှုပေးတဲ့သူ၊ ငါကလည်း ချစ်မြတ်နိုးလို့ လက်ထပ်တဲ့သူ၊ ငါ့သားသမီးတွေအတွက် ငါ ထားခဲ့ချင်တယ် ... အိမ်ရှင်မ ပီသစွာ ခင်ပွန်း၊ သားသမီးတွေကို ပြုစုစောင့်ရှောက်ရင်းနဲ့ ကိုယ်ဝါသနာပါတာ ကိုယ်လုပ်တာ အကောင်းဆုံးပဲ"

တစ်ခါဘူးမှ ရူပါဝတ်မှုန်ထံမှ ညှိကဲ့သို့ စကားမျိုး မကြားဖူးသဖြင့် သီတာတစ်ယောက် တော်တော်လေး အံ့အားသင့်နေမိသည်။

"မမဆီက ဒီစကားမျိုးတွေ တစ်ခါဘူးမှ မကြားဖူးတာ ... အခုပြောလာပြီဆိုတော့ မဟုတ်မှလွဲရော မမမှာ မမ စိတ်ဝင်စားမဲ့သူရှိနေပြီထင်တယ် ... "

"မရှိပါဘူး သီတာရယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"အခု မရှိရင် မကြာခင် ရှိလာတော့မှာ သေချာတယ် ... ဟို ... ကိုလင်းခန့်ဆိုတဲ့ လူလေ ... သူတို့ အလှကုန်ကြော်ငြာရိုက်မဲ့ကိစ္စတွေကို မမ လိုက်လုပ်ပေးနေတာ တချို့ကိစ္စတွေက ကိုယ်နဲ့ မဆိုင်ဘဲနဲ့ မမက လိုက်လုပ်ပေးပြီးတော့ သူနဲ့ နှစ်ယောက်အတူတူစား ... ပြီးတော့ ငွေနှစ်ရာ ဟိုက စိုက်ပေးတာ ... ငါးရာတန်အပြပေးလို့ စားပွဲထိုးက ပြန်လာလဲတာ ... အဲဒါကို ပြောပြောပြီး မမ ရယ်ရင်းက ကြည်နူးကျေနပ်နေတာ၊ မမ သူ့ကို စိတ်ဝင်စားလို့ပဲ ဖြစ်ရမယ် ..."

ရူပါဝတ်မှုန်က သီတာအား ဘာစကားမှမဆိုဘဲ Water Cooler မှ ရေကို ခလုတ်နှိပ်ခပ်လိုက်ပြီး ...

"သီတာ ... နင်ပြောတာ မောနေမယ် ... ရော့ ... ရေသောက်လိုက်ဦး ..."

"မမ ... အဲဒီလိုစကားကို မလွှဲနဲ့လေ ..."

ရေခွက်ကို လှမ်းပေးပြီး ထွက်သွားသည့် ရူပါဝတ်မှုန်ကို သီတာက ရယ်ရင်း အော်ပြောနေတာ ရူပါဝတ်မှုန်က မကြားချင်ယောင်ဆောင်ပြီး အခန်းထဲသို့ ဝင်သွားသည်။

----- ❀ -----

အမျိုးသမီးတစ်ဦးနှင့် လူပျိုအမျိုးသားတစ်ဦးတို့ နှစ်ယောက်အတူတူ စားကြသောက်ကြတိုင်း ချစ်သူသမီးရည်းစား ဖြစ်ပါပြီလို့ ပြောလို့ရရိုးလားလို့ ... ။

----- ❀ -----

www.burmeseclassic.com

www.burmeseclassic.com



•

လူတွေ၏ အကျင့်သည် ကောင်းကို မကောင်းပါ။ ထိုမကောင်းသည့် အကျင့်ထဲမှာ လင်းခန့်လည်း ပါသည်။ အခုလည်း ကြည့်လေ။ ကျောက် မြောင်းက ဦးလေးအိမ်သွားပြီး နိုင်ငံခြားက ညီဝမ်းကွဲ လက်ဆောင်ပေး သည့် ဟမ်းဖုန်းအခွဲကို သွားယူပြီးပြီးချင်းမှာပဲ ယခင်ကိုင်သော ဟမ်းဖုန်း မှ ဆားကစ်ပြားကို ထုတ်ပြီး ဟမ်းဖုန်းအသစ်ထဲ ပြောင်းထည့်။ နံပါတ် တွေ ပြန်ကူးထည့်နှင့် မရောက်တာကြာပြီဖြစ်သော ကန်တော်ကြီးပန်းခြံ ထဲက ထိုင်နေကျ ခုံတန်းလျားမှာ ထိုင်ရင်း အလုပ်ရှုပ်နေမိသည်။ အားလုံး ပြီးသောအခါမှပဲ ဟမ်းဖုန်းအသစ်ကို ကြည့်ပြီး ကျေနပ်မဆုံး။

"အာရေး အစ်ကို ... ဘယ်လိုဖြစ်လို့ ပျောက်နေတာလဲ ..."

"ဆာမိ လာကွာ ... ထိုင်ပါဦး။ ရောင်းကောင်းတယ် မဟုတ်လား"

ဖြူဖွေးနေသော သွားတွေကို ပေါ်အောင်ပြုံးပြရင်း နှုတ်ဆက်ရင်း မှ ကြိမ်ဆွဲခြင်းကို ဆွဲပြီး အင်တာနက်ဆာမိက လင်းခန့်ရှိရာ ခုံတန်းလျား သို့ ရောက်လာသည်။

"ပုံမှန်ပါပဲ အစ်ကို ... အာရေး ... ဒါနဲ့ ဒီအချိန်ကြီးကျမှ ဘယ်လို ဖြစ်လို့ ရောက်လာတာလဲ ... ညနေ လေးနာရီတောင် ထိုးပြီ ..."

"မရောက်တာကြာလို့ လှည့်ဝင်လာတာပါကွာ ..."

"အာရေး ... ဒီပန်းခြံနဲ့ ပတ်သက်တာတွေ လေ့လာချင်သေးလား အစ်ကို့ကို ထပ်ပြောပြမယ်လေ ..."

လင်းခန့်က အတင်းလက်ခါရင်း ...

"ကျေးဇူးတင်ပါတယ် အင်တာနက်ရယ် ... မလုပ်ပါနဲ့တော့ ငါ မှာ ကမောက်ကမတွေ ဖြစ်ရလွန်းလို့ ပြောမနေပါနဲ့တော့ကွာ ..."

အင်တာနက်ဆာမိက လင်းခန့် စကားကို အတော် သဘောကျ

www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် သူပါ လိုက်ရယ်လို့နေသည်။

"လာပါ အစ်ကိုရာ ... ရောက်တုန်းရောက်ခိုက် ဒီနေ့တော့ အစ်ကို့ကို ကျွန်တော် ဒီပန်းခြံထဲက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တိုက်မယ် ..."

"နေပါစေကွာ ... ငါ တိုက်ပါ့မယ် ..."

"ဒါဆိုလာ ... အစ်ကို သွားရအောင် ..."

အင်တာနက်ဆာမိနှင့် လင်းခန့်တို့နှစ်ယောက်သား ကန်တော်ကြီးပန်းခြံထဲရှိ မျှော်စင်ကျွန်းဘက်ဆီသို့ ထွက်လာခဲ့ကြသည်။ ညနေခင်းအချိန်မို့ ပန်းခြံထဲမှာက အတော့်ကို သာယာနေသည်။ လေပြေကလည်း ... တစ်ချက်တစ်ချက်တိုက်လိုက်သဖြင့် အရသာက တစ်မျိုးလေးပင် ဖြစ်နေသည်။

အင်တာနက်ဆာမိနှင့် လင်းခန့်တို့နှစ်ယောက်သား ဟိုကြည့်ဒီကြည့် လမ်းလျှောက်နေရင်းမှ တစ်နေရာအရောက်တွင် ...

"အာရေး အစ်ကိုရေ ... အစ်ကို့ကို တစ်ခါက ပြောဖူးတယ်လေ၊ ဒီပန်းခြံမှာ အတွဲချောင်းပြီး ပြဿနာရှာတဲ့ အဘိုးကြီးဆိုတာလေ ... ဟိုမှာ တွေ့လား ... တခြားအတွဲချောင်းတဲ့သူတွေနဲ့ ဘာတွေစကားများနေသလဲ မသိဘူး ..."

အင်တာနက်ဆာမိက လက်ညှိုးညွှန်ပြသဖြင့် လင်းခန့်က ကြည့်လိုက်သောအခါ အတော့်ကို အံ့အားသင့်သွားသည်။ ဘယ်လိုမှ သူ မထင်ထား။

"ဟာ ... ဒါ ငါ့အိမ်နားက အမြဲတမ်း မေတ္တာပို့နေတဲ့ ဦးသြဘာကြီးပဲ ... ညနေတိုင်း ဘုရားတက်နေကျဟာ ... သူက ..."

"မေတ္တာပို့သလား မပို့သလားတော့ မသိဘူး၊ ဘုရားတက်လား မတက်လားတော့ မသိဘူး ... ညနေဆို ဒီပန်းခြံထဲမှာ အတွဲချောင်းနေ

www.burmeseclassic.com



ကျ ... ချောင်းတဲ့သူအချင်းချင်း ပြဿနာရှာတာ ... တကယ့်အရင်းအမြစ်အစလည်း ဘာဖြစ်ပြန်လဲ မသိဘူး ..."

အင်တာနက်ဆာမိက လင်းခန့် လက်ကို ဆွဲရင်း အတင်းသွားကြည့်မည် လုပ်သဖြင့် လင်းခန့်က ဆာမိလက်ကို ဆွဲထားလိုက်ရင်းမှ ...

"ကုလားလေး ... သွားကြည့်ရင် ငါ့ကိုမြင်လို့ ဦးသြဘာကြီး ရှက်ရမ်းရမ်းဦးမယ် ... ဒီအပင်ကွယ်ကနေ ကြည့်နေ ..."

အနီးအနားရှိ သစ်ပင်ကို အကာအကွယ်ယူပြီး လင်းခန့်နှင့် အင်တာနက်ဆာမိက အရိပ်အခြေအနေကို အကဲခတ်နေသည်။

လွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားသော ဦးသြဘာကို ကြည့်ရသည်မှာ တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသဖြင့် အတော့်ကို နှမြောတသ ဖြစ်နေသည့်အမူအရာနှင့်အတူ သူ့ထက် အသက်ထက်ဝက်လောက်ငယ်မည့်လူနှစ်ယောက်ကို လက်ညှိုးတထိုးထိုးနှင့် ပြောနေသည်။

"မင်းတို့တွေ ဘာတွေလဲ ... ကြည့်စမ်း ... အခွင့်အရေးတစ်ခု ဆုံးပြီ ... ဒီလို အခွင့်အရေးရဖို့ အကြာကြီး ခသွေးခဲမတတ် မတ်တတ်ရပ်နေရတာကွ ... ဒီကြားထဲ အဲဒီအတွဲ မသိအောင် ကျောက်ရှုပ်လို့ ရေမသောက်ဘာမသောက်နဲ့ ကင်းပုန်းဝပ်နေရသေးတယ် ..."

"ဟာဗျာ ... ဘာဖြစ်လဲ ... ဒီအတွဲ ထပြေးသွားတော့လည်း နောက်အတွဲတွေ ရှိတာပဲ ... အဘကြီးလာသ်း အသက် ကြီးကောင်ကြီးအေးနဲ့ ချောင်းတာပဲ ... ကျွန်တော်တို့လည်း ချောင်းတာပဲ ဘာဖြစ်လဲ ..."

အတွဲချောင်းသူတစ်ဦးက မကျေမနပ်လေသံနှင့် ဦးသြဘာကို ပြန်ပြောသည်။

"ဘာဖြစ်ရမှာလဲကွ ... ဒီလိုချောင်းဖို့ အချိန်ပေးရတာ ဒီလိုချောင်းကောင်းရဖို့ မြင်ကွင်းကောင်းရဖို့ကို နေရာရှာရ ... အတွဲရှာတာ လွယ်သလားကွ ... မင်းတို့ ချောင်းတာ မပီရိလို့ ဒီလိုဖြစ်ရတာ ... အဲဒါ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ...”

ဦးဩဘာ လေသံက မြောရင်းနှင့် ဒေါသဖြစ်မြီး အတော်ပြင်းထန်ပုံရသည်။ မြင်ရကြားရသော ဦးဩဘာသွင်ပြင်၊ ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ရပ်ကွက်ထဲက ဦးဩဘာပုံစံနှင့်က အခြားနားကြီး ခြားနားလို့နေသဖြင့် လူတွေ၏ စရိုက်ကို မခန့်မှန်းတတ်တာ မှားလေစွဟု။

“ဒီမှာ အဘကြီး ... အဘကြီးအရွယ်က ကျွန်တော်တို့လိုအရွယ်တွေနဲ့ အတွဲပြိုင်ချောင်းရမှာ မဟုတ်ဘူး ... ဘုရားနဲ့ တရားနဲ့နေရမှာဗျ သိလား”

အတွဲချောင်းသူတစ်ယောက်၏ ဦးဩဘာအတွက် အရိုက်ထိသွားသလားထင်ရသည်။ ဦးဩဘာက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ရင်း ...

“ဟေ့ကောင် ... မင်းက ငါ့ကို ဘာပြောတာလဲ ... မနက်တိုင်းသုံးဆယ့်တစ်ဘုံကို မေတ္တာပို့တဲ့ ဦးဩဘာကွ နားလည်လား ...”

“ဗျာ ... ဒီလိုအတွဲချောင်းပြီး ပြဿနာရှာတဲ့ အဘိုးကြီးက လူတွေ မေတ္တာပို့တာ ... ဟား ... ဟား ... ဟား ...”

အတွဲချောင်းသူနှစ်ယောက်ကဦးဩဘာစကားကိုပြက်ရယ်ပြုလှောင်ပြောင်ရင်း ဦးဩဘာအနားက ထွက်သွားကြသည်။

“အေး ... မင်းတို့ နောက်နေ့ ငါချောင်းတဲ့နေရာနား လာကျူးကျော်ကြည့် ... ဩဘာအကြောင်း သိစေရမယ် ...”

ဦးဩဘာက ကြုံးဝါးရင်း သစ်ပင်အလယ်မှ ချောင်းနေသော လင်းခန့်နှင့် ဆာမီဘက်သို့ လှည့်ကြည့်သဖြင့် လင်းခန့်က ဦးဩဘာမမြင်အောင် သစ်ပင်ခြေရင်း၌ ဆာမိ အကာအကွယ်ယူပြီး ထိုင်ချလိုက်သည်။ တော်ပါသေးရဲ့။ ဆာမိစျေးရောင်းသည့် ကြိမ်ဆွဲခြင်းကွယ်နေ၍ခပေ။

ဦးဩဘာက ဟိုးခပ်ဝေးဝေးနားမှာရှိသော အတွဲတစ်တွဲဆီသို့ လှမ်းကြည့်လိုက်ပြီး စောစောကအမူအရာနှင့် လုံးဝမတူသိလှမျိုးပုံစံနှင့် ရှုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဓာတ်တွေထဲမှာ သူခိုး,ခိုးသည့်အခါ သူခိုးက လှမ်းသည့်ခြေလှမ်းမျိုးနှင့် သွားလို့နေသည်။

.....❀.....

အခုလိုအချိန်မျိုးမှာ ရပ်ကွက်ထဲက ဦးဩဘာ၏မိန်းမနှင့် သားသမီးတွေကို လင်းခန့် ခေါ်ပြချင်မိပါသည်။

နေဦးပေါ့ ဦးဩဘာ။ လက်ဖက်ရည်တိုက်ပြီးတော့ကို ပညာပေးဦးမည်။ လင်းခန့်က တွေးရင်း ပြုံးလိုက်ပါသည်။

ထိုအပြုံးကို အတူရှိနေသော အင်တာနက် ဆာမိက မသိရေးချမသိ။

.....❀.....

ကန်တော်ကြီးပန်းခြံထဲက လင်းခန့် ကားမောင်းပြီး ထွက်လာတော့ ညနေခြောက်နာရီတောင် ထိုးတော့မည်။ ကားမောင်းနေရင်း ရှေ့က 'ပရာဒို' ကားတစ်စီးကို မြင်ဖူးပါသည်ဆိုပြီး အသေအချာကြည့်တော့ ရူပါဝတ်မှုန်၏ကား ဖြစ်နေသည်။

ဟမ်းဖုန်းကိုထုတ်ပြီး လင်းခန့်က ရူပါဝတ်မှုန်၏ ဖုန်းနံပါတ်ခလုတ်တွေကို နှိပ်လိုက်သည်။

"မရူပါဝတ်မှုန်လား ... မရူပါဝတ်မှုန်ရဲ့ ကားနောက်မှာ ကျွန်တော့်ကားရှိတယ် ... ဘယ်လဲ ... ပြော ... ညဘက်သီချင်းရိုက်ဖို့ရှိလို့လား ... ဘယ်မှာရှိမှာလဲ ..."

"ပြော ... ဒေါ်ခင်ယုမေတို့ တိုက်လား ... လိုက်ခဲ့မယ်လေ ... လိုက်ကြည့်ရတာပေါ့ ..."

www.burmeseclassic.com



လင်းခန့် ဖုန်းပြန်ပိတ်လိုက်ပြီး ရှုပါဝတ်မှုန်ကားနောက်ကနေ သူ့ကားကို မောင်းလာခဲ့သည်။ ကိုတိုးနှင့် သိန်းထွတ်ဝင်တို့ အကြံပေးသလို ကိုယ်မြတ်နိုးနေသော အမျိုးသမီးအနီးနားကနေ သူမလိုအပ်လျှင် အကူအညီပေးဖို့ ထပ်ကြပ်မကွာလိုက်တာ ... ကိုယ့်အတွက် အကျိုးယုတ်စရာအကြောင်းမရှိ။

လမ်းနီးလေးစီးပွိုင့်အကျော်လောက်အရောက်တွင် ရှုပါဝတ်မှုန်မောင်းသော ကားက ရပ်လိုက်သည်။ ရှုပါဝ်္ကမှုန် ကားပေါ်ကဆင်းလာသည်။ လင်းခန့်က ကားကို ရှုပါဝတ်မ[illegible]ာက်မှာ ရပ်လိုက်သည်။

"မရှုပါဝတ်မှုန် ... ဘာဖြစ်လ[illegible] ... "

"ကားက ဘာဖြစ်မှန်းမသိပါဘူး ... "

"နေ ... နေ ကျွန်တော်ကြည့်ပေးမယ် ... "

သည်လောက်တန်ဖိုးကြီးပြီး ... မောင်းရတာ အင်မတန်မှကောင်းသော 'ပရာဒို'ကားက ဘယ်လိုဖြစ်ပြီး ပျက်ရသလဲလို့တွေးရင်း လင်းခန့်က ကားစက်ဖုံးကိုဖွင့်ပြီး ဟိုကြည့်ဒီကြည့်နှင့်ကြည့်သည်။ ဘာမှထူးခြားမှုမတွေ့ရ။

"ပြန်စက်နှိုးကြည့်ပါဦးလား ... "

ရှုပါဝတ်မှုန်က ကားပေါ်ပြန်တက်ပြီး ကားစက်ကို နှိုးကြည့်သည်။ စက်သံခဏသာကြားရပြီး ပြန်ရပ်သွားသည်။

"တော်ပါသေးရဲ့ ... ဒီညရိုက်ရမဲ့ Night Sceneအတွက် ဒေါ်ခင်ယုမေအိမ်က နီးနီးလေးပဲလို့တော့လို့ ... "

ရှုပါဝတ်မှုန်စကားကို နားထောင်ရင်းမှ လင်းခန့်က သူ့ကားထဲမှ ဂွ၊ ပလာယာတို့ ယူလာပြီး ကားကို ဟိုနှိုက်ဒီနှိုက်နှင့် လုပ်နေမိသည်။ ပြီးတော့ ကားစက်နှိုး ခိုင်းသည်။ စက်သံက ခဏသာကြားပြီး ပြန်ရပ်သွားသည်။ လင်းခန့် ပြန်ပြီး စက်ဖုံးကိုဆွဲဖွင့်ကာ ဟိုနှိုက်ဒီနှိုက် ပြန်နှိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ရုပ်ပါဝတ်မှုန်ကို ကားစက်ပြန်နှိုးခိုင်းပြန်သည်။ စက်သံက ခဏသာ ကြားရပြီး ပြန်ရပ်သွားသည်။

"မရှုပါဝတ်မှုန် အချိန်ရလား ... မရရင် ကျွန်တော့်ကားကိုယူသွား"

"ရပါသေးတယ် ... ခုနစ်နာရီခွဲမှရိုက်မှာ ... "

လင်းခန့်တတ်သလောက် မှတ်သလောက်ဖြင့် ကားစက်ဖုံးကို ဖွင့်ပြီး ဟိုနှိုက်ဒီနှိုက် ဟိုပလပ်ကြိုးဖြုတ်ကြည့်၊ သည့်ပလပ်ကြိုးဖြုတ်ကြည့်သော်လည်း ဘာမှထူးခြားမှုမရှိ။

ကိုယ်တိုင်ကားစက်နှိုးကြည့်တော့ ကားက စက်ပင်မ ။

"ဘာဖြစ်မှန်းမသိဘူး ... နေဦး ... ကမ္ဘာအေးထဲက ကျွန် ဘော် သူငယ်ချင်းဝပ်ရှော့ဆရာကို ဖုန်းဆက်ခေါ်လိုက်မယ် ... နီးနီးလေးပဲ"

"ကိုလင်းခန့်သဘောပဲလေ ... "

လင်းခန့်က နဖူးပြင်မှာကျနေသော ချွေးများကို သုတ်လိုက်ပြီး ... သူငယ်ချင်းဝပ်ရှော့ဆရာကို ဖုန်းဆက်လိုက် သည်။

တော်ပါသေးသည်။ ကိုယ်တော်ချောက အလုပ်မှာရှိနေလို့ ချက်ချင်း လာခဲ့မည်ပြောသည်။

"ခဏလေးနော် ... အခုလာခဲ့မယ်တဲ့ ... "

ထို့နောက် လင်းခန့်က စက်ဖုံးပြန်ဖွင့်ပြီး မည်သည့်နေရာကများ ကားက စက်ချို့ယွင်းနေရသလဲလို့ စူးစမ်းကြည့်ရှုနေမိပြန်သည်။

"ဟော့ကောင် ... လင်းခန့် ... ဖယ်စမ်းပါကွာ ... ဒီလိုကားမျိုး မင်း ဒီလောက်ကြည့်စရာမလိုပါဘူး ... "

'ပရာဒို' ကားစက်ဖုံးကိုဖွင့်ပြီး ဘယ်ကဘာဖြစ်လေသလဲလို့ စူးစမ်း ကြည့်ရှုစစ်ဆေးနေသော လင်းခန့်ဘေးနား သူငယ်ချင်းဝပ်ရှော့ဆရာ ရောက်လာတာကိုတောင် သတိမထားမိ။

သူငယ်ချင်းထွန်းဝင်းကိုက သူ့ဂျစ်ကားအား ကားလမ်းမဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



ခြမ်းမှာ ရပ်ထားပြီး သူနှင့် ရုပါဝတ်မှုန်ရှိသောနေရာသို့ လမ်းကူးပြီး ရောက်လာခြင်းဖြစ်သည်။

ထွန်းဝင်းကိုက 'ပရာဒို'ကားစက်ဖုံးထဲကို သေသေချာချာ တစ်ချင်းလိုက်ကြည့်နေသည်။

အမှောင်က တစ်စထက်တစ်စမှောင်ပြီး လမ်းမီးတွေတောင် လင်းလာပြီဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်မှာတော့ ကားတွေက ဥဒဟိုမောင်းနှင်နေကြသည်။

"ကားကို လင်းခန့် မင်း ဘာလုပ်သေးသလဲ မသိဘူး ... ဖြစ်တာက ဆီပျောက်တာလောက်ပဲဖြစ်မှာ ... လင်းခန့် မင်းက ကားကို ဟိုကြိုးဖြုတ် ဒီကြိုးဖြုတ်နဲ့ လျှောက်စမ်းသပ်တယ်ထင်တယ် ... အခု အစအဆုံးတစ်ခုချင်းစီ ပြန်လုပ်ရတော့မှာ ... ဒီကားမျိုးက ဒီလောက်ပျက်စရာမှမရှိတာ ... ဒီတော့ ဒီကားကို ငါ ဝပ်ရှော့ယူသွားဖို့ ကားပျက်ရင်ဆွဲတဲ့ကား ခေါ်ရတော့မယ် ..."

"ရှင် !! ..."

"ဟင် !! ..."

ကားဝပ်ရှော့ဆရာ ထွန်းဝင်းကိုစကားကြောင့် လင်းခန့်ကော ရုပါဝတ်မှုန်ပါ အံ့အားသင့်သောလေသံ ဖြိုင်တူထွက်သွားသည်။

"ငါလည်း သိသလောက် တတ်သလောက် လုပ်တာပဲကွ ..."

"လင်းခန့်ရာ ... မင်းကသာ သိသလောက် တတ်သလောက်လုပ်တာ ပြောတာ ... ဒီကားမျိုးက သူ့အထာသိမှကွ ... အခု မင်းလုပ်တဲ့အမှားတွေ ပြန်တည့်အောင် လုပ်ရဖြင်ရဦးမှာ ... ဒီတော့ ငါ ဒီကားလာဆွဲဖို့ ဖုန်း ဆက်လိုက်ဦးမယ် ... ဒီက ..."

ထွန်းဝင်းကိုကလည်း ဘေးနားရှိ ရုပါဝတ်မှုန်ကို မေးငေါ့ကာ ပြောလိုက်သော အခါ ...

www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့မိတ်ဆွေပါ ... ဒီနားက ဒေါ်ခင်ယုမေအိမ်မှာ ဗီစီဒီကာရာ အိုကေရိုက်ဖို့ရှိတာ ... "

လင်းခန့်က ရှုပါဝတ်မှုန်သို့ ကြည့်လိုက်ရင်းက ...

"ဒီလိုလုပ် မရှုပါဝတ်မှုန် ... ဒီကားပြင်ခ ကျွန်တော်ပေးမယ် ... ကျွန်တော့်ကားနဲ့ လိုက်ပို့မယ် ... အကြိုအပို့လည်း ကျွန်တော်လုပ်မယ်... ဘားပေါ်က ယူစရာရှိတာတွေယူလိုက် ... "

ရှုပါဝတ်မှုန်ကရယ်ရင်း သူမကားထဲက ပစ္စည်းအချို့ လင်းခန့်ကား ပေါ်သို့ ပြောင်းတင်လိုက်သည်။

"ထွန်းဝင်းကို ... ကားပြီးရင် ဖုန်းဆက်လိုက် ... "

"အေးပါကွာ ... ဟော့ကောင် ... နောက်တစ်ခါ ကားကို ပြင်တတ် အောင် နည်းနည်းလေ့လာထားဦး ... "

အရေးထဲ ထွန်းဝင်းကိုက ကလိဖြစ်အောင် ကလိသေးသည်။

တော်ပါသေး၏။ ရှုပါဝတ်မှုန်က ဘာမှဝေဖန်ချက်မပေးလို့။ ထွန်း ဝင်းကို ရောက်လာတာလည်း သိပ်ကံကောင်းပါသည်။

သို့မဟုတ်လျှင်တော့ ကားက တစ်စစီဖြစ်ဖို့က တစ်ရာရာခိုင်နှုန်းမှာ ကိုးဆယ်ရာခိုင်နှုန်းက သေချာသမှ သိပ်သေချာပါသည်။

..... ❀ .....

Night Scene ရိုက်မှာမို့လို့ထင်သည်။ လင်းခန့်မောင်းလာသော ကား ဘ ဒေါ်ခင်ယုမေတို့ ခြံဝင်းထဲဝင်လာသောအခါ ကင်မရာသမားကော မီး ထိုးမှန်တိုးသမားတွေကော အားလုံးအလုပ်ရှုပ်နေကြသည်။ တိုက်အိမ်ရှေ့ ဘ ကန့်ပတ်ပတ်လည်မှာ ဝါဆိုဖယောင်းတွေ စီတန်းပြီးထွန်းထားသည်။

"သရုပ်ဆောင်နှစ်ယောက်ကော ရောက်ပြီလား ... "

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်က ဆင်းဆင်းချင်း ရူပါဝတ်မှုန်က ရွှတင်မန်နေဂျာကိုမေး လိုက်သည်။

"အားလုံးရှယ်ဒီပဲ ... မရူပါဝတ်မှုန် ရိုက်မယ်ဆိုရင်ပြော ... အဝတ် အစားတွေ ဘာတွေလဲပြီးပြီ ... "

ရွှတင်မန်နေဂျာက ရူပါဝတ်မှုန်ကို ပြောရင်းက လင်းခန့်ကို မသိ မသာ အကဲခတ်နေသည်။ သူ့အကြည့်က ရူပါဝတ်မှုန်နှင့် လင်းခန့် ဘယ်လို ပတ်သက်နေသလဲ အကြည့်မျိုးဖြစ်နေသည်။

ရူပါဝတ်မှုန်က လက်ထဲမှာကိုင်ထားသော ဖိုင်ကို ဖွင့်လိုက်ပြီး ရိုက် ညွှန်စာရွက်များကို ထုတ်လိုက်သည်။ ပြီးတော့ စာရွက်တွေကို တစ်ရွက်စီ ကြည့်ပြီး ကင်မရာသမားနှင့် စကားသွားပြောနေသည်။

"ရိုက်မဲ့သရုပ်ဆောင်နှစ်ယောက်ကိုခေါ်လိုက်ပါ ... "

ရူပါဝတ်မှုန် စကားအဆုံး ရွှတင်မန်နေဂျာက ...

"အထဲက Actor နှစ်ယောက် အဝတ်အစားလဲပြီးရင် ရိုက်မယ်"

ရူပါဝတ်မှုန်က ရိုက်ကူးဖို့ပြင်ထားဆင်ထားသော ကန်ပတ်ပတ် လည်က ဝါဆိုဖယောင်းတိုင်တွေကို လိုက်ကြည့်နေသည်။ ဖယောင်းတိုင် တွေအားလုံးက ထွန်းထားတာ တစ်ဝက်ကျိုးနေပြီဖြစ်သည်။

"ကဲ ... ညီမလေးက အဲ့ဒီကန်ရဲ့ အလယ်မှာချထားတဲ့ခုံမှာထိုင်... ကိုယ့်ချစ်သူလာမှာမို့ ပျော်တဲ့အမူအရာလုပ်နော်၊ သီချင်းက ကောင် မလေး ပျော်တဲ့အကြောင်းနဲ့ စထားတယ် ... "

"ဟုတ်ကဲ့ပါ မရူပါ ... "

တီဗီကြော်ငြာတွေထဲမှာ ခဏခဏတွေ့ဖူးသော မော်ဒယ်သရုပ် ဆောင်ဖြူလေးညိုက အပြင်မှာလည်း တော်တော်လှသားပဲဟု လင်းခန့် ကောက်ချက်ချမိသည်။

"အားလုံးငြိမ်ပါ ... ရိုက်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားကနေ Play Back သဘောမျိုး ကက်ဆက်ဖွင့်ပေးသည်။ ကက်ဆက်ထဲက သီချင်းသံက ပျံ့လွင့်နေသည်။ ရေကန်အလယ်က ခုံမှာ ထိုင်ရင်း မော်ဒယ်ဖြူလေးညိုက တစ်စုံတစ်ခုကိုတွေးရင်း ပျော်နေသလို အမူအရာမျိုးလုပ်နေသည်။ ဟိုးခပ်လှမ်းလှမ်းရှိ ခုံတစ်လုံးမှာတော့ မူရင်း သီဆိုရှင် အဆိုတော်အမျိုးသမီးက သူမသီချင်းကို ဘယ်လိုသရုပ်ဆောင်လေ မလဲလို့ ထိုင်အကဲခတ်နေသည်။

"အိုကေ ... ရပြီ ... ညီမ ... အဲ့ဒီအတိုင်းပဲထိုင်နေဦး ... မောင်လေး ဘာ ... "

တစ်ဆက်တည်းဆိုသလို နောက်တစ်ကဒ်ရိုက်ဖို့ မော်ဒယ်သရုပ် ဆောင်ကောင်လေးတစ်ဦးကို ရုပ်ဝတ်မှုန်က ခေါ်လိုက်ပြန်သည်။

"မောင်လေးမှာ ဟမ်းဖုန်းပါတယ် မဟုတ်လား ... "

"ဟုတ်ကဲ့ ... "

"မောင်လေးက အဲ့ဒီကန်လယ်ကခုံမှာထိုင်နေတဲ့ ... ဖြူလေးညိုဆီ သွားခင် ဟိုနေရာလောက်ကနေ ဖုန်းဆက်လိုက်၊ ဟမ်းဖုန်းကိုထုတ် ယ်... နားထောင်မယ် ... ပျော်သွားမယ့်အမူအရာလုပ်ရမယ် ... "

သရုပ်ဆောင်မော်ဒယ်ကောင်လေးက ဟမ်းဖုန်းကို ထုတ်လိုက် သည့်အချိန်မှာပဲ ခုံမှာထိုင်သည့် ဖြူလေးညိုက ...

"မရှုပ် ... ညီမမှာ ဟမ်းဖုန်းပါမလာဘူး ... "

"နေ ... နေ ... အစ်မမှာပါတယ် ... "

ရုပ်ဝတ်မှုန်က သူမလက်ထဲရှိသည့် ဟမ်းဖုန်းကို ပေးမည်အလုပ် သင်းခနဲ့က ...

"မရှုပ်ဝတ်မှုန် ... ရော့ ... ကျွန်တော့်ဟမ်းဖုန်းပေးလိုက် ... "

"ကျေးဇူးပဲ ကိုလင်းခန့် ... ကျွန်မက ဒီမော်ဒယ်ကောင်လေးကျော် ကျော်က ဖြူလေးညိုကိုဖုန်းဆက်တာ အသံမြည်အောင် ဖုန်းခေါ်ပေးရမှာ...

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းခန့်ဖုန်းဆိုတော့ ကျွန်မက နံပါတ်သိတော့ အဆင်ပြေတယ် ...”

ရူပါဝတ်မှုန်က လင်းခန့်လက်ထဲက ဖုန်းကိုယူပြီး ရှုတင်မန်နေကျာကို ဖြူလေးညိုလက်ထဲ ဖုန်းသွားပေးခိုင်းသည်။

“မောင်လေးက ဖုန်းဆက်သလိုမျိုး ခလုတ်ကိုပဲနှိပ်ပြ ... အစ်မက ဒီကနေ ဖြူလေးညိုလက်ထဲက ဖုန်းနံပါတ်ကို နှိပ်ပေးမယ် ...”

မော်ဒယ်ကောင်လေးကို ရူပါဝတ်မှုန်က ညွှန်ကြားရင်းမှ ...

“အားလုံးငြိမ်ပါ ... ကင်မရာမင်းကိုစံသိန်းရေ ... ကျော်ကျော့်ဆီကနေ ဖြူလေးညိုအထိ အပါယူမယ် ... နှစ်ယောက်သား ဖုန်းဆက်ထားပါ ...”

“အိုကေ ... ရပြီ မရူပါ ... ရိုက်မယ် ... ငြိမ်ပေးပါ ...”

မော်ဒယ်ကောင်လေးက လမ်းလျှောက်လာသည်။ ရေကန်အလယ်က ဖြူလေးညိုကို လှမ်းကြည့်သည်။ ပြီးတော့ ဟမ်းဖုန်းကို ထုတ်လိုက်သည်။ ခလုတ်တွေကို နှိပ်သည်။ သည်လိုနှိပ်နေတုန်း ဖြူလေးညိုလက်ထဲမှာရှိနေသော လင်းခန့်ဟမ်းဖုန်းနံပတ်ကို ရူပါဝတ်မှုန်က နှိပ်လိုက်သည်။

“ပါပါးရေ ဖုန်းလာနေတယ် ... ပါပါးရေ ဖုန်းလာနေတယ် ...”

ဖြူလေးညိုကိုင်ထားသော လင်းခန့်ဟမ်းဖုန်းမှ ထွက်လာသော အသံကြောင့် ရိုက်ကူးနေသောသူတွေ ရုတ်တရက် ပိုင်းရယ်လိုက်ကြသည်။

“ဟာ ... ဒီနေ့မှ လက်ဆောင်ရလို့ ဟမ်းဖုန်းအသစ်လဲတာ ... ဒီအသံ ဖုန်းခေါ်ရင်းကြားဖို့ ထည့်ပေးလိုက်တာလား မသိဘူး ... ဒီနေ့ ဒီဖုန်းအသစ်ရမှ ဘယ်သူမှ မဆက်သေးတော့ သတိမထားမိဘူး ...”

လင်းခန့်ကပျာပျာသလဲတောင်းပန်တာကို ရူပါဝတ်မှုန်ကရယ်ရင်းမှ

“သေချာရဲ့လား ... အိမ်မှာ မိန်းမရှိလို့ မိန်းမက သားနဲ့မယားနဲ့ သိရအောင်လို့ ဖုန်းထဲ ရှင့်ရဲ့သားအသံ ထည့်ပေးထားတာလေး ကိုလင်းခန့်ရဲ့ ...”

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကြံကြီးစည်ရာ မဟုတ်ရပါဘူး ..."

လင်းခန့်က ထပ်ရှင်းပြရပြန်သည်။ ရူပါဝတ်မှုန်ကတော့ အရယ်မရပ်သေး။ ဘေးနားက စက်အဖွဲ့သားတွေကလည်း ပြုံးစိစိနှင့် ဖြစ်နေသည်။

"ကဲ ... ပြန်ရိုက်ပါမယ် ..."

ထို့နောက်တော့ စောစောက ရူပါဝတ်မှုန် ညွှန်ကြားသည့်အတိုင်း အားလုံးပြန်စရပြန်သည်။ သည်တစ်ခါတော့ စောစောကလို မရယ်ကြတော့။

လင်းခန့်အဖို့ သည်လောက်ဟမ်းဖုန်းအသစ်လဲတာ ဘာဖြစ်လို့ ကိုယ့်ဟမ်းဖုန်းထဲ ဘာရှိတယ် ညာရှိတယ် အသေးစိတ် မစူးစမ်းမိတာကိုဘဲ ရူပါဝတ်မှုန်က အပြစ်မပြောတာ တော်သေးတာပေါ့ဟု ကိုယ့်ဘာသာကိုယ် ဖြေသိမ့်နေမိပါသည်။

----- ❦ -----

သည်နေ့ကျမှ လွဲချက်က နှစ်ခါရှိတာမို့ တော်တော်ကံဆိုးတာပဲလို့။ စောစောတုန်းက ရူပါဝတ်မှုန် ကားပျက်တုန်းက ထွန်းဝင်းကို ဖုန်းဆက်လျှင် သည်လိုဖြစ်မှာမဟုတ်။ လင်းခန့်က ထွန်းဝင်းကိုဆီ ဆက်လိုက်တာဆိုတော့ ကိုယ့်ဖုန်းမှာ ဘာသံထည့်ထားမှန်း ကိုယ်ကမသိ။

မဆီမဆိုင် ကိုတိုးနှင့် သိန်းထွတ်ဝင်း နှစ်ယောက် ဖုန်းဆက်လျှင်လည်း သည်လိုဖြစ်မှာမဟုတ်။

သည်နေ့ကြမှ သည်နှစ်ယောက်က ဖုန်းမဆက်ဘဲ နေနိုင်ကြသည်။

----- ❦ -----

"ဘယ်လိုလဲ မရူပါဝတ်မှုန် ... ပင်ပန်းသွားပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီကျော်ပြီမို့ ကမ္ဘာအေးဘုရားလမ်းက ကားအသွားအလာ ရှင်းလို့နေသည်။ လင်းခန့်က ကားကိုမောင်းရင်းမှ ပတ်ဝန်းကျင်အနေ အထားကို ကြည့်လိုက်သည်။ နောက်က ကားတန်းက ကျော်တက်ပြီး မောင်းမည့်ပုံစံမျိုး တွေ့ရသဖြင့် ကားကို ညာဘက်ကပ်မောင်းပေးလိုက် သည်။

"ပင်ပန်းတယ်လို့ မဆိုလိုပါဘူး ... ဘာလို့လဲဆိုတော့ ကိုယ်ဝါသနာ ပါတဲ့အလုပ် လုပ်ရတာပဲလေ ... ဝါသနာပါတဲ့ဟာ လုပ်ရတာရယ် ... ဒါက ကိုယ့်အသက်မွေးဝမ်းကျောင်းမှုလည်းဖြစ်တော့ အကျိုးမယုတ်ပါဘူး"

"ဟုတ်တာပေါ့ဗျာ ... တကယ်တော့ ကိုယ်က ဖန်တီးရှင်တစ်ဦး အနေနဲ့ လူအများကြီးကွပ်ကဲရတော့ ဘယ်လွယ်မလဲ ... ဒီအထဲ အစစအရာ ရာ အသေးစိတ် ညွှန်ကြားရတာဆိုတော့ ... "

ရှုပါဝတ်မှုန်က ကားပြတင်းပေါက်ကနေ အပြင်ဘက်သို့ တစ်ချက် ကြည့်လိုက်ရင်း ...

"ဒါတောင် ကိုလင်းခန့်ရေ ... တစ်ခါတလေ သတိလက်လွတ်ဖြစ် ပြီး ကိုယ်ရိုက်နေရင်းက ပထမ ကိုယ်စဉ်းစားထားတာမျိုးတွေ ကျန်ခဲ့တာ တောင် ရှိသေးရဲ့ ... "

"ဟုတ်တာပေါ့ဗျာ ... အလုပ်က ဦးနှောက်နဲ့ စဉ်းစားရတာဆိုတော့ သတိလက်လွတ်ဖြစ်တာမျိုးတွေ ရှိတဲ့အခါလည်း ရှိတာပေါ့ ... ကျွန်တော် တို့အလုပ်မှာလည်း ဒီအတိုင်းပဲ ... တချို့ကိစ္စတွေဆို သတိလက်လွတ်မဖြစ် အောင် မကျန်အောင် တော်တော်ထိန်းရတယ် ... "

လင်းခန့်စကားအဆုံး ဓာတ်မီးရောင်က လင်းခန့်ကားကို ထိုးပြီးပုပ် နိုင်းနေသည်။

"ရှီ ... ရှီ ... "

ဝီစီမှုတ်သံပါ ထပ်မံကြားရသဖြင့် လင်းခန့်က ကားရပ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှောင်တခွင်စစ်ဆေးသော ယာဉ်ထိန်းရဲအဖွဲ့ဖြစ်နေသည်။ ဘေးနား မှာ ယာဉ်ထိန်းရဲများစီးလာသော ကားတစ်စီးကိုလည်း ရပ်ထားသည်။

"ဒီက အစ်ကို ... လိုင်စင်လေးပြပါ ... "

"ဩော် ... ဟုတ်ကဲ့ ... "

လင်းခန့် ကားဒက်ရှ်ဘုတ်ထဲ ဖွင့်လိုက်သည်။ မော်တော်ကားလိုင် စင်ကို ယူလိုက်သည်။ သို့သော် ကားဒက်ရှ်ဘုတ်ထဲမှာ လိုင်စင်မတွေ့။

ချက်ချင်းဆိုသလို ယခုမှ သတိရသည်။ မနက်က ကားဒက်ရှ်ဘုတ် ထဲမှ ယာဉ်မောင်းလိုင်စင်ကိုယူပြီး ပိုက်ဆံအိတ်ထဲ ပြောင်းထည့်ထားတာ ကျောက်မြောင်းက ဦးလေးအိမ်သွားခါနီး သူ့အလုပ်အံဆွဲထဲမှာ ပိုက်ဆံအိတ် က ကျန်နေခဲ့တာ ယခုမှမှတ်မိသည်။

"ဒုက္ခပါပဲ ... လိုင်စင်က ပိုက်ဆံအိတ်ထဲ ပြောင်းထည့်ထားတယ်၊ မေ့ကျန်ခဲ့ပြီ ... "

လင်းခန့် ခေါင်းကုတ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ကဲ ... ဒီက အစ်ကို လိုင်စင်မပါရင်လည်း ဒဏ်ငွေအဖြစ် ချလန် လေးတော့ ယူသွားပါ ... "

"ခင်ဗျာ ... ဩော် ... ဟုတ်ကဲ့ ... "

ယာဉ်ထိန်းရဲက ကားနံပါတ်ကို သေသေချာချာကြည့်ပြီး ဘောင် ချာစာအုပ်များရေးကာ ချလန်စာရွက်ကိုဖြဲပြီး လင်းခန့်အားပေးသည်။

လင်းခန့်လည်း ဘာမှမပြောဘဲ ချလန်စာရွက်ကိုယူကာကားမောင်း ပြီး ထွက်လာခဲ့သည်။ အခြေအနေကို အစမှအဆုံး ထိုင်အကဲခတ်နေသော ရူပါဝတ်မှုန်က ဘာမှမပြောဘဲ ပြုံးနေသည်။

"ကားမောင်းတဲ့အခါမှာလည်း လိုင်စင်ဆိုတာ ကိုယ်နဲ့ခွာထားပြီး ယူဖို့ မမေ့နဲ့နော် ... အဲဒီသတိလည်း ရှိရမယ် ... "

ရူပါဝတ်မှုန်က ရယ်ရင်းမှ လင်းခန့်အား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မှဖျာ ... ဘယ်လိုဖြစ်လို့ လွဲချော်မှုက သုံးခါဆက်ဖြစ်ရသလဲ မသိဘူး ... ပြဿဒါး မလွတ်ဘူးထင်တယ် ..."

"ကိုလင်းခန့် ... ဒါဆို ကျွန်မ ကားမောင်းပေးရမလား ..."

"မှ ... လွဲပါစေ ... ဖယ်ပါစေ ... မဟုတ်တာ ..."

ဘာမှမပြောတော့ဘဲ လင်းခန့်က ကားကို ရူပါဝတ်မှုန်အိမ်ရှေ့ ခြံဝင်းထိပ်ထိရောက်အောင် မောင်းလာခဲ့တော့သည်။

ခြံဝင်းရှေ့ရောက်သောအခါ ကားဝ ါးကိုဖွင့်ပြီး ရူပါဝတ်မှုန်က အဆင်း သူမစီးလာသော ဒေါက်ဖိနပ် ါခါးနှင့် ခလုတ်တိုက်ပြီး ရူပါဝတ်မှုန်တစ်ယောက် ချော်လဲမ ပြုသဖြင့် လင်းခန့်က ရူပါဝတ်မှုန် လက်ကို လှမ်းဆွဲမိသားဖြစ်သွားသည်။

"ဘာဖြစ်သွားသေးလဲ ... ခြေထောက်နာသွားလား ..."

"မနာပါဘူး ... ကျေးဇူးပဲ ..."

လင်းခန့်လည်း မထူးတော့ပါဘူးဆိုပြီး ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ရူပါဝတ်မှုန်ကတော့ စောစောက လင်းခန့် ချော်လဲမှာစိုးလို့ လက်ဖမ်းဆွဲလိုက်တာ ရှက်သွားလား မ သိ။ မျက်နှာက ရှက်ရွံ့နေသလိုမျိုး ဖြစ်နေသည်။

"အိမ်ထဲရောက်ရင် သေသေချာချာကြည့်ဦးနော် ... ဆေးလေးဘာလေးလူး ... ဒါနဲ့ မရူပါဝတ်မှုန် ..."

ခြံထဲ တံခါးတွန်းဖွင့်ဝင် ါမှ လင်းခန့်က ခေါ်လိုက်သဖြင့် ရူပါဝတ်မှုန်က လှည့်အကြည့် ...

"ဒီမှာ မရူပါဝတ်မှုန်ရဲ့ ဖိုင်တို့ဘာတို့လေ ..."

"သြော် ... ကျွန်မမေ့သွားတယ် ... ဒါလည်း သတိ ာက်လွတ်သွားမြန်ပြီ ... ကျေးဇူးပဲ ..."

လင်းခန့်ပေးသော ဖိုင်နှင့် ပစ္စည်းအချို့ကို ရူပါဝတ်မှုန်က လှမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျွန်တော်လေ မရူပါဝတ်မှုန်ရဲ့အနားမှာ ထာဝရမခွဲခွာလိုက်နေရင်းက သာယာတဲ့ ဘဝတစ်ခုကို တည်ဆောက်ချင်တယ် ... အခွင့်အရေးယူတာ မဟုတ်ပါဘူး ... ကျွန်တော်လေ လက်ထပ်ပါရစေ ... ခွင့်ပြုမှာလား"

"ရှင် ... "

မထင်မှတ်သောစကားကို ကြားရသဖြင့် ရူပါဝတ်မှုန်နှုတ်ဖျားမှ စကားသံက အံ့အားတသင့် ထွက်ကျလာသည်။

"အံမယ် ... သူများအိမ်ရှေ့မှာလာပြီး ရည်းစားစကားပြောရဲသေးတယ် ... ဟင်း ... "

ရယ်သလိုမောသလိုမျိုးနှင့် ရူပါဝတ်မှုန်က ခြံဝင်းတံခါး တွန်းဖွင့်ပြီး တံခါးပြန်ပိတ်ကာ အိမ်ထဲပြေးဝင်သွားသည်။

ခြံဝမှာတော့ ရပ်ထားသော ကားနှင့် လင်းခန့်တစ်ယောက်တည်း။

..... ❦ .....

လင်းခန့် ကျေနပ်ပါသည်။ တစ်နေ့လုံး သုံးခါလွဲရပေမဲ့ ယခုအခါမှာတော့ မလွဲဘဲ ကိုယ့်ရင်ထဲ ပြောချင်သည့်အရာကို ပြောပြခွင့်ရသဖြင့် အကျေနပ်ကြီး ကျေနပ်နေမိပါသည်။

ကျေနပ်ပြီး ကားမောင်းရလို့လားမသိ။ မောင်းနေသောကားက ကတ္တရာလမ်းနှင့် မထိဘူးလို့တောင် လင်းခန့်စိတ်ထဲ ခံစားနေမိပါသေးသည်။

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com

"လူ့ဘဝကို
လိမ်လို့ညာလို့မရ။
ပြဿနာတွေရဲ့
အဖြေတွေဆိုတာ
စာအုပ်နောက်ပိုင်းမှာ
လုံးဝမရှိရေးချမရှိ"

ဆိုရှန်ကဲကီးဂတ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

စောစောစီးစီး ထွန်းဝင်းကိုထံမှ ဖုန်းလာသည်။ နေ့လယ်ဆို ကားက ပြင်လို့ပြီးပြီမို့ ဘယ်ကိုပို့ပေးရမလဲမေးသည်။ လင်းခန့်က ရူပါဝတ်မှုန် ဖုန်းနံပါတ်ပေးလိုက်ပြီး သူမထံသာ ဖုန်းဆက်ပါလို့၊ သူမရှိသောနေရာသွား ပို့ပါလို့ ပြောလိုက်သည်။

ထွန်းဝင်းကိုက ကလိဖြစ်အောင် ကလိလိုက်သေးသည်။ ရူပါဝတ်မှုန်နှင့် လင်းခန့် မင်္ဂလာဆောင် ဘယ်တော့စားရမှာလဲတဲ့။

ပြောမည့်သာပြောတာ။ မထင်မှတ်ဘဲ ရူပါဝတ်မှုန်ကို တွေ့ခဲ့ပြီး စိတ်ဝင်တစား မြတ်နိုးခဲ့ရင်းက, မနေ့ညက အရဲစွန့်ပြီးပြောခဲ့သောစကား အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိသေးသည်။

သည်အကြောင်းကို သူငယ်ချင်းနှစ်ယောက်ဖြစ်သော ကိုတိုးနှင့် သိန်းထွတ်ဝင်းတို့နှစ်ယောက် လုံးဝမသိကြသေး။ ဖုန်းဆက်ပြီး သတင်းပေး ချင်ပေမဲ့ မနည်းမျိုသိပ်ထားရသည်။

လက်ဖက်ရည်ဆိုင်ထိုင်တော့လည်း သောက်နေကျ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



က သည်နေ့ကြမှ ရုပါဝတ်မှုန်အကြောင်း စဉ်းစားပြီးသောက်ရလို့လားမသိ။ အတော်သောက်လို့ကောင်းသည်။

ဩော် ... အချစ်ဆိုသည်မှာ လက်ဖက်ရည်သောက်တာတောင် လိုက်ချိုနေပါလားလို့ လင်းခန့် စဉ်းစားမိသေးသည်။

..... ❀ .....

"သတ္တဝါတွေ ကျန်းမာကြပါစေ ... ချမ်းသာကြပါစေ ... "

ကြည့်စမ်း။ ဦးသြဘာတစ်ယောက် လမ်းမပေါ်မှာ မေတ္တာပို့နေတာ မနေ့တုန်းက ကန်တော်ကြီးမှာ အတွဲချောင်းသည့် လူနှစ်ယောက်နှင့် ရန်ဖြစ်သည့်ပုံစံမျိုးနှင့် လားလားမှမဆိုင်။ တကယ့်ကို သူတော်စင်တစ်ဦးလို ဖြစ်နေသည်။

"ဦးသြဘာကြီး လက်ဖက်ရည်တွေ ဘာတွေတောင် ဆိုင်မှာထိုင်တာ မတွေ့ရပါလား ... "

"မတွေ့ရဆို ... သုံးဆယ့်တစ်ဘုံသားတွေကို မေတ္တာပို့ရတာက တယ်ကြာပါရိုးလား ... နေ့လယ်ဆို အဂ္ဂိရှာန်မပျက် ဘုရားတက်ရသေးတာကိုးကွ ... မင်းတို့လည်း ယယ်ရွယ်တဲ့အချိန်မှာ ဘာသာရေးလေးဘာလေးလည်းလုပ်ဦး ... "

တော်တော်လာသည့် အဘိုးကြီး။ သူက တရားတောင်ပြန်ဟောနေသေးသည်။ နည်းနည်းတော့ ဦးသြဘာကို ကလိဦးမှဟု လင်းခန့်က တွေးလိုက်သည်။

"ဦးသြဘာရယ် ... ဒါက အသက်ကြီးမှပါ ... ငယ်တဲ့အချိန်မှာတော့ မလိုပါဘူး ... ကျွန်တော်ဆို ကိုယ့်ဟာနဲ့ကိုယ် ကုသိုလ်ရနေတာပဲ ... "

"မင်းစကားက အဆန်းပါလားကွ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးသြဘာရယ် ... ကျွန်တော်က နေ့တိုင်း ကန်တော်ကြီးပန်းခြံကိုသွား အတွဲတွေကိုသွားချောင်း ... ဘာတရားရသလဲမမေးနဲ့၊ အတွဲတွေ ပန်းခြံထဲရောက်လာတယ် ... ပြန်သွားကြတယ် ... ဖြစ်ပျက်သဘောတွေ ရှုမှတ်ရတယ်လေ ... "

"ဘာကွ ... "

လင်းခန့် စကားကြောင့် ဦးသြဘာ မျက်နှာပျက်သွားရင်းမှ မသိမသာ ဒေါသထွက်သွားပြီး မျက်နှာအမူအရာကို ပြန်ပြင်လိုက်သည်။

"ဆိုးပါတယ် ဦးသြဘာရယ် ... ကိုယ်က အတွဲတွေကို ရှုမှတ်နေတာကို ... တချို့ မနိုင်းကောင်းနှိုင်းကောင်း ဦးသြဘာတို့လို အဘိုးကြီးတစ်ဦးဆို ဘာရန်လိုသလဲမမေးနဲ့ ... သူ့အသက်အရွယ်မှ အားမနာ ... ကွာတယ်ဗျာ ... ဦးသြဘာတို့နဲ့ ဦးသြဘာတို့လို မေတ္တာပို့တဲ့သူမျိုးနဲ့က မတူပါဘူး ... အလကားနှာဘူးကြီး ... "

လင်းခန့် စကားကြောင့် ဦးသြဘာမျက်နှာ အတော့်ကို ပျက်သွားရင်းမှ လက်ထဲမှာကိုင်ထားသော ပုတီးတောင် ပြုတ်ကျမလိုဖြစ်သွားသည်။ မျက်နှာကလည်း အတော့်ကို ပျက်နေသည်။

"ကဲပါ ... သွားဦးမယ် ဦးသြဘာရယ် ... ဆက်ပြီး မေတ္တာပို့ ... ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်ပါဦးမယ် ... "

လင်းခန့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ပြီး ဦးသြဘာနားကနေ လစ်ထွက်လာခဲ့သည်။ ပုတီးကိုင်ထားသော ဦးသြဘာကတော့ မေတ္တာပင် ဆက်မပို့နိုင်တော့ဘဲ အိမ်ထဲသို့ပြေးဝင်သွားပါသည်။

သေချာတာကတော့ ဦးသြဘာကြီး အနည်းနှင့်အများဆိုသလို အိမ်ထဲမှာ ဘယ်လိုဖြစ်လို့ လင်းခန့် သူ့ကို ထိုစကားတွေ လာပြောသလဲ ဆိုတာ စဉ်းစားခန်းဝင်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အကောင် ... နင်က ဒီလောက်ဖြန်းမှတော့ ငါလည်း ဖြန်းပြမယ် ... "

"မမွေး နင့်စကားတွေ လွန်နေပြီနော် ... "

မကြားရတာကြာပြီဖြစ်သော ကိုချစ်ခေါင်နှင့် မမွေးတို့၏ အိမ်တွင်းစစ်ဖြစ်ပွားသံကို ကုမ္ပဏီရုံးခန်းထဲဝင်ခါနီး လင်းခန့် ကြားနေရသည်။ သည်လင်မယားနှစ်ယောက် ဘယ်လိုစကားလုံးတွေသုံးပြီး ရန်ဖြစ်ကြလေမလဲလို့ လင်းခန့် မသိမသာ အကဲခတ်နေမိသည်။

"နင် ဒီလောက် သီချင်းဆိုဝါသနာပါရင် ရပ်ကွက်မှာ စင်ထိုးပေးမယ်၊ ကာရာအိုကေမှာ ကောင်မလေးတွေနဲ့ဆိုပြီး နင် ငွေတွေဖြုန်းစရာမလိုဘူး"

"မမွေး ... နင့်စကားလုံးတွေက ငါ့သိက္ခာကိုချနေပြီ ... ဘာဖြစ်လဲ ငါ့ပိုက်ဆံနဲ့ ငါဖြုန်းတာ ... "

"ဪ ... နင်က ဒီလိုလား ... ငါလည်း ဖြုန်းပြမယ် ... နင်တွေ့မယ် ... "

ရန်ဖြစ်သံတွေ ခေတ္တတိတ်သွားသည်။ မကြာပါ။ မမွေး ပိုက်ဆံအိတ်လက်ကြားညှပ်ပြီး အိမ်ထဲကနေ ထွက်လာသည်။

"ငါ့အိတ်ထဲမှာ ပိုက်ဆံတွေပါတယ် ... နင်လိုက်မလာနဲ့ ... တစ်နေ့လုံး ကန်တော်ကြီးမှာ ငါရှိမယ် ... နင်နဲ့ ပေါင်းရတဲ့အိမ်ထောင်ရေးသောကကို ငါ စိတ်ဆင်းရဲလှပြီ ... ငါ သတ်သေဖို့လည်း ဝန်မလေးဘူး ... အေး ... မသတ်သေဖြစ်ရင်လည်း ငါ့ဘာသာငါ ကရာအိုကေ နင့်လိုပဲ ညမှသွားဆိုဦးမယ် ... မမွေးတဲ့ တစ်မွေးပဲရှိတယ် ... "

မမွေးက တော်တော်စိတ်ကြီးပါသည်။ အနီးနားမှ ဖြတ်မောင်းသွားသော 'ကက' အငှားကားတစ်စီးကို တားပြီး ကားပေါ်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမွေး ... နေဦး ... နင် စိတ်ထင်တိုင်း မလုပ်နဲ့ ... မမွေး ..."

လင်းခန့်အဖို့ ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခုကို ကြည့်ရသလိုပင်ဖြစ်သည်။ ထွက်ခွာသွားသော 'ကက'အငှားကားနောက်အား ကိုချစ်ခေါင် ပြေးလိုက်နေပုံက တကယ့်ကို အသက်ဝင်လှသည်။

..... ❀ .....

ပြဿနာက သည်မှာတင်မပြီးပါ။ ကိုတိုးနှင့် သိန်းထွတ်ဝင်းတို့ ရောက်လာသောအခါ အဖြစ်အပျက်တွေကို ကြည်ကြည်နူးနူးပြောကြနိုင် ရှိနေတုန်း ... ။

..... ❀ .....

"လင်းခန့်ရေ ... ငါ့ကို ကူညီစမ်းပါကွာ ... မင်းအစ်မ ငါနဲ့ စကားများပြီး အိမ်ပေါ်က ဆင်းသွားတာ ကန်တော်ကြီးကို သွားမယ်ပြောတယ်။ တော်ကြာ ရေထဲဆင်းသတ်သေရင် ဒုက္ခပဲကွာ ... အဲ့ဒီလိုမလုပ်ရင်လည်း ညကျရင် ကာရာအိုကေသွားဆိုမယ်တဲ့ ... ဘုရား ... ဘုရား ..."

ဆောက်တည်ရာမရပုံစံမျိုးဖြင့် မှန်ဘီလူးတစ်လက်ကို လည်ပင်းမှာ ဆွဲထားသော ကိုချစ်ခေါင်တစ်ယောက် လင်းခန့်တို့ဆီ ရောက်လာကာ ပြောချလိုက်ခြင်းဖြစ်သည်။

"ကိုချစ်ခေါင်ကြီးကလည်းဗျာ ... အစ်ကိုတို့လင်မယားက ဒီလို ဖြစ်နေကြတာပဲဟာ ... အချိန်တန်ရင် မမွေး ပြန်လာမှာပေါ့ ..."

"မဟုတ်ဘူးနော် ... လင်းခန့် ... မမွေး တော်တော်ပေါက်ကွဲသွားတာ ... ငါကလည်း ငါပဲကွ ... ကာရာအိုကေမှာ အဆိုတော်ပွဲဆက်များသွား

www.burmeseclassic.com



တာ ... ဘယ်သူကမျှား ချွန်သလဲမ်သိပါဘူးဟာ ... ကန်တော်ကြီးဆိုတာ ငါက တစ်ခါဖူးမှ ရောက်ဘူးတာ မဟုတ်ဘူး ... ”

ကိုချစ်ခေါင်စကားက ကန်တော်ကြီးကို အမြဲတမ်းသွားလေ့သွားထ ရှိသော လင်းခန့်ကပဲ အကုန်သိနေသလိုမျိုး ဖြစ်နေသည်။

“ဟုတ်တယ် လင်းခန့် ... မင်းက ကန်တော်ကြီးသွားနေကျဆိုတော့ ကိုချစ်ခေါင်အလိုကျ ရှာပေးလိုက်ကွာ ... ”

အရေးထဲ ကိုတိုးကပါ အရောက်ပို့နေပြန်သည်။

“ငါတစ်ယောက်တည်းတော့ မသွားဘူး ... မင်းတို့ပါ အတွေ့အကြုံ ရအောင် လိုက်ခဲ့ပေတော့ ... ဒါပဲ ... ”

“ဟုတ်ပါတယ်ကွာ ... လင်းခန့်ပြောတဲ့အတိုင်း မင်းတို့ပါ ငါ့ရဲ့ အသည်းလေးမမွှေးကို ရှာပေးပါကွာ ... သူကလေး တစ်ခုခုဖြစ်ရင် ဒုက္ခ”

ကိုချစ်ခေါင်မှာ အခုမှပဲ အကဲပို အသည်းပိုနေတော့သည်။ ကိုချစ်ခေါင်ဖြစ်နေပုံကို မမွှေး မြင်စေချင်မိပါသည်။ ဘယ်လိုပြောလေမလဲလို့။

----- ❀ -----

ကိုတိုး၊ သိန်းထွတ်ဝင်းနှင့် မှန်ဘီလူးကို လက်ကကိုင်ထားသော ကိုချစ်ခေါင်တို့က သူတို့ရောက်ရှိနေသော ကန်တော်ကြီးပန်းခြံကို ထူးဆန်း သလိုမျိုးနှင့် ကြည့်နေကြသည်။

“အတွဲတွေကလည်းကွာ ... အလုပ်တွေဘာတွေမရှိဘဲ အချိန်တွေ အားနေသလား မသိဘူး ... ”

ကိုတိုးက ပြစ်တင်စကားဆိုလိုက်သည်။

“ကိုတိုးကလည်းကွာ ... ဘာမနာလိုဖြစ်နေရတာလဲ ... ဒါလည်း သူတို့ အလုပ်ပဲဟာ ... သူတို့နောင်ရေးအတွက် ဆွေးနွေးနေတာလေ”

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်က ဘေးပတ်ဝန်းကျင်ကို အကဲခတ်ရင်းမှ ကိုတိုးကို ပြောလိုက်သည်။

"မှန်ဘီလူးနဲ့ဦးလေးကြီး ... အတွဲချောင်းမလို့လား ... မလုပ်ပါနဲ့၊ အတွဲတွေ သနားပါတယ် ..."

အရေးထဲ မှန်ဘီလူး လက်မှာကိုင်ထားသော ကိုချစ်ခေါင်ကိုကြည့်ပြီး ပန်းခြံထဲမှာရှိနေသော ကောင်လေးတွေက လှမ်းနောက်သည်။

"မဟုတ်ဘူးဟေ့ ... မိန်းမပျောက်လို့ရှာနေတာ ... "

"အရေးထဲကွာ ... ကိုချစ်ခေါင်က ကြွားနေရသေးတယ် ... လင်းခန့်ရာ ... ငါတို့တော့ အတွဲချောင်းတယ်ဆိုပြီး အထင်သေးခံနေရပြီဟေ့"

သိန်းထွတ်ဝင်းမျက်နှာက သံပုရာသီးစားသလိုမျိုး ရှုံ့တွနေသည်။

"နေဦး လင်းခန့် ... ဒီနေရာကနေ မမွေး ဘယ်မှာရှိလဲ ငါ့မှန်ဘီလူးနဲ့ ကြည့်စမ်းမယ် ..."

မမွေးတစ်ယောက် မည်သည့်နေရာမှာရှိမလဲ ဟိုရှာသည်ရှာရှာနေရင်းမှ ကိုချစ်ခေါင်က မှန်ဘီလူးဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

လင်းခန့်ကတော့ ပြဿနာတက်တော့မှာပဲလို့။ ဘာဖြစ်လို့လဲဆို ကိုချစ်ခေါင်က မှန်ဘီလူးနှင့် ရေကန်စပ်ကော အတွဲတွေရှိမည့်နေရာတွေကော ဖြောင်ကျကျကြီး ကြည့်နေသောကြောင့် ဖြစ်သည်။ တချို့အတွဲတွေဆို ကိုချစ်ခေါင် မှန်ဘီလူးနှင့် ကြည့်နေတာကို မြင်သွားပြီး ထိးဖြင့်ကာသူကာ ထပြန်သူပြန်နှင့် ဖြစ်ကုန်သည်။ သူတို့မျက်နှာတွေမှာ ဒေါသထွက်သလိုမျိုး ဖြစ်နေသည်။

"ဟေ့လူ ... ခင်ဗျား အဲ့ဒီလို မှန်ဘီလူးနဲ့ ဖြောင်ကြည့်တော့ အတွဲတွေ ပြေးကုန်ပြီပေါ့ ... ခင်ဗျားတို့ အတွဲမချောင်းဖူးဘူးလား ..."

ဒေါသတကြီးနှင့် ချုံပုတ်အနီးနားကနေ လူတစ်ယောက် ထဘင်းချိုင့် လက်ဆွဲရင်း ကိုချစ်ခေါင်ဆီ ပြေးလာရင်းမှ အော်ပြောလိုက်သည်။ သူ့ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



က သူချောင်းမြောင်းနေသော သားကောင်လွတ်သွားသလို နှမြောတသ ဖြစ်သည့် ပုံစံမျိုးဖြစ်နေသည်။

"ဒီမှာ ကိုယ့်လူ ... အတွဲချောင်းဖို့ မဟုတ်ဘူး ... မိန်းမ အိမ်ကဆင်း သွားလို့ ဘယ်နေရာမှာရှိလဲ ကြည့်နေတာ နားလည်လား ... တော်ကြာ ရေထဲဆင်းသတ်သေမှာစိုးလို့ ... "

ကိုချစ်ခေါင်က ထိုအတွဲချောင်းသူကို ဒေါသတကြီး ပြန်ပြောသည်။ ထိုသူလည်း မကျေမနပ်နှင့် ကြည့်ရင်းက အနားကနေ ထွက်သွားသည်။

"လာကွာ ... လင်းခန့် ... လုပ်ပါဦးကွာ ... မမွေး ဘယ်နေရာမှာ ရှိမလဲ ... "

"ကိုချစ်ခေါင်ကလည်းဗျာ ... ဘယ်သိမှာလဲ ... ဒီလိုပဲရှာရမှာပေါ့"

လင်းခန့် တော်တော်စိတ်ညစ်သွားသည်။ ကိုချစ်ခေါင်က လက်ကိုင် ပြီး အတင်းမေးနေပြန်သည်။

"ဒုက္ခပဲကွာ ... ရေထဲဆင်း သတ်များသတ်သေပြီလား မသိဘူး"

ကိုချစ်ခေါင်က ပါးစပ်က တတွတ်တွတ်ရွတ်ရင်းမှ မှန်ဘီလူးဖြင့် ရေကန်အစပ်သို့ ကြည့်လိုက်သည်။

ပြဿနာကတော့ ထပ်ဖြစ်ပြီလို့ လင်းခန့် တွက်လိုက်သည်။

ကြည့်လေ။ ကန်အစပ်မှာ ကုတ်းကုတ်းထားသော လူက သူ့ရည်းစား နှင့် သူ့ အကြည်ဆိုက်နေတာ ကိုချစ်ခေါင် မှန်ဘီလူးဖြင့် ကြည့်တာ မြင် သွားသဖြင့် ဒေါသတကြီး ထိုင်ရာမှထရင်းက ပုဆိုးကိုပြင်ဝတ်ပြီး ကိုချစ် ခေါင်ရှိရာသို့ လာနေလို့ဖြစ်သည်။

"ဒီမှာ ဒါယိကာကြီး ... အဲ ... ဒီမှာ မိတ်ဆွေ ... ခင်ဗျား ဟီရိုသြတ္တပ ကိုယ့်ကျင့်နီတိမသိဘူးလား ... "

ဘုန်းကြီးလူထွက်ဟု ထင်ရသည့် ထိုလူက ကိုချစ်ခေါင် ပုခုံးကို ကိုင်ရင်းမှ မေးလိုက်သည်။ သူ့ပုံစံက ကိုချစ်ခေါင်အား လက်သီးနှင့် တကယ်

www.burmeseclassic.com

www.burmeseclassic.com



ထိုးမည့်ပုံမျိုးဖြစ်သည်။

"ကိုယ်ကျင့်နီတိတွေ ဘာတွေအသာထား … ကျုပ်က ခင်ဗျားတို့ အတွဲကို စိတ်မဝင်စားအားဘူး … ကျုပ်မိန်းမ အိမ်က စိတ်ဆိုးပြီးဆင်းသွားလို့ ဒီကန်တော်ကြီးကိုသွားမယ်ပြောတာ … ရေထဲဆင်သတ်သေသလား မသိဘူး … အဲ့ဒါကြောင့် မှန်ဘီလူးနဲ့ ရှာနေတာ … "

"မသိပါဘူးဗျာ … ဦးပဥ္စင်း … အဲ … ကျွန်တော်က ခင်ဗျားတို့ အုပ်စုလိုက် အတွဲချောင်းတာမှတ်လို့ … တကယ်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားခဲ့တယ်၊ အဖန်ငါးရာ ငါးကမ္ဘာ ခံရတယ်တဲ့ … ဒါကလည်း မိမိရဲ့ ပြုဖူးတဲ့အတိတ်က ကံပါရမီ သီလဒါနဆိုတဲ့ ဟာကရှိတာကိုး … "

ကိုတိုး၊ သိန်းထွတ်ဝင်းနှင့် လင်းခန့်တို့ ပြိုင်တူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ပဲရယ်မလို၊ သည်နေရာမှ အမြန်ပဲသွားရတော့မလို ဖြစ်နေသည်။

စောစောတုန်းက ဒေါသတကြီး ရန်တွေ့ဖို့လာသော ကတုံးနှင့်လူက ကိုချစ်ခေါင်ကို တရားဟောနေလို့ဖြစ်သည်။ သူ့ပုံစံက ပြောနေသည်မှာ ဘုန်းကြီးတရားဟောသည့် လေသံမျိုးဖြစ်နေသည်။

"ဒီက အစ်ကို … ကျေးဇူးပါပဲ … ကျွန်တော်တို့ သွားပါဦးမယ် — တရားကို အစ်ကိုရဲ့အသည်းလေးသာ ဆက်ဟောတော့ … "

"သင့်မြတ်တာပေါ့ ဒါယိကာကြီး … အဲ … ညီရယ် … "

လင်းခန့်က ကိုချစ်ခေါင်ကို အဟင်းလက်ဆွဲခေါ်လာခဲ့ရသည်။

"ကိုချစ်ခေါင် … ခင်ဗျားရဲ့ မှန်ဘီလူးကို ခင်ဗျား မကြည့်နဲ့တော့ ပြဿနာက ပိုတတ်လိမ့်မယ် … "

"**အေးပါ … အရေးထဲ မိန်းမပျောက်လို့ရှာတာ ဘုန်းကြီးလူထွက် တရားဟောတာနဲ့မှ တွေ့ရသေးတယ်ကွာ …** "

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကိုချစ်ခေါင်က မှန်ဘီလူးကိုကြည့်မလိုလုပ်တာ လင်းခန့်ပြောသည့်စကားကို သတိရသွားပြီး မှန်ဘီလူးကို ပြန်ချလိုက်သည်။

"အာရေး ... အစ်ကို လူစုံလှချည်လား ... မှန်ဘီလူးတွေဘာတွေနဲ့ အတွဲချောင်းပြီထင်တယ် ... "

လင်းခန့်တစ်ယောက် ထိပေါက်သလို ဝမ်းသာသွားပါသည်။

"ဒါ ... ငါပြောတဲ့ အင်တာနက်ဆာမိဆိုတာပဲ ... ကိုတိုးနဲ့ သိန်းထွတ်ဝင်းရ ... "

အင်တာနက်ဆာမိက အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြသည်။

"ဆာမိရေ ... ဒီက မှန်ဘီလူးနဲ့ အစ်ကိုကြီးအရွယ်လောက် အမျိုးသမီးတစ်ယောက်တွေ့လား ... ပိုက်ဆံအိတ်တစ်အိတ်ပါတယ်ကွာ ... အဲ့ဒါ ဒီကအစ်ကိုကြီးမိန်းမ စိတ်ဆိုးပြီး ကန်တော်ကြီးသွားမယ် ... သတ်သေမယ် ပြောလို့ ... "

"အာရေး ... အစ်ကို သတ်သေမလား မသေလားတော့ မသိဘူး၊ ဒီအစ်ကိုကြီးအရွယ် အမျိုးသမီးတစ်ယောက်နော် ... ကုလားလေးဆီက ငါးမုန့်ကြော်၊ အာလူးကြော်၊ နေကြာစေ့၊ မုန့်တွေ နှစ်ထောင်ဖိုးလောက်ဝယ်ပြီး ရေကန်စပ်ကခုံမှာ တစ်ယောက်တည်း ထိုင်စားနေတယ် ... "

အင်တာနက်ဆာမိစကားအဆုံး ကိုချစ်ခေါင်က အားရဝမ်းသာ လေသံဖြင့် ...

"ကုလားလေး သေချာတယ်နော် ... အဲ့ဒီအမျိုးသမီးက အသားဖြူဖြူ ခပ်ချောချော မဟုတ်လား ... တော်တော်လေးလှတယ် မဟုတ်လား"

"ကိုချစ်ခေါင်ကလည်းဗျာ ... အရေးထဲ ကြော်ငြာဝင်နေရသေးတယ်၊ အဲ့ဒါက ခင်ဗျားမိန်းမ မမွေးနဲ့ နှစ်ယောက်တည်းတွေ့မှပြော ... "

သိန်းထွတ်ဝင်းက စိတ်ပျက်သည့်လေသံဖြင့် ပြောလိုက်သည်။

"အာရေး ... လာ ... ကျွန်တော် လိုက်ပြမယ် ... "

www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ဆာမိ ဦးဆောင်ခေါ်ဆောင်ရာဆီသို့ လင်းခန့်တို့ လှ သိုက် နောက်ကနေ လိုက်ခဲ့ကြသည်။

...... ...... 

"အာရေး ... ဟိုမှာတွေ့လား ... "

အင်တာနက်ဆာမိ ညွှန်ပြရာသို့ ကြည့်သောအခါ ရေကန်အစပ်ရှိ ခုံတန်းလျားမှာ မမွေးက ငါးမုန့်ကြော်တစ်ထုပ်ကို ဖောက်စားနေသည်။ ခုံတန်းလျားအောက်မှာလည်း စားပြီးသား ပလတ်စတစ်အိတ်ခွံတွေက ဖွာ လန်ကျဲနေသည်။

"ကိုချစ်ခေါင်ရာ ... မမွေးက သတ်သေခါနီး ရိက္ခာယူနေတာလား မသိဘူး ... "

အရေးထဲ ကိုတိုးက စလိုက်သေးသည်။ ထိုအချိန်မှာပဲ မမွေးက ထိုင်ရာမှထကာ ငါးမုန့်အိတ်ကို ပစ်ချလိုက်ပြီး ရေစပ်ဆီသို့ ဆင်းသွားသည်။

"လင်းခန့် ... မမွေး အခုမှ တကယ်သတ်သေမှာထင်တယ်"

"မမွေး ... မလုပ်နဲ့ ... ကိုယ့်ကိုယ်ကိုယ် သတ်မသေနဲ့ ... ကိုယ် ရှင်းပြမယ် ... "

ကိုချစ်ခေါင်က မမွေးရှိရာရေစပ်သို့ အော်ပြောရင်းမှ ပြေးသွား သည်။ မမွေးက ကိုချစ်ခေါင်အော်သံကြောင့် လှည့်ကြည့်သောအခါ လင်း ခန့်တို့အုပ်စုကိုပါ မြင်ရသဖြင့် အံ့အားသင့်သွားသည်။

"ဘာလို့သတ်သေရမှာလဲ ... ငါးမုန့်စားတာ လက်မှာဆီတွေပေလို့ ရေဆေးမလို့ဟာ ... "

မမွေးစကားကြောင့် အားလုံးရယ်လိုက်ကြသည်။

"မမွေးရာ ... လာပါဟာ ... ငါ့ကို ခွင့်လွှတ်ပါ ... နောက်ဆို မင်း

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်တာ ဘာမှမလုပ်တော့ဘူး ... သိလား ... အခုလည်း မင်းကို စိုးရိမ်လို့ လင်းခန့်တို့ကို ခေါ်လာပြီး ဒီမှာလာရှာတာ ... ”

“ကိုချစ်ခေါင် ... ရှင် တကယ်ပြောတာနော် ... ”

“တကယ်ပါကွာ ... ”

စောစောတုန်းကမျက်နှာမျိုး ကိုချစ်ခေါင် မဟုတ်တော့။ ပျားရည်ဆမ်းထားသလို ချိုမြနေသည်။ မမွှေးမျက်နှာ တော့ သည်အတိုင်းပါပဲ။

လင်နှင့်မယားဆိုတာ ဒါပါပဲ ဟု ပြောကြသည့် ကြားသုံးကြားမဝင်နှင့်ဆိုသည်မှာ ဒါမျိုးဖြစ်လိမ့်မည်။

ထိုစဉ် အနီးအနားကို ကားရပ်သံများကြား၍ ကြည့်လိုက်သောအခါ ဒိုင်နာကားတစ်စီးနှင့် ပရာဒိုကားတစ်စီးအပြင် နောက်ထပ်ကားနှစ်စီးပါတွေ့ရသည်။

ဒိုင်နာကားပေါ်မှ လူတွေ ဆင်းလာကြသည်။ ဩော် ... ဗီဒီယိုလာရိုက်သည့် လူတွေဖြစ်မှာဟု လင်းခန့် တွေးလိုက်သည်။

“လူစုလူဝေးနဲ့ ကိုလင်းခန့်တို့ ... ဘာလဲ ဘွဲလာချောင်းတာလား”

‘ပရာဒို’ ကားပေါ်မှ ဆင်းလာသော အမျိုးသမီးတစ်ဦး၏ စကားသံကြောင့် လင်းခန့် လှည့်ကြည့်လိုက်သောအခါ ရှုပါဝတ်မှုန် ဖြစ်နေပါသည်။

“ဘယ်ကသာ အတွဲချောင်းရမှာလဲဗျာ ... ရှင်းပြရရင် အရှည်ကြီးပဲ”

လင်းခန့်က ရှုပါဝတ်မှုန်၏ခြေထောက်ကိုကြည့်ရင်း ...

“ဒီပန်းခြံထဲမှာ ဗီဒီဒီကာရာအိုကေလာရိုက်တာလား ... ဒါနဲ့ ခြေထောက်ကော ဘယ်လိုလဲ ... သက်သာရဲ့လား ... ညက ဆေးမလူးဘူးလား ... ”

လင်းခန့် စကားကြောင့် ရှုပါဝတ်မှုန် ကျေနပ်သွားသည်ထင်ပါရဲ့။ မျက်နှာက ပြုံးလို့ရွှင်လို့။

“ဘာမှမဖြစ်ပါဘူး ... မတော်တဆပဲဟာ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ဗျာ ... ကျွန်တော့်မလည်း ဒီပန်းခြံထဲလာတိုင်း ဟိုအတွဲစိတ်ဝင်စားရ ... ဒီအတွဲစိတ်ဝင်စားရနဲ့ ကမောက်ကမတွေဖြစ်ပြီးသွားပြီထင်တာ ... ဒီနေ့လည်း တကယ့်ကမောက်ကမပါပဲ ..."

"ဘယ်လိုကမောက်ကမလဲ ... မသိရဘူးလား ..."

ရူပါဝတ်မှုန်က သိချင်ဇောနှင့် မေးပါသည်။

"ပြောလို့မဖြစ်ဘူး ... ကာယကံရှင်တွေ ရှက်နေဦးမယ် ..."

လင်းခန့်က ကိုချစ်ခေါင်နှင့် မမွေးကိုကြည့်ရင်း ပြောလိုက်သည်။

"မရူပါဝတ်မှုန် ... ရိုက်တော့မှာလား ..."

ကင်မရာမင်း ကိုစံသိန်းက ရူပါဝတ်မှုန်ကို လှမ်းမေးလိုက်သည်။

"အဆင်သင့်ဖြစ်ရင် ရိုက်မယ်လေ ..."

ရူပါဝတ်မှုန်စကားအဆုံး မီးသမား၊ မှန်ထိုးသမားတွေအားလုံး ရိုက်ကူးရေးအတွက် အားလုံး ကိုယ့်တာဝန် ကိုယ်ယူပြီး ပြင်ဆင်ဖို့ လုပ်နေကြသည်။

လင်းခန့်နှင့် ရူပါဝတ်မှုန်တို့နှစ်ယောက် စကားပြောနေတာကို သိန်းထွတ်ဝင်း၊ ကိုတိုးနှင့် ကိုချစ်ခေါင်တို့လင်မယားနှစ်ယောက်ကလည်း အကဲခတ်နေလို့။

"ကိုလင်းခန့် ... ဒီနေ့ ကျွန်မမွေးနေ့လေ ..."

"ဟာ ... ဟုတ်လား ... ဒါဆိုရင် ... မနေ့ညက မရူပါဝတ်မှုန်က ကျွန်တော့်ကို ကျွေးတော့ ... ဒီည မွေးနေ့အထိမ်းအမှတ် ကျွန်တော်ကျွေးမယ် ..."

"အို ... မဟုတ်တာ ... ကျွန်မရဲ့ ကားပြင်ခကို ရှင်က ပေးခဲ့မှာ ကျွန်မကျွေးပါ့မယ် ..."

"မဟုတ်တာဗျာ ... ကျွန်တော့်ကြောင့်ဖြစ်တာ ကျွန်တော်ပဲ ကား

www.burmeseclassic.com

www.burmeseclassic.com



ပြင်ခပေးရမှာပေါ့ ... ကျွန်တော်ကျွေးမယ် ... ”

လင်းခန့်နှင့် ရူပါဝတ်မှုန်တို့နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောနေကြတာ ပတ်ဝန်းကျင်မှာ မည်သူမှမရှိလေသည့် အလားပါပဲ။

“လင်းခန့် ... မင်းတို့ချည်းပဲ နှစ်ယောက်တည်း ... သူကျွေး၊ ကိုယ်ကျွေး ကျွေးလို့ရမလားကွ ... ဒီလိုမျက်နှာမလိုက်နဲ့ ... ငါတို့ရှိသေးတယ်”

သိန်းထွတ်ဝင်းက အော်ပြောလိုက်ပါသည်။

“အာရေး ... အစ်ကို ... ဒီလို သူကျွေး ကိုယ်ကျွေးလို့ရအောင် ကုလားလေး အင်တာနက်ဆာမိရှိတဲ့ ပန်းခြံကိုရောက်လာပြီး ဟောဒီက အစ်မနဲ့တွေ့တာလေ ... ကမောက်ကမဖြစ်ရင်းက တွေ့တာဆိုတော့ ကုလားလေးလည်း ကျွေးရမယ်နော် ... ”

အင်တာနက်ဆာမိကလည်း ဝင်ပြောပြန်ပါသည်။

“ဒါမျိုးရမလား လင်းခန့်ရာ ... ဒီလို သူကျွေးမယ် ... ကိုယ်ကျွေးမယ်ဖြစ်ဖို့ ငါ့မိန်းမကို ဒီကန်တော်ကြီးပန်းခြံမှာ လိုက်ရှာဖို့ ငါက ခေါ်လာရင်း ဖြစ်တာဆိုတော့ ငါ့ကော ဟောဒီက ငါ့မိန်းမ မမွှေးပါ ကျွေးရမယ်... ဟုတ်တယ် မဟုတ်လား မမွှေး ... ”

ကိုချစ်ခေါင်စကားအဆုံး မမွှေးက ခေါင်းညိတ်ပြသည်။

လင်းခန့်က သူ့ကို ဝိုင်းပြောသည့် သူတွေကိုကြည့်ရင်း ...

“ကဲ ... ဒီလောက်စားချင်ရင် မင်္ဂလာဆောင်မှသာ စားကြပေတော့ဗျို့ ... ”

“ဘယ်သူနဲ့ဆောင်မှာလဲ ... ”

တစ်ညီတစ်ညာ ဇာတ်တိုက်ထားသလိုမျိုး တစ်သံတည်းထွက်လာသဖြင့် လင်းခန့် ဘာပြန်ဖြေရမှန်းမသိ ချွေးပြန်သွားပါသည်။ မတူးတော့ပါဘူးဆိုပြီး လင်းခန့်က ရူပါဝတ်မှုန်ကိုကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မရူပါဝတ်မှုန် ... ဘယ်သူနဲ့လဲတဲ့ ..."

"အို ... ဘယ်သိပါ့မလဲ ..."

လင်းခန့်စကားကြောင့် ရူပါဝတ်မှုန်က ရှက်သလိုအနေအထားမျိုးဖြင့် ပြေးထွက်သွားပါသည်။

"ကဲ ... အားလုံးငြိမ်ပါ ... ရိုက်မယ် ..."

ရှုတင်မန်နေဂျာက ဗီစီဒီကာရာအိုကေရိုက်ဖို့ အချက်ပေးလိုက်သည်။

မော်ဒယ်ကောင်လေးနှင့် ကောင်မလေးက နောက်ခံဖွင့်ထားပေးသော သီချင်းအတိုင်း တကယ့်ချစ်သူတွေအလား သရုပ်ဆောင်ကြသည်။

..... ❦ .....

တီဗီမော်နီတာကို ထိုင်ကြည့်နေသော ရူပါဝတ်မှုန်က သရုပ်ဆောင်နေသူနှစ်ဦးကို လှမ်းကြည့်ရင်းမှ သူငယ်ချင်းမိတ်ဆွေများနှင့် ရှိနေသော လင်းခန့်ကို မသိမသာကြည့်လိုက်သည်။

လင်းခန့်ကကော တစ်ချိန်လုံး သူ့ကို ရူပါဝတ်မှုန် ဘယ်အချိန်ကြည့်လေမလဲ အကဲခတ်ရင်းမှ လှည့်အကြည့် နှစ်ဦးသား အကြည့်ချင်းဆုံသွားပါသည်။ မျက်လွှာတွေမချဘဲ ကြည့်ရင်းက ပြုံးနေလိုက်ကြတာ မြွားနတ်မောင် တောင်မြင်လျှင် ငိုင်သွားနိုင်ပါသည်။

..... ❦ .....

သေချာပါသည်။ ဟောဒီကန်တော်ကြီးပန်းခြံထဲမှာ မောင်မှတ်ဘဲ ကမောက်ကမဖြစ်ရင်းမှ တွေ့ဆုံခဲ့ပြီး သံယောဇဉ်တွယ်ခဲ့သော လင်းခန့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရှုပါဝတ်မှုန်တို့၏ ချစ်ခြင်းမေတ္တာခရီးလမ်းသည်ကား အနာဂတ်မှာ မည်သည့်ကမောက်ကမများမှ မရှိဘူးဆိုတာ သူငယ်ချင်းအသိမိတ်ဆွေတွေကော လင်းခန့်နှင့် ရှုပါဝတ်မှုန်တို့နှစ်ဦးစလုံးက သိနေကြတာက အမှန်ပင် ဖြစ်ပါသည်။

----- ❀ -----

ဘာကြောင့်လဲဆို နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး ကြည့်နေသော အကြည့်တွေမှာ ဖြတ်တောက်၍မရနိုင်သော သံယောဇဉ်ကြိုးမျှင်တွေက သူတို့နှစ်ဦးသားအား တစ်ဘဝစာအတွက် ရစ်ပတ်နှောင်ဖွဲ့ထားခဲ့ပြီးပြီ ဖြစ်ပါသည်။

----- ❀ -----

အချစ်ဆိုသည်မှာ တိုတောင်းသောအချိန်ကာလမှာ တွေ့မြင်ခဲ့ပေမဲ့ ဖျတ်ခနဲဆိုသလိုထာဝရချစ်သွားတာက ထူးဆန်းတယ်လို့ မည်သူပြောနိုင်ပါ့မလဲလို့။

ပဒွမ်ဒီရိုင်း

www.burmeseclassic.com